# *သားရဲလေ့ကျင့်သူ*

## *စာစဉ် ၄ (အပိုင်း ၄၉-၆၄အထိ)*

*ဘာသာပြန်သူ – BlackPearl Translation*

# စာစဉ် ၄

## *အပိုင်း ၄၉ ဒဂ်ီးကြောင်*

“မစ္စတာကောင်း၊ မင်းဒီနေ့အားလား?” ကောင်းဖန် ကျောင်းမှပြန်ထွက်လာချိန်တွင် လျိုစန်းလင်ထံမှ ဖုန်းလက်ခံရရှိခဲ့သည်။

“ဘာကိစ္စများရှိလို့လဲ?” ကောင်းဖန် ရပ်ကာပြန်မေးလိုက်သည်။

“မင်းကို ညစာဖိတ်ကျွေးချင်လို့ပါ။ တခြားငါ့သူငယ်ချင်းနည်းနည်းပါးပါးလဲ လာကြမှာ။ မင်းလဲ ငါတို့နဲ့အတူပါဝင်ပြီး သူတို့ကိုမိတ်ဆက်ခွင့်ပြုပေးဖို့ မျှော်လင့်တယ်။” လျိုစန်းလင်၏စကားအဆုံးတွင် မြှောက်ပင့်လိုဟန်ပါသောအရိပ်အမြွက်အနည်းငယ်ပါ ကြားလိုက်နိုင်သည်။

သို့ပေမည့် ဒါက အပြစ်တင်လို့ခက်လှသည်။ ဘာပဲဖြစ်ဖြစ် သူ့ကုမ္ပဏီရှင်သန်ရေးက ကောင်းဖန်လက်ထဲမှရှိနေတာမဟုတ်လား။

ကောင်းဖန် ခဏလောက်တွေးကြည့်လိုက်သည်။ ရေခဲသေတ္တာထဲမှာ စားစရာနည်းနည်းပါးပါးကျန်နေသေးတာကြောင့် အိမ်မှာ ဒမ်ဘီဗိုက်ဆာနေမှာကို စိတ်ပူစရာမလိုပေ။

# စာစဉ် ၄

"ကောင်းပြီလေ၊ ကျွန်တော် ဒီနေ့အားတယ်၊ လာခဲ့..." ကောင်းဖန်စကားမဆုံးသေးခင်တွင်ပဲ အနက်ရောင်ဆလွန်းကားတစ်စီးက သူတို့ကျောင်းတံခါးကိုကျော်ကြား သူ့ရှေ့သို့ ဖြည်းဖြည်းချင်းမောင်းလာခဲ့သည်။

ကားမှန်ပြတင်းကို ချလိုက်သည်နှင့် အထဲတွင်ထိုင်နေသည့် လျိုစန်းလင်က ပြုံးပြလာသည်။

"ခင်ဗျားကို ဒုက္ခများစေပြီ။" ကောင်းဖန် ကားအနောက်ဘက်ထဲသို့ တာ့ဇီကိုထည့်လိုက်ပြီး ရှေ့ခုံတွင်ဝင်ထိုင်လိုက်သည်။ ကားနောက်ခုံတွင် ၁၇-၁၈အရွယ် မိန်းကလေးတစ်ယောက်လဲ ရှိနေသည်ကို သူသတိထားမိလိုက်သည်။ သူက သေသေသပ်သပ်ဝတ်စားထားကာ ပုခုံးကျော်ကျော်ဆံပင်လေးနှင့်ပင်။

"ဒုက္ခမများပါဘူး။ လမ်းသင့်နေတာပဲကို။" လျိုစန်းလင်က ရယ်ရင်းပြန်ပြောလိုက်သည်။ "တိုက်တိုက်ဆိုင်ဆိုင်ပဲ ငါ့သမီးကလဲ မင်းတို့ကျောင်းမှာပဲ တက်နေတာလေ။ ဒီနေ့တော့ သူ့ကိုလာကြိုလိုက်တာ။"

# စာစဉ် ၄

"ဒါက ဒီနှစ်အတွင်း သမီးကျောင်းကို အဖေလာတဲ့ ဒုတိယမြောက်အကြိမ်ပဲ၊ ပထမအကြိမ်ကတော့ ကျောင်းစတက်တဲ့နေတုန်းက။" ကားနောက်ခုံမှ လျှိုကျောက်ယွီက တိုးတိုးတိတ်တိတ်ညည်းညူလိုက်သည်။

လျှိုစန်းလင်သည်တော့ နှုတ်ဆိတ်လို့နေသည်။

မောင်~ ထိုအချိန်တွင်ပဲ အနောက်ဘက်မှ ကြောင်တစ်ကောင်အော်သံထွက်ပေါ်လာခဲ့သည်။

ထိုကြောင်၏အော်သံက အနည်းငယ်မှုမမှန်ပေ။ ပုံမှန်အော်နေကျ 'မြောင်' အစား 'မောင်' လို့အသံထွက်နေသည်။

လျှိုကျောက်ယွီက သူမပေါင်ပေါ်မှာထိုင်နေသည့် အဖြူရောင်မြီးရှည်ကြောင်၏ မေးစေ့ကို ညင်ညင်သာသာပွတ်ပေးလိုက်သည်။ ကြောင်၏မျက်လုံးများက ပျော်ရွှင်စွာ ကွေးညွတ်လို့သွားကာ သူ့ပိုင်ရှင်၏ပေါင်ပေါ်တွင် ပျင်းရိစွာလဲလျောင်းနေခဲ့သည်။ သူက ရှေ့ခန်းမှာထိုင်နေသည့် ကောင်းဖန်ကိုလဲ စပ်စပ်စုစုကြည့်နေသေးသည်။

## စာစဉ် ၄

ထိုလူက သူမနှင့်တစ်ကျောင်းတည်း အသက်ကလဲ ရွယ်တူဖြစ်ပုံရပေမည့် သူမအဖေကို ကိုယ်တိုင်ကားမောင်းကာ ကျောင်းအထိလာကြိုအောင် လုပ်နိုင်နေသည်။

ကောင်းဖန် သူထိုင်ခုံကို မှီပြီး စတင်ကာ ခေါင်းညိတ်နှုတ်ဆက်ပြလိုက်ပေမည့် ရုတ်တရက်ဆိုသလို ယာဉ်မောင်းထိုင်ခုံမှ လျိုစန်းလင်က စကားထပြောလာသည်။ "မစ္စတာကောင်း၊ မင်းအချိန်ရရင် ကျောက်ယွီကိုကူပြီး သူ့ကိုယ်ပိုင်သားရဲကို ကြည့်ပေးလို့ရမလား?"

လျိုကျောက်ယွီ အံ့သြသွားရသည်။ ဘယ်လိုလုပ် သူမက ရုတ်တရက်ကြီး ဒီကိစ္စထဲ ပါသွားတာလဲ?

"ဒီစနေနဲ့တနင်္ဂနွေ ကျွန်တော်စတူဒီယိုမှာရှိမယ်။ ပိတ်ရက်ကျရင် သူကျွန်တော့်ကို စတူဒီယိုမှာ လာရှာလို့ရပါတယ်။"

"အမ်၊" ထို့နောက် လျိုစန်းလင် ပြန်လည်တိတ်ဆိတ်သွားကာ ကားကိုသာ အာရုံစိုက်မောင်းနေတာကြောင့် ကားအတွင်းမှလေထုမှာ တိတ်ဆိတ်လို့သွားတော့သည်။

# စာစဉ် ၄

ခဏအကြာတွင်တော့ ဆလွန်းကားက ရပ်ကွက်တစ်ခု၏ဝင်ပေါက်တွင် ရပ်သွားကာ လျှိစန်းလင်က နောက်သို့လှည့်ပြီး လျှိကျောက်ယွီကို ပြောလိုက်သည်။ “သွား၊ အိမ်အရင်ပြန်နဲ့၊ ဟုတ်ပြီလား? အဖေ မစ္စတာကောင်းနဲ့ လုပ်စရာရှိသေးတယ်။”

ကားပြတင်းပေါက်မှတဆင့် ကောင်းဖန် လျှိကျောက်ယွီလက်ပွေ့ထားသည့် ကိုယ်ပိုင်သားရဲကို ကြည့်လိုက်သည်။ ၎င်း၏ ကြီးမားကာ အမြီးရှည်သည့် အဖြူရောင်ကြောင်တစ်ကောင်ဖြစ်ပြီး တစ်ပေခွဲခန့်ရှည်လျားသည်။ ၎င်း၏မျက်လုံးများက ယခင်အတိုင်းမှေးဆင်းနေပေမည့် အစိမ်းရောင်ပယင်းကျောက်လေးလို ကြည်လင်လှသည်။

[မကောင်းဆိုးဝါး အမည်] : ဒဂ်ါးကြောင်

[မကောင်းဆိုးဝါး အဆင့်] : ၁၂

[မကောင်းဆိုးဝါး အဆင့်အတန်း] : သာမာန်

[မကောင်းဆိုးဝါး၏ စွမ်းရည်] : သစ်သား

[မကောင်းဆိုးဝါး၏ အားနည်းချက်များ] : ရေ

# စာစဉ် ၄

[အထူးအဆင့်သို့ မြှင့်တင်ရန် လိုအပ်ချက်များ] : .....

ကြောင်သားရဲ၊ ဒါမျိုးက ရှားရှားပါးပါးမြင်ရတာပဲ။

ကပ်ဘေးကြီးပြီးနောက် ကြောင်မျိုးစိတ်များစွာသည် သန္ဓေပြောင်းသွားကြပေမည့် အများစုကတော့ ထိန်းမရသိမ်းမရဖြစ်ကုန်ကြသည်။

ကြောင်များကို ရှူးနေတဲ့တိရိစ္ဆာန်တွေလို့တောင် သိကြကာ သူတို့စိတ်ထဲ ဘာတွေတွေးနေလဲကို သိရှိဖို့မဖြစ်နိုင်ပေ။ အထူးသဖြင့် သူတို့သန္ဓေပြောင်းပြီးနောက် အသိဉာဏ်ပိုတိုးလာချိန်တွင် သူတို့က ပိုလို့တောင် ရှူးသွပ်လာကြတော့သည်။

ကပ်ဘေးကြီးပြီးနောက် ကြောင်သားရဲများစွာက လူသားများနေထိုင်ရာမြို့များမှ ထွက်ပြေးကုန်ကြတာကြောင့် ကြောင်သားရဲသည် မြင်ရရှားကုန်ခဲ့သည်။

ဆလွန်းကားလေးက ရပ်ကွက်မှထွက်လာပြီးနောက် မြို့စွန်ဘက်သို့ ဦးတည်လာခဲ့သည်။

“ခင်ဗျားရဲ့သူငယ်ချင်းတွေက ဘယ်သူများလဲ?” ကောင်းဖန် သိချင်စွာမေးကြည့်လိုက်သည်။

## စာစဉ် ၄

“ရောက်တော့ သိမှာပေါ့၊ မစ္စတာကောင်းရယ်။” လျိုစန်းလင်က ပြုံးကာခေါင်းညိတ်ပြပြီး အဖြေကိုတော့မပြောပေ။

နောက်ဆုံးမှာတော့ ရှေးခေတ်ပုံစံတရုတ်ရိုးရာအိမ်တော်တစ်ခုရှေ့တွင် ကားရပ်လိုက်ကြသည်။

ထို့နောက် ကားပေါ်မှဆင်းကာ အိမ်တော်ထဲသို့ဝင်ခဲ့သည်။ နောက်တော့မှ ဒီနေရာက တောင်တန်းဗီလာတစ်ခုကနေ အဆင့်မြင့်စားသောက်ဆိုင်အဖြစ်ပြောင်းလဲထားသည့်နေရာဖြစ်ကြောင်း ကောင်းဖန်သိရှိသွားသည်။ ဤနေရာတွင် ရှုခင်းဥယျာဉ်လေးတစ်ခုပါထည့်သွင်းကာ ပြန်လည်ပြင်ဆင်ထားကြသည်။ နောက်ပြီး ကျန်းနန်အငွေ့အသက်များခံစားရစေသည့် လူကူးတံတားနှင့် စီးဆင်းနေသည့်ရေများလဲရှိသည်။

ဤနေရာသည် တောင်နှင့်မြောက် ဂန္ဓဝင်တရုတ်ဥယျာဉ်ဒီဇိုင်းနှစ်ခုလုံး ပါဝင်နေတာကြောင့် ကျွမ်းကျင်ဒီဇိုင်းနာတစ်ဦး၏လက်ရာသာ ဖြစ်လောက်မည်။

# စာစဉ် ၄

ခြံဝန်းကိုဖြတ်ပြီးနောက် ပထမတန်းစားသောက်ဝိုင်းထဲသို့ဝင်လိုက်ကြသည်။ ထိုနေရာတွင် အမျိုးသား၊ အမျိုးသမီး စုစုပေါင်း လူ၁၂ယောက်လောက်ရောက်နှင့်နေပြီဖြစ်သည်။ ကောင်းဖန်ကို မြင်လိုက်သည်နှင့် သူတို့အားလုံးက သူ့ကိုအရွယ်အစားတိုင်းတာနေသလားဟု ထင်မှတ်ရအောင် ကြည့်နေကြသည်။ သူ့ကိုအထင်သေးသလိုပုံမပြသော်လည်း စေ့စေ့စပ်စပ်လေ့လာနေကြစဲပင်။

ကောင်းဖန် သူ့မျက်ခုံးများကို တွန့်ချိုးလိုက်မိသည်။ ဒီလိုမျိုး စိုက်ကြည့်ခံနေရတာက သူ့အတွက် နေရတာ အလွန်သက်သောင့်သက်သာမရှိပေ။ လျိုစန်းလင်ကြောင့်သာမဟုတ်လျှင် ချက်ချင်းပင် လှည့်ထွက်သွားပြီးလောက်ပြီ။

ကောင်းဖန် ဘာမှမမေးရသေးခင်တွင်ပဲ လျိုစန်းလင်က စိတ်ပါလက်ပါကို မိတ်ဆက်ပေးလာသည်။ “ဒါက ပိုးစုန်းကြူးအမဲလိုက်သူအဖွဲ့က ခေါင်းဆောင်စုန့်ရှီ၊ ဒါကတော့ ကြယ်ကောင်းကင်အမဲလိုက်သူအဖွဲ့က ခေါင်းဆောင်ကျန်းကူ၊.....”

# စာစဉ် ၄

အသက်တစ်ရှိက်အတွင်းမှာပဲ ထိုင်နေကြသည့်လူအားလုံးကို ကောင်းဖန်နှင့်မိတ်ဆက်ပေးခဲ့သည်။

အမဲလိုက်သူအဖွဲ့သည် သားရဲအမဲလိုက်သူမဟာမိတ်အဖွဲ့အစည်းကို အတိုကောက်ခေါ်ဆိုခြင်း ဖြစ်သည်။

ကောင်းဖန်မျက်လုံးတွေကို ကျဉ်းမြောင်းလိုက်သည်၊ လျိုစန်းလင်က သူ့သူငယ်ချင်းတွေနဲ့တွေ့ဖို့ပြောတုန်းက သူရဲ့နေ့စဉ်ဘဝမှ လျိုစန်းလင်၏ရင်းနှီးသောသူငယ်ချင်းတွေနဲ့ တွေ့ဆုံရမယ်လို့သာရိုးရိုးထင်ခဲ့သည်။ ဒါပေမယ့် အခုတော့ ထိုင်ခုံမှာထိုင်နေတဲ့သူတွေအားလုံးက သားရဲအမဲလိုက်အဖွဲ့များမှ ကိုယ်စားလှယ်များဖြစ်နေသည်၊ ဒါက သေချာပေါက်တိုက်ဆိုင်မှုမဖြစ်နိုင်ပေ။

အကယ်၍ သူတို့က သူတို့ရဲ့ကိုယ်ပိုင်သားရဲတစ်ချို့ကိုမြှင့်ဖို့ သူ့ကိုလိုချင်တယ်ဆိုရင် ကောင်းဖန်သူတို့ကိုသေချာပေါက်မငြင်းပါဘူး၊ ထို့အပြင် သူတို့ထဲကဘယ်သူဘဲဖြစ်ဖြစ် သူနဲ့အတူအလုပ်လုပ်ဖို့ရွေးချယ်သည်ဖြစ်စေ, ဒါကစီးပွားရေးပိုလုပ်ဖို့ကိုဆိုလိုသည်။

## စာစဉ် ၄

အကယ်၍ သူတို့ကလျှိုစန်းလင်းကိုဖြတ်ပြီး သူ့ရဲ့ဝန်ဆောင်မှုကိုလိုချင်ရင်တော့ ဒါက ဝိနည်းနဲ့မညီတော့ဘူး၊ လျှိုစန်းလင်းက ကောင်းဖန်နဲ့ကောင်းမွန်တဲ့အဆက်အသွယ်ရှိတာကြောင့် ထိုလူတွေထံမှတချို့သောအကျိုးအမြတ်များကိုရနိုင်ပြီး ထိုအတွေးက ကောင်းဖန်ကိုမပျော်မရွှင်ဖြစ်စေသည်၊

ကောင်းဖန်က စီးပွားရေးနဲ့ တခြားရှုပ်ထွေးတဲ့ကိစ္စတွေမှာ သူ့ရဲ့တခြားသူတွေနဲ့ခင်မင်မှု မှာပါဝင်တာကိုမကြိုက်ဘူး၊

သူကတကယ်တော့ ထိုအမှုအရာတွေနဲ့ပတ်သတ်ပြီးအပိုင်ကြံချင်ရင် သူနဲ့လျှိုစန်းလင်း ရဲ့ဆက်ဆံရေးက အလုပ်ပါတနာသက်သက်သာဖြစ်သင့်သည်၊ ထိုဆက်ဆံရေးတွင် အခြားနည်းလမ်းများနှင့်ဆိုရင် လျှိုစန်းလင်းကသူ့ကိုအကြွေးတင်နေသည်၊ အုပ်ချုပ်သူအဆင့်သားရဲ့အများအပြားကို လျှိုစန်းလင်းအတွက်သူမြှင့်တင်ပေးခဲ့ခြင်းသည် သေချာပေါက်သူရရှိသောလစာထက်များစွာပိုတန်သည်၊

## စာစဉ် ၄

ကောင်းဖန်က ရိုးရိုးတန်းတန်းခေါင်းညိတ်ပြကာ လျှိုစန်းလင်းကိုတုံ့ပြန်လိုက်ပြီး သူ့မျက်နှာကအေးဆေးတည်ငြိမ်သောအမူအရာဖြင့်ထိုင်လိုက်သည်၊

အိမ်ရှေ့ရှိဟင်းလင်းပြင်အလယ်တွင်  သေးငယ်သောရေပန်းရှိသည်၊ ၎င်း၏ပတ်ပတ် လည်တွင် လက်စွပ်ပုံစံရှိသည့်ကျောက်စားပွဲရှိပြီး၊ ထိုလက်စွပ်ပုံစံစားပွဲဝိုင်းသည် အနုစိတ်သောစက်ယန္တရားတချို့ပါရှိကာ ထိုအရာကစားပွဲကိုလှည့်ရန်အတွက်ထောက်ပံ့ပေးသည်။

စားပွဲထိုးက ရှေ့သို့ထွက်လာပြီး အမျိုးမျိုးသောစားကောင်းသောက်ဖွယ်များကို ကျောက်စားပွဲပေါ်တွင်နေရာချလိုက်သည်၊ ဟင်းပွဲအားလုံးသည် အရောင်အဆင်း,အနံ့ နှင့်အရသာတို့ပြည့်စုံနေသည်၊ သူတို့ကအလွန်ကိုစားချင်စဖွယ်ရှိသည်၊

သူတို့စားသောက်နေစဉ်, ကောင်းဖန်ကို သားရဲပျိုးထောင်ခြင်းအကြောင်းမကြာခဏမေးခံရသည်။ သူတို့ရဲ့အသံအနေအထားအရ ကောင်းဖန်သည်သူ့ကိုစမ်းသပ်နေတာ, ဒါမှမဟုတ်သူတို့တွေးထားတဲ့

# စာစဉ် ၄

သူ့၏စွမ်းရည်အကြောင်းတွေကိုစောင်းပါးရိပ်ခြည်ပြော နေသည်ကို သူပြောနိုင်သည်။

ခေါင်းဆောင်တစ်ဦးဆိုလျှင် သူ၏စကားပြောဆိုဟန်ဌာတကယ့်ကိုရန်မူနေခဲ့သည်၊ “လေ့ကျင့်မှုနည်းလမ်းက မှန်ကန်တယ်လို့ မင်းဘာလို့ဒီလောက်သေချာနေရတာလဲ? ငါအရင်က မစ္စတာကျန်းနဲ့တိုင်ပင်ခဲ့ဖူးတယ်, မစ္စတာကျန်းကအတွေ့အကြုံရှိတဲ့ အလယ်အလတ်အဆင့်သားရဲပျိုးထောင်သူတစ်ယောက်ဘဲ၊ ငါ့ရဲ့ကိုယ်ပိုင်သားရဲက ရွှေဖရုံသီးနဲ့ဒူးရင်းသီးကိုစားလို့မရဘူးလို့ပြောတယ်၊” ဒါကကောင်းဖန်ရရှိလိုက်တဲ့ ဥပမာမေးခွန်းဘဲဖြစ်သည်၊

ကောင်းဖန်က သူကိုယ်သူထိန်းလိုက်ကာ ထိုမေးခွန်းတွေအားလုံးကိုယဉ်ကျေးစွာနဲ့ ဖြေပေးလိုက်တယ်၊ ထိုအချိန်အခြားအကြောင်းအရာတစ်ခုခုကိုပြောလိုက်တော့ သူကထိုအခွင့်အရေးကိုယူလိုက်ပြီး တခြားခေါင်းစဉ်တစ်ခုကိုပြောင်းဖို့ ကြိုးစားလိုက် တယ်။

# စာစဉ် ၄

သူက

အင်အားကြီးမားတဲ့ဝတ္ထုဇာတ်ကောင်တွေလိုမျိုးပြုလုပ်မနေခဲ့ပါ။ သူကစားပွဲမှာ ထိုင်နေစဉ်အတွင်းသူစိတ်ပျော်မနေချိန်တွင် ဒေါသကပျံထွက်သွားလိုက် စားပွဲကိုတတောက်တောက်လုပ်လိုက်နှင့်နေသည်။ ထိုသို့လုပ်ရတာက စိတ်အဆင်ပြေသွားတာ သေချာပေမယ့် တစ်ခဏလောက်သာပင်၊ ထိုအပြုအမူအတွက်လည်းသေချာပေါက် တော်တော် ဂရုစိုက်တာလည်းရှိသည်။

တကယ့်ကမ္ဘာတွင်, မင်းကိုနှစ်သုံးဆယ်သန်မာဖို့ဆိုတာ ဘယ်သူမှမပေးနိုင်ဘူး၊ သူတို့က သာမန်စွမ်းရည်တစ်ခုဆိုလျှင်တိုးတက်နေစဉ်အတွင်းအနှောက်အယှက်ေ ေး ပြီးအညွန့်ချိုးလိမ့်မည်။

ကောင်းဖန်က ထိုလူတွေကို သူ့မှာပြောစရာစကားမရှိတော့ဘူးဆိုပြီး ပြောလိုက်နိုင်ဖို့ ဆုတောင်းမိတယ်။ ဒါပေမယ့်သူတို့ကို ဒီလိုလုပ်နိုင်စွမ်းမရှိဘူး။ အခုတော့ သူက သူတို့ရဲ့စည်းမျဉ်းတွေအတိုင်းလိုက်နာပြီး ကစားပေးဖို့ဘဲရှိတယ်။

စာစဉ် ၄

စားသောက်ပြီးနောက် ကောင်းဖန်ကသက်ပြင်းချလိုက်ပြီးပြောလိုက်သည် “ ကျွန်တော်အားနာပါတယ်, ကျွန်တော်ကဒီနယ်ပယ်မှာအသစ်ဖြစ်ပြီး ကျွန်တော့်စွမ်းရည်တွေက သာမညောင်ညအဆင့်လောက်ပါဘဲ။ ပြီးတော့, ဒီမှာရှိတဲ့ခင်ဗျားတို့အားလုံးက သားရဲအမဲလိုက်အဖွဲ့တွေထဲမှာ ထိပ်တန်းအဖွဲ့တွေရဲ့ကိုယ်စားလှယ်တွေပါ, ဒီလိုအရေးကြီးတဲ့နေရာက ကျွန်တော်လိုအထက်တန်းကျောင်းသားအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေပါတယ်၊ ကျွန်တော် မတော်တစ်ဆတစ်ခုဖြစ်ခဲ့ရင်တောင် ဘယ်လိုတုံ့ပြန်ရမလဲမသိပါဘူး၊” ဒါနဲ့ဘဲ ကောင်းဖန်,လျှိုစန်းလင်းကအိမ်ကိုကားနဲ့ပြန်လိုက်ပို့မှုကို ငြင်းပယ်ကာ ကျေးဇူးတင်လိုက်ပြီး, တက္ကစီခေါ်ပြီးအိမ်သို့သာဦးတည်လိုက်သည်။

“ဒီကလေးက သူ့အတွက်ဘာကောင်းလဲဆိုတာမသိဘူး,ဟင်း,” ကြယ်ကောင်းကင် အမဲလိုက်အဖွဲ့ခေါင်းဆောင်ကျန့်ကုကအေးစက်စွာနဲ့ပြောလိုက်သည်၊ သူကအနည်း ငယ်စိတ်ပျက်နေသည်၊ သူ့မျက်လုံးထဲမှာ,ကောင်းဖန်ကသူ့ရဲ့ကိုယ်ပိုင်သားရဲကို

## စာစဉ် ၄

ပျိုးထောင်ရခြင်းအဖို့ဂုဏ်ယူသင့်သည်၊ ထို့အပြင် သူက, ချန်အန်းမှာနာမည်ကြီးသည်၊ သူနဲ့အတူအလုပ်လုပ်လျှင် ကောင်းဖန်ကအလွယ်တကူအကျိုးကျေးဇူးများရနိုင်ပြီး ကောင်းမွန်တဲ့ပုံစံလည်းရရှိနိုင်သည်၊

ခေါင်းဆောင်အားလုံးက သူတို့နယ်ပယ်များတွင် များစွာသောအတွေ့အကြုံများစွာရှိသည်၊ ကောင်းဖန်ကစိတ်မပျော်ဖြစ်နေပြီး စိတ်ဝင်စားမှုမရှိကြောင်းသူတို့အလွယ်တကူပြောနိုင်သည်၊

သူတို့မျက်လုံးထဲတွင်, ထိုကလေးက ခေါင်းမာနေခြင်းဖြစ်သည်။

“မေ့လိုက်ပါ, သူက ကလေးတစ်ယောက်ဘဲကို၊ ခေါင်းဆောင်ကျန့်, မင်းဒီကလေးကို ဆန့်ကျင်မှာတော့မဟုတ်ဘူးမလား?” စုန့်ရှီကနူးညံ့စွာနဲ့ပြုံးပြလိုက်သည်၊ သူမရဲ့နှလုံး ထဲမှာကောင်းဖန်ရဲ့ကလေးဆန်မှုကို ဗွေမယူခဲ့ပါဘူး။

“ဟမ်, သေချာတာပေါ့ ငါက ကလေးတစ်ယောက်နဲ့တော့ လိုက်ပြီးတွက်ကပ်မနေပါဘူး။” ကျန့်ကုကတူနဲ့အမဲသားတုံးကိုယူလိုက်ပြီးပြောလိုက်သည်။

## စာစဉ် ၄

“ဟုတ်ပြီ,ဟုတ်ပြီ, ဒါဆိုဆက်စားကြတာပေါ့၊ ဒါကဘာမှမဟုတ်ပါဘူး, ကိစ္စအသေး လေးပါ၊ မန်နေဂျာလျိုက ငါတို့ကိုဒီနေရာကိုဖိတ်ထားတာဘဲကို” ခေါင်းဆောင်တစ်ယောက်က အလျင်အမြန်ပြောလိုက်သည်။

သေးငယ်တဲ့ကိစ္စတစ်ခုကြောင့်စားသောက်မှုက ဒီလိုဘဲအဆုံးသတ်သွားတော့သည်၊

အမဲလိုက်အဖွဲ့ခေါင်းဆောင်များက ထိုကိစ္စကိုသိပ်ပြီးတွေးမနေပါဘူး၊ ထို့နောက် ကောင်းဖန်ကသူတို့ကိုမကောင်းတဲ့စွဲချက်တွေနဲ့ချန်ခဲ့ပေမယ့် သူ့ကို ဘယ်သူကမှ ထွက်သွားလို့မရအောင် နှောက်ယှက်တာမျိုး မလုပ်ခဲ့ကြပေ။ နောက်ဆုံးတော့ ဒီနေရာမှာရှိတဲ့လူတွေက အရွယ်ရောက်သူတွေဖြစ်ပြီး, သူတို့မှာကိုယ်ပိုင်အလုပ်ကိုယ်စီ ရှိတဲ့သူတွေကြည့်ပါဘဲ။

အကုန်လုံးထွက်သွားပြီးနောက်, လျိုစန်းလင်းကသက်ပြင်းချလိုက်သည်၊ ဒီတစ်ကြိမ်တော့ သူကနှစ်ဖက်စလုံးကို

## စာစဉ် ၄

ကောင်းမွန်တဲ့ဆက်ဆံရေးကိုလုပ်နိုင်ဖို့ပျက်ကွက်ခဲ့ပြီး အဲ့ဒီအစားနှစ်ဖက်လုံးကိုလည်းစိတ်ကွက်စေမိသည်။

***

စာစဉ် ၄

## *အပိုင်း ၅၀ ခွေးဘုရင်အရည်အချင်းပြပြိုင်ပွဲ*

လျှို့စန်းလင် ဘေးကျပ်နံကျပ်ဖြစ်နေပုံကြောင့် စားပွဲသို့လာရောက်ကြသည့်လူများက သူ့ကိုနှစ်သိမ့်ပေးကြသည်။

ထို့နောက် လူအုပ်ကြီးက စကားဝိုင်းဖွဲ့ရင်း ပြန်ထိုင်လိုက်ကြသည်။ တကယ်တော့၊ "သန်မာတဲ့အမဲလိုက်သူများ"ဆိုတာ တခြားလူများ၏မျက်လုံးထဲတွင်တော့ ခက်ထန်ကာအေးစက်ကြသော်လည်း သူတို့သည်လဲ သာမာန်လူများလို ခံစားချက်ရှိကြသူများသာဖြစ်သည်။ ခြားနားချက်ကတော့ သူတို့သည် အချို့သော "ကြီးမားသည့် စိန်ခေါ်မှုများ"ကို စားရင်းသောက်ရင်း စကားပြောရင်းဖြင့် ဖြေရှင်းတတ်ကြရုံသာဖြစ်သည်။

တွေ့ဆုံပွဲအဆုံးသတ်ခါနီးတွင်တော့ အချို့လူများက လုပ်စရာရှိသေးတာကြောင့် စောစောပြန်သွားကြသည်။

အချို့အမျိုးသမီးအမဲလိုက်သူများကတော့ ဗီလာမှထွက်ရင်းတစ်ခုခု ဆက်ဆွေးနွေးရန်အတူရှိနေကြသည်။

## စာစဉ် ၄

အဆုံးမှာတော့ လျှိုစန်းလင်နှင့် ကြယ်ကောင်းကင်အမဲလိုက်သူအဖွဲ့ခေါင်းဆောင် ကျန်းကူတို့သာ ကျန်ခဲ့တော့သည်။

စားသောက်နေစဉ်အတွင်း ထင်မြင်ချက်များစွာကို ချပြခဲ့သူလဲဖြစ်သည်။

"သူက ကလေးတစ်ယောက်ပဲကို၊ ဘာတွေစိတ်ရှုပ်ခံနေတာလဲ?" ကျန်းကူနားမလည်နိုင်ပေ။ သူက လျှိုစန်းလင်အပေါ် အကြွေးတင်ခဲ့တာကြောင့် ယခုတစ်ခေါက် လျှိုစန်းလင်အား ကျေးဇူးပြန်ဆပ်ခဲ့ခြင်းဖြစ်သည်။ လျှိုစန်းလင်က ကောင်းဖန်အတွက် ပိုကောင်းစေရန်ဆိုကာ သူ့ကို ကောင်းဖန်အားအနည်းငယ်အကန်ပြောစေခဲ့ခြင်းဖြစ်သည်။

လျှိုစန်းလင် ပြုံးရုံပြုံးလိုက်ကာ၊ "ကဲပါ၊ နောက်တစ်ခေါက်ဆိုရင်တော့ ငါတို့ညစာအတူစားရင်း သူနဲ့လဲစကားကောင်းကောင်းပြောကြတာပေါ့။ မင်းလဲ သူ့ကို မင်းသားရဲတွေကို ကြည့်ပေးဖို့ ပြောလို့ရတယ်။"

## စာစဉ် ၄

ကျန်းကူမျက်မှောင်ကြုတ်လိုက်ကာ နောက်သို့ဆုတ်လိုက်ပြီး အေးစက်စက်လေသံဖြင့်၊ "တော်ပါပြီ၊ စိတ်ရှုပ်ခံမနေနဲ့။ ငါက မင်းမျက်နှာထောက်ပြီး ပြောလိုက်ရုံပဲ။ စိတ်မပူပါနဲ့၊ ဒီနေ့ကိစ္စ ဘယ်သူ့ကိုမှပြောမှာမဟုတ်ဘူး။ မင်း ငါ့ကို တစ်ကြိမ်ကူညီထားလို့ ပြန်လုပ်ပေးရုံပဲ။ အခု ငါတို့ ကျေသွားပြီ။ ဘိုင့်။"

ပြောပြီးသည်နှင့် ကျန်းကူချက်ချင်းပင် လှည့်ထွက်သွားသည်။ ဒီလိုမြေခွေးအိုကြီးမျိုးနဲ့ သူစကားဆက်မပြောချင်ပေ။

လျှိုစန်းလင်အကြံအတိုင်း သူလိုက်မလုပ်ပေးချင်ခဲ့ပေ။ လျှိုစန်းလင်လိုလူမျိုးနှင့် ဆက်ဆံရသည်က ပင်ပန်းစရာကောင်းလှသည်။ ကျန်းကူထွက်သွားသည်ကို ကြည့်ပြီး လျှိုစန်းလင်ပြုံးလိုက်သည်။

ကုန်ကျစားရိတ်ကို ပေးချေပြီးနောက် သူလဲ ဥယျာဉ်ကလပ်မှထွက်လာခဲ့သည်။

ကားထဲဝင်ပြီးသည်နှင့် သူ့ဖုန်းကိုထုတ်ကာ ကောင်းဖန်ထံသို့ ဆက်လိုက်သည်။

ထိုအချိန်တွင် ကောင်းဖန်မှာ အိမ်ရောက်ရုံရှိသေးသည်။ တာ့ဇီကလဲ အိမ်ပြန်ရောက်၍ စိတ်လှုပ်ရှားနေပြီး အိမ်အနှံ့တွားသွားနေကာ

# စာစဉ် ၄

တစ်ခါတစ်လေ သူ့ဦးမျှင်အစုံကို ဘယ်ညာယိမ်းခါနေပြီး အရာရာတိုင်းကို ဆန်းသစ်သလို လိုက်ကြည့်နေသည်။

တစ်ချိန်တည်းတွင်ပဲ ဖုန်းကမြည်လာခဲ့သည်။ ကောင်းဖန် ဖုန်းကို ထုတ်လိုက်သည်နှင့် ဖုန်းစခရင်ပေါ်၌ လျှိုစန်းလင်၏နာမည်ပေါ်လာခဲ့သည်။

ကောင်းဖန် ဖုန်းမဖြေချင်တာကြောင့် မကြားသလိုဟန်ဆောင်လိုက်သည်။

သို့သော်လည်း ခဏလောက်တွေးပြီးနောက် ဖုန်းမကိုင်ပါက သူကလေးဆန်ရာကျသွားမည်ဟု ခံစားရတာကြောင့် နောက်ဆုံးမှာတော့ ဖုန်းပြန်ဖြေလိုက်တော့သည်။

ဖုန်းကိုင်လိုက်သည်နှင့် တစ်ဖက်မှ လျှိုစန်းလင်က တောင်းပန်လာခဲ့သည်။ “ငါ စိတ်မကောင်းပါဘူး။ မစ္စတာကောင်း၊ ဒီနေ့ဖြစ်သွားတာတွေအားလုံးက ငါ့ကြောင့်ပါ၊ ငါအစကတည်းက သူတို့ဘယ်သူဆိုတာ ကြိုပြောခဲ့သင့်တာ။ သူတို့ ဒီနေ့မှ ရိုင်းရိုင်းစိုင်းစိုင်း လုပ်လိမ့်မယ်လို့ ငါမထင်လိုက်ဘူး။”

# စာစဉ် ၄

"စိတ်မပူပါနဲ့၊ ကျွန်တော် ဒေါသမထွက်ပါဘူး။" ကောင်းဖန် မထူးခြားသလိုသာပြန်ဖြေလိုက်သည်။

"ငါ့ကိုယုံလိုက်ပါ မစ္စတာကောင်း၊ သူတို့ မင်းကို စော်ကားရဲတယ်ဆိုတာ ငါ့ကိုစော်ကြားလိုက်တာပဲ။ အခုကစပြီး ငါ...."

"ဒူ...ဒူ...ဒူ......" ဖုန်းမအားတော့သည့်အသံကသာ လျှို့စန်းလင်နားထဲ တိုးဝင်လာခဲ့သည်။ သူလဲ ဖုန်းကိုချလိုက်ရင်း စိတ်ရှုပ်စွာကြည့်လိုက်ပြီး ကောင်းဖန် ကလေးဆန်လွန်းတယ်လို့ ခံစားမိလိုက်သည်။

သရဲတွေက ကြောက်စရာကောင်းမှန်း လူသားတွေသိကြသလို၊ သရဲတွေကလဲ လူသားတွေ ရက်စက်လွန်းမှန်းသိကြတယ်.... ကောင်းဖန် နက်ရှိုင်းသည့်အကြည့်များဖြင့် ကြည့်လိုက်ပြီး နှုတ်ခမ်းကလဲ ခပ်ဖွဖွကွေးညွတ်လို့သွားသည်။

သူ့ရဲ့အချက်အလက်ပြဇယားထဲတွင် သားရဲများ၏အချက်အလက်များသာမက လူသားများ၏အချက်အလက်များကိုပါ မြင်နိုင်သည်။

## စာစဉ် ၄

လူသားများအချက်အလက်တွေကလဲ ဆင်တူပေမယ့် ဖော်ပြဖို့တော့ မသင့်တော်ဘူး။

တခြားလူများ ကောင်းဖန်ကို ပြစ်တင်နေကြသည့်အချိန်က လျှို့စန်းလင်၏ အချက်အလက်မှာ ကျန်းမာ(လျှို့ဝှက်စွာကျေနပ်)နေကြောင်း သတိပြုမိခဲ့သည်။

ဆန့်ကျင်ဘက်အနေဖြင့် အဆိုးဆုံးမှာတော့ ကျန်းကူ၏အချက်အလက်မှာ ကျန်းမာ(အပြစ်ရှိသလိုခံစားရ)လို့ ပြနေခဲ့သည်။

လျှို့စန်းလင်က ဘာတွေများကျေနပ်နေတာလဲ? ကျန်းကူကရော ဘာအတွက် အပြစ်ရှိသလိုခံစားနေရတာလဲ?

ကောင်းဖန် ခပ်ဖွဖွပြုံးလိုက်သည်။ ရိုးရိုးသားသား ပြောရလျှင် သူလူတွေရဲ့အချက်အလက်ပြဇယားတွေကို မကြည့်ချင်ပေ။

သူများများပိုဖတ်လေ သူသာပိုပင်ပန်းရလေဖြစ်သည်။

ဒါပေမယ့် တစ်ခါတလေတော့ အချက်အလက်ဇယားကိုဖတ်ရသည်မှာ ပျော်စရာကောင်းသည်။ အကြောင်းကတော့ သားရဲများဆိုလျှင်

## စာစဉ် ၄

ရိုးရှင်းသည့်ခံစားချက်များရှိပေမည့် လူသားတွေကသာ မျိုးစုံတဲ့ခံစားချက်များရှိတာကြောင့်ပင်။

သူဖုန်းချလိုက်ပြီးနောက် လက်ဖက်ရည်သောက်စားပွဲပေါ်သို့ တင်ထားလိုက်သည်။

ဒါက "အဖြူ"လည်းလုံးဝမဟုတ်သလို "အမဲ" လည်းလုံးဝမဟုတ်ဘူး၊

ပိုပြီးအသင့်တော်ဆုံးတစ်ခုကတော့ "ခဲရောင်", ပေါင်းစပ်ခြင်းဘဲ။

ကောင်းဖန် သူကိုယ်သူကွေးထားကာ ခေါင်းအုံးကိုပွေ့ထားရင်း, တီဗွီကိုဖွင့်လိုက်သည်၊

ခုညနေစနာရီဖြစ်ပြီး အများစုသောရုပ်သံလိုင်းများသည် ယာယီညွှန့်ပေါင်းအဖွဲ့၏ သတင်းကိုပြသနေခြင်းဖြစ်သည်၊

သတင်းထဲတွင်ယာယီညွှန့်ပေါင်းအဖွဲ့နှင့်သက်ဆိုင်သော ကြီးမားသည့် အဖြစ်အပျက်တစ်ခုဖြစ်ခဲ့သည်၊

" နဂါးစည်းလုံးရေးအဖွဲ့ အပြာရောင်မှော်သားရဲ၏ မျိုးရိုးဗီဇတိုးမြှင့်ခြင်းသွေး ရည်ကြည်က

စာစဉ် ၄

ကြီးမားသောဘေးထွက်ဆိုးကျိုးကိုဖြစ်စေခဲ့ပါတယ်၊ အပြာရောင်မှော်သားရဲဗီဇတိုးမြှင့်ခြင်းသွေးရည်ကြည်ကိုလက်ခံပြီးနောက်များစွာအန္တရာယ်ရှိသည့် သန္ဓေပြောင်းလဲမှုများသည်ဂျပန်နိုင်ငံတွင်ရှာတွေ့ခဲ့ပါတယ်၊ နဂါးစည်းလုံးရေးအဖွဲ့ကကမ္ဘာတစ်ဝန်းမှ အပြာရောင်မှော်သားရဲဗီဇတိုးမြှင့်ခြင်းသွေးရည်ကြည်ကိုပြန်လည် သိမ်းဆည်းမည်ဖြစ်ကြောင်းကြေငြာခဲ့ပါတယ်၊ ခုချိန်တောအတွင်းမှာ, ပစ္စည်းတွေကို ဝယ်ယူထားသူတွေကနဂါးစည်းလုံးရေးလုပ်ငန်းလုပ်ပိုင်ခွင့်ရှိတဲ့အိမ်မှာပြန်လှဲနိုင်ပြီးဝန်ဆောင်ခမပါဝင်ဘဲနဲ့ ငွေပြန်အမ်းမည်ဖြစ်ကြောင်းပြောပါတယ်၊”

“ယခုလက်ရှိနိုင်ငံအများအပြားမှာရှိတဲ့သိပ္ပံပညာရှင်များကထိုမျိုးရိုးဗီဇတိုးမြှင့်ခြင်းကို မထိန်းချုပ်နိုင်ကြောင်းကြေငြာပါတယ်၊ ယာယီညွန့်ပေါင်းအဖွဲ့မှ သတင်းတင်ပြခြင်း ဖြစ်ပါတယ်”

တီဗွီမှန်ပြင်ထဲတွင်, ၁၀မီတာရှည်လျားတဲ့မီးခိုးညိုရောင်ကျောက်စပါးအုံးမြွေက မြေပြင်တွင်လှူးလိမ့်နေပြီးသွေးများပန်းထွက်နေကာ အသစ်အသစ်သောဒဏ်ရာများကလည်းဟိုတစ်စဒီတစ်စပေါ်လာသည်၊

## စာစဉ် ၄

ငင်းကတဖြည်းဖြည်းနှေးသွားပြီး နောက်ဆုံးတော့တိတ်ဆိတ်စွာနှင့်လဲနေတော့သည်၊

ကောင်းဖန်ရဲ့မျက်လုံးထဲမှာ, ငင်းရဲ့အချက်အလက်ဇယားက အလယ်အလတ်ဒဏ်ရာ (သွေးထွက် အခြေအနေဆိုးလာ)ဟူ၍ပြောင်းလဲသွားသည်။

အဆိုပါပုံမှ အခြားသတင်းသို့ပြောင်းလဲသွားတော့သည်၊

"ပထမဆုံးယန်ချန်းမြို့ ခွေးဘုရင်အရည်အချင်းပြပြိုင်ပွဲ ပြိုင်ဆိုင်မှုသည်မနေ့က အောင်မြင်စွာ ပိတ်သိမ်းနိုင်ခဲ့ပါတယ်၊ ထိုပြိုင်ပွဲမှာပါဝင်သူတွေက ယန်ချန်း,ရှန်ချန်းနဲ့ ဖုန်ချန်းကနေလာကြတာဖြစ်ပါတယ်၊ နှစ်ဆယ့်တစ်နှစ်အရွယ် သားရဲပျိုးထောင်သူ ပညာရှင်ဟန်းနင်က ယန်ချန်းခွေးဘုရင်ချန်ပီယံရှစ်ပြိုင်ပွဲမှာအနိုင်ရခဲ့ပါတယ်၊ တင်ပြ ချက်အရ, ဟန်းနင်ဟာကောလိပ်ကျောင်းသားဘဲရှိသေးပြီး, လောလောဆယ် ယန်ချန်းနည်းပညာ၏လူမှုရေး ဂျူနီယာကျောင်းသား…."

## စာစဉ် ၄

မှန်ပြင်ပေါ်ရှိအဖြူနှင့်အနက်ကျားအရာရှိဝတ်စုံနှင့် လူငယ်တစ်ယောက်ကအေးစက်တဲ့ မျက်နှာနှင့် စင်မြင့်ပေါ်တွင်မတ်တပ်ရပ်နေသည်၊ သူ့နောက်တွင်တော့ ၃၂ပေရှည်ပြီး ၁၆ပေမြင့်တဲ့ ငွေရောင်ရှိပြီးကြီးမားတဲ့ခွေးတစ်ကောင်ဖြစ်ကာ ၎င်း၏တဖိတ်ဖိတ်တောက်နေသော အမွေးများက ငွေရောင်ရေတံခွန်နှင့်တူပြီး သူ့ရဲ့ကြီးမားတဲ့ ခန္ဓာကိုယ်က ကြီးမားတဲ့ဖိအားကိုဖြစ်စေသည်၊

[မကောင်းဆိုးဝါးအမည်]-ကြယ်ကြွေခွေး

[မကောင်းဆိုးဝါးအဆင့်]-အဆင့်၃၉ (အုပ်ချုပ်သူ)

[မကောင်းဆိုးဝါးအဆင့်အတန်း]-ပြီးပြည့်စုံခြင်းအဆင့်

…

သူက ၂၁နှစ်သာရှိသေးပြီးတော့ ဆိုလိုသည်ကသူဟာသွေးစာချုပ်ကိုကိုချုပ်ဆိုခဲ့တဲ့ ပထမဆုံးသားရဲလေ့ကျင့်သူပေါ့၊

ထိုသုံးနှစ်အတွင်းသူကကိုယ်ပိုင်သားရဲကို အုပ်ချုပ်သူအဆင့်ထိရောက်အောင်လေ့ ကျင့်ပေးပြီးတော့

## စာစဉ် ၄

ပြီးပြည့်စုံခြင်းအဆင့်ထိရောက်အောင်လည်းကျင့်ပေးထားတယ်၊ သူကထိပ်တန်းသားရဲလေ့ကျင့်သူတွေထဲမှာ တစ်ယောက်အပါအဝင်ဖြစ်နိုင်သည်၊

ကောင်းဖန်က အောင်ပွဲခံထားသည့်ကြယ်ကြွေခွေးကိုကြည့်လိုက်ပြီးနောက် သူ့ရဲ့ တဲ့ဇီနဲ့ ဒမ်ဘီကိုကြည့်လိုက်သည်။

သူအတွက် ထိုအထိသွားဖို့အရှည်ကြီးကျန်သေးတယ်၊ ဒါပေမယ့် အဲ့ဒီအတွက် အကြာကြီးမယူဘူး။

ကောင်းဖန်ရဲ့စိတ်နှလုံးထဲမှာနက်ရှိုင်းစွာနဲ့ စိတ်လှုပ်ရှားနေပြီး ရေပွက်ပွက်ဆူသကဲ့သို့ စိတ်အားထက်သန်မှုများမြင့်တက်နေသည်၊ အားလပ်ရက်နှစ်ရက်, စတူဒီယို, ပျိုးထောင်ခြင်းအခန်း။ ထိုနေ့ကဒမ်ဘီ ထူးခြားအဆင့်ကိုတိုးမြှင့်ဖို့အကောင်းဆုံးနေ့ဖြစ် သည်။

ကောင်းဖန်က အနက်ရောင်ထိပ်တန်းအဆင့်ဖုတ်ကောင်ကျောက်သလင်းကို လက်ထဲတွင်ကိုင်ထားသည်၊ ဒမ်ဘီကသူ့ရှေ့တွင်ရပ်နေပြီး, သူ့မျက်လုံးထဲရှိမီးတောက်က အားပြင်းစွာနှင့်တောက်လောင်နေသည်၊

## စာစဉ် ၄

ဒီသားရဲကျောက်သလင်းကိုစားရန်အတွက် စိတ်အားထက်သန်နေသည်၊ ဒါပေမယ့်သခင်ရဲ့အမိန့်မပါဘဲစားလို့မရတာကြောင့် ရှေ့ကိုခြေလှမ်းဖို့မဝံ့မရဲဖြစ်နေသည်၊ ဒါကြောင့်သူက မတ်မတ်ရပ်နေပြီး သူ့မျက်လုံးထဲ ရှိမီးတောက်ကလည်း ပိုပြီးလေးနက်ပြင်းထန်စွာနှင့်တောက်လောင်နေတော့သည်။

၎င်းကသူ့သခင်က သားရဲကျောက်သလင်းကို ကြိတ်လိုက်ပြီးနောက် အဆင်သင့်ပြင်ဆင်ထားသော ဆေးရည်ထဲသို့ရောထည့်လိုက်သည်ကို ကြည့်နေသည်၊

ဂရု-ဂရု

မြေအောက်အနက်ရောင်ကျောက်သလင်းကဆေးရည်ထဲသို့ဝင်သွားသည်နှင့်အမျှ ပူဖောင်းများသည်မျက်နှာပြင်ပေါ်သို့တက်လာသည်၊

စတူဒီယို၏အပြင်ဘက်တွင် ခေတ်လေ့ကားက ပွင့်သွားပြီးသူအများအပြားကထွက်လာကြသည်၊ အရှေ့တွင်လျှောက်နေသူများထဲမှတစ်ယောက်က လျှိုကျောက်ယွီက ပန်းမျိုးစုံရောယှက်ထားသည့်ဝတ်စုံကိုဝတ်ဆင်ထားသည်၊ ဒဂီးကြောင်ကသူမနောက်မှလိုက်လာသည်၊

# စာစဉ် ၄

သူမနောက်တွင်သူမနှင့်အသက်တူမိန်းကလေးနှစ်ယောက်ပါပြီး ဘေးပတ်လည်ကို လှည့်ပတ်ကာလေးနက်စွာကြည့်နေကြသည်။

***

## စာစဉ် ၄

### *အပိုင်း ၅၁ ထူးခြားသောသွင်ပြင်လက္ခဏာများ-သွေးကြောမျှင်နှလုံး*

“ဟော့၊ ကျောက်ယွီ၊ ဒီတော့ ဒီစတူဒီယိုက နင့်ရဲ့ အန်ကယ်ကောင်းပိုင်တာပေါ့။”

ဂျင်းဘောင်းဘီနှင့်အဖြူရောင်တီရှပ်ဝတ်ထားသည့် ကောင်မလေးက ရယ်စရာတစ်ခုခုကိုတွေးမိသွားသည်။ “နင်ပြောတော့ အန်ကယ်ကောင်းက နင့်အရွယ်ပဲဆို။ သူ့ပုံစံက အရမ်းအသက်ကြီးနေပုံပေါက်လို့လား?”

သူမနှင့်သက်တူရွယ်တူ ကောင်လေးတစ်ယောက်ကို ‘အန်ကယ် လို့ခေါ်ရသည်က သူမအတွက် အလွန်မသက်မသာခံစားရသည်။

လျှိုကျောက်ယွီက သူမကိုစကားပြောလာသည့် မိန်းကလေးဘက်ကို မျက်စံကိုလှိမ့်ပြလိုက်ကာ၊ “ချန်းကျန်းလန်၊ ငါပြောပြီးသားပဲ၊ ငါ့အဖေက သူ့ကို အဲ့လိုခေါ်ဖို့ပြောတာလို့ ဟုတ်ပြီလား?”

“ဂဋ္ဌုန်ငှက်ပျံသန်းခြင်းစတူဒီယိုမှ ကြိုဆိုပါတယ်။ မင်းတို့သုံးယောက် ချိန်းထားပြီးသားရှိပါလား?” ညှော့ကြိုစားပွဲမှ

# စာစဉ် ၄

ရွှမ်ချွမ်ချွမ်က သူတို့သုံးယောက်ကို ပြုံးကာမေးလိုက်သည်။ “ချိန်းထားပြီးသားဆိုရင်တော့ ငါ့ရဲ့သူဌေးဆီ တန်းပြီးဆက်သွယ်ပေးပါ့မယ်။”

“ဟမ်? မင်းတို့စီးပွားရေးက အရမ်းတွေအောင်မြင်နေလို့ ငါတို့တကယ်ကြီး ချိန်းထားဖို့လိုတာလား?” ချန်းကျန်းလန်က အံ့သြသွားပြီး အနည်းငယ်မယုံကြည်ပေ။

ဒီစီးပွားရေးက အဲ့လောက်ကောင်းလို့လား?

လျှိုကျောက်ယွီလဲ အံ့သြလို့သွားသည်။ သူမက လွတ်လပ်နေသည့်ပင်မခန်းမဆောင်ကြီးနှင့် အပ်ပြုကျလျှင်တောင် ကြားနိုင်လောက်အောင် တိတ်ဆိတ်နေသည့် အလုပ်ခန်းဘက်ကိုပါ ကြည့်လိုက်သည်။

သူမအဖေက အန်ကယ်ကောင်းရဲ့သားရဲပျိုးထောင်မှုစွမ်းရည်က အရမ်းကိုအထင်ကြီးစရာကောင်းတယ်လို့ ပြောခဲ့တယ်။ ဒါတင်မကသေး သူမအဖေက သူ့ကို ချန်အန်းရဲ့ နံပါတ်တစ်ပါရမီရှင်လို့တောင် ပြောသေးတာ။

# စာစဉ် ၄

တစ်ခုတည်းသောပြဿနာကတော့ ဒီပါရမီရှင်မှာ သူ့ရဲ့ထူးခြားချက်များရှိနေတာပင်။ သူ့ရဲ့အတိုင်ပင်ခံကြေးက အလွန့်အလွန်ကို မြင့်မားလွန်းနေတာပဲ။

သူ့ရဲ့ကြေးက မြင့်နေတာကြောင့်လဲ ဖောက်သည်များစွာကို ဆုံးရှုံးခဲ့ရသေးတယ်။

ချွမ်ရွှမ်ရွှမ်က ချောင်းတစ်ချက်ဟန့်လိုက်ပေမည့် သူမအမူရာကတော့ မပြောင်းလဲသွားပေ။ “မင်းတို့မှာ ငါတို့သူဌေးနဲ့ ချိန်းဆိုချက်မလုပ်ထားလဲ တိုင်ပင်နိုင်သေးတယ်၊ ဒါပေမယ့် သူ့စိတ်အခြေအနေပေါ်တော့ မူတည်တာပေါ့။”

ဟိန်းသံ~~

သားရဲပျိုးထောင်သည့်အခန်းဘက်မှ ဟိန်းဟောက်သံတစ်သံထွက်လာခဲ့သည်။ ၎င်းအသံက အခန်းထဲတွင် ရိုင်းစိုင်းသည့်သားရဲတစ်ကောင် ထိန်းချုပ်ခံနေရသလိုပင်။

ရွှမ်ချွမ်ချွမ်ပင်လျှင် ကြောက်လန့်တုန်လှုပ်သွားသည်။ ဒီနေ့ သူမသူဌေးက ကြီးမားသည့် အရိုးစုကောင်တစ်ကောင်ကို သားရဲပျိုးထောင်သည့်အခန်းထဲ ခေါ်သွားသည်အား သူမတွေ့ခဲ့သည်။

# စာစဉ် ၄

တခြားသားရဲအမျိုးအစားတွေသာဆို အဆင်ပြေပေမည့် သူမက ထိုသို့ဖုတ်ကောင်အမျိုးအစားသားရဲတွေကိုတော့ လုံးဝမချစ်တတ်ပေ။ ဒီကောင်တွေထဲမှာ အားလုံးထဲမှာ သူမကိုအကြောက်စေဆုံးဖြစ်သည်။

ဒမ်…ဒမ်….ဒမ်….

ကြမ်းပြင်တစ်ခုလုံး ထိုကဲ့သို့ မှိုင်းညို့ညို့အသံများထွက်ပေါ်နေသည်။

ရုတ်တရက် ကြမ်းပေါ်မှလှူတိုင်းမှာ လေးလံသည့် ဒရမ်ပေါ်သို့ဆက်တိုက် တီးခတ်နေသလို ခံစားလိုက်ရသည်။

ဘုန်း…ဘုန်း…ဘုန်း…

ဒရမ်တီးသံက ပိုလို့ကျယ်ကျယ်လာကာ စည်းချက်တိုင်းက သူတို့နှလုံးကို ဖျစ်ညှစ်နေသကဲ့သို့ ပိုပိုပြီး တင်းကျပ်လာခဲ့သည်။

“အမ်း…”

လူများစွာမှာ သူတို့၏နာကျင်နေသော ရင်ဘက်များကို ဆုပ်ကိုင်ရင်း ဒူးထောက်လျက်ကျသွားကြသည်။

# စာစဉ် ၄

သူတို့နှလုံးခုန်နှုန်းတွေကလဲ ပိုပိုမြန်ဆန်လာကာ အသက်ရှူနှုန်းကိုတောင်မှ အနှောက်အယှက်ဖြစ်လာစေသည်။

ငင်းက သူတို့ရေမကူးနိုင်တဲ့အချိန် ရေထဲသို့ပစ်ချခံလိုက်ရသလိုပင်။ သူတို့အသက်ရှူချင်လေ အသက်မရှူနိုင်ကြောင်း ပိုသတိထားလာမိလေဖြစ်သည်။

ရိုက်နှက်သံများက ရုတ်တရက် ရပ်တန့်သွားခဲ့သည်။

လေထဲတွင်တော့ ရှိနေသည့်လူများ၏ အသက်ပြင်းပြင်း အလုအယက်ရှူနေသံများသာ ကျန်ရစ်ခဲ့သည်။

ရွှမ်ချွမ်ချွမ်မှာတော့ စိတ်ဆင်းရဲလွန်း၍ ငိုမိလုနီးပါးပင်။ ဒီအလုပ်သာဆက်လုပ်နေရင် သူမအသက်အန္တရာယ်ရှိလာနိုင်လောက်လား?

ထို့နောက် သူတို့ရုတ်တရက်ဆိုသလို လေထဲမှတဆင့် ဆီးနံ့ဖျော့ဖျော့ကို ရလိုက်ကြသည်။ သူတို့မျက်လုံးများက ဂျင်းဘောင်းဘီနှင့် ကိုယ်ကျပ်အင်္ကျီဝတ်ထားသည့်၊ ကြမ်းပေါ်ဆောင့်ကြောင့်ထိုင်နေသော မိန်းကလေးထံသို့ စူးစူးစမ်းစမ်းကြည့်ကုန်ကြသည်။ သူမမျက်နှာကလဲ နီရဲနေကာ

## စာစဉ် ၄

အောက်သို့သာ စိုက်ကြည့်နေပြီး တိတ်တဆိတ်ရှိုက်သံများထွက်နေခဲ့သည်။

ချန်းကျန်းလန်၏မျက်နှာမှာတော့ ဒေါသကြောင့်နီရဲနေတော့သည်။ လျှို့ကျောက်ယွီရဲ့အန်ကယ်ကောင်းပိုင်တဲ့ ဒီစတူဒီယိုက အရမ်းကြောက်စရာကောင်းတဲ့နေရာပဲ!

ရှမ်ချွမ်ချွမ်လဲ အခြေအနေကိုတွေ့မြင်နေရတာကြောင့် ကောင်တာအောက်သို့ဝင်ကာ အဝတ်တစ်စုံကိုထုတ်လိုက်သည်။ “ဒီမှာအဝတ်သန့်တွေရှိတယ်၊ မင်းစိတ်ထဲမထားဘူးဆိုရင် အရင်လဲဝတ်လိုက်ပါလား။ ဟိုဘက်မှာ သန့်စင်ခန်းရှိတယ်။”

“ကျေးဇူးပါပဲ။” ကိုယ်ကျပ်အင်္ကျီနှင့်ကောင်မလေး၏အသံမှာ ကြွက်တစ်ကောင်လို တိုးလို့နေသည်။ သူမ အဝတ်များကိုလှမ်းယူပြီးနောက် သန့်စင်ခန်းသို့အလျင်စလိုဝင်သွားတော့သည်။

အစောပိုင်း သားရဲပျိုးထောင်သူအခန်းထဲတွင်၊

## စာစဉ် ၄

ကောင်းဖန်မှာ တစ်စုံတစ်ခုမှားယွင်းနေကြောင်း သတိပြုမိတာကြောင့် ချက်ချင်းပင် ဒမ်ဘီကို သူ့စွမ်းရည်များအား ပိတ်ပင်ဖို့ အမိန့်ပေးလိုက်သည်။

အစောက ဖြစ်ပျက်ခဲ့သည့်အရာမှာ ဒမ်ဘီ၏ရုတ်တရက် ဆင့်ကဲတိုးမြှင့်လာမှုကြောင့် စွမ်းရည်များကို သဘာဝအလျောက်ထုတ်လွှတ်မိသွားခြင်းဖြစ်သည်။

ဆင့်ကဲတိုးမြှင့်ပြီးနောက်တွင်တော့ ဒမ်ဘီသည် ကောင်းဖန် ပထမဆုံး သူ့ကိုအိမ်ခေါ်လာခဲ့သည့်အချိန်တုန်းကထက် အရပ်မြင့်လာခဲ့သည်။ မတ်မတ်ရပ်နေမည်ဆိုလျှင် သူ့အရက်မှာ လေးမီတာလောက်ပင်ရှိပြီး မျက်နှာကျက်သို့ပင် ရောက်လုနီးနီးဖြစ်သည်။ ဒမ်ဘီ၏ခန္ဓာကိုယ်ဖွံ့ဖြိုးလာမှုကတော့ နေ့းကွေးကာ ကောင်းဖန်၏အိမ်မှာတုန်းကနှေင့် သိပ်မကွာသေးပေ။ ဒမ်ဘီ၏အရိုးအရောင်တွေကတော့ မီးခိုးရောင်ရင့်ရင့်သို့ပြောင်းလဲသွားသည်။ အနီရင့်ရောင်ဆံချည်မျှင်သွေးကြောများကလဲ သူ့အဆစ်တစ်ခုစီတိုင်းကို ရစ်ပတ်ထားကာ ဝိုင်ယာကြိုးမှနန်းကြိုးမျှင်များလိုပင်။

## စာစဉ် ၄

ၚင်း၏မူလအရိုးစုအလွတ်သည် အခုဆိုလျှင် အနီရင့်ရင့်နှလုံးတစ်ခုရှိလာခဲ့ပေပြီ။

နှလုံးပတ်ဝန်းကျင်ရှိသော ဆံခြည်မျှင်သွေးကြောများနှင့် ခန္ဓာကိုယ်တစ်ဝိုက်ရှိသွေးကြောများသည် ချိတ်ဆက်နေကြသည်၊

ၚင်း၏ နှလုံးလမ်းသည် တစ်ချက်တည်းခုန်လှုပ်သွားပြီး အသက်ရှိနေကြောင်းပြသည်၊ မြင့်လိုက်ကျလိုက်နှင့်နှလုံးခုန်နေသည်မှာ နှေးကွေးလှသည်၊ ၚင်းကတစ်မိနစ်လျှင် တစ်ချက်နှုန်းသာကြမ်းတမ်းစွာ "အသက်ရှူ"နေသည်။

သေချာဂရုတစိုက်လေ့လာထားကြည့်လျှင် "နှလုံး"သည် သိပ်သည်းသော သွေးကြောများဖြင့်ဖွဲ့စည်းထားကြောင်းသိနိုင်သည်၊

နှလုံးသည်သွေးကြောများဖြင့်ပြုလုပ်ထားတာကြောင့် အလွန်ဆိုးပြီးကြောက်မက်ဖွယ်ကောင်းသော ပုံသဏ္ဌာန်ရှိသည်။

ဆင့်ကဲတိုးမြှင့်ခြင်းသည်အောင်မြင်သွားပြီးကောင်းဖန် စိတ်သက်သာရာရကာ သက်ပြင်းချလိုက်သည်။

[မကောင်းဆိုးဝါးအမည်]–ရိုးခွံဖုတ်ကောင်လူဝံ

## စာစဉ် ၄

[မကောင်းဆိုးဝါးအဆင့်]–အဆင့်၁၆

[မကောင်းဆိုးဝါးအဆင့်အတန်း]–ထူးခြားအဆင့်

[မကောင်းဆိုးဝါးစွမ်းရည်]–ဖုတ်ကောင်

[ထူးခြားသောသွင်ပြင်လက္ခဏာများ]–သွေးကြောမျှင်နှလုံး

(အကျိုးသက်ရောက်မှု၁,အသက်သွင်းသက်ရောက်မှု–သွေးကြောမျှင်နှလုံးဖွဲ့စည်းမှုလည်ပတ်ရန် သွေးကြောများစားသုံးရမည်။ သွေးကြောမျှင် နှလုံးကိုပိုင်ဆိုင်ထားစဉ် ရိုးခွံဖုတ်ကောင် လူဝံ၏ခန္ဓာကိုယ်သွင်ပြင်သည်ခိုင်ခံ့နေမည်၊ အကျိုးသက်ရောက်မှု၂; သတိရှိရှိနှလုံးခုန်နေချိန်တွင် သွေးကြောမျှင်နှလုံးသည် နှလုံး၏ပဲ့တင်ရိုက်ခတ်မှုကိုဖြစ်ပေါ်စေပြီး ၎င်းမှတစ်ဆင့်နှလုံးခုန်ခြင်းကို ထိန်းချုပ် နိုင်သည်။)

[မကောင်းဆိုးဝါးအားနည်းချက်]–အလင်း

[ဒဏ္ဍာရီလာအဆင့်တိုးမြင့်ရန်လိုအပ်ချက်များ]–. . .

ကောင်းဖန်ဒဏ္ဍာရီလာအဆင့်ထိတိုးမြှင့်ရန်အတွက် လိုအပ်သည့်ပစ္စည်းများကို ကြည့်လိုက်သည်။ တစ်ခါကြည့်ရုံနှင့်တင်

## စာစဉ် ၄

ထိပ်လန့်သွားရသည်၊ သူတစ်ခါမှဒီလောက်များတဲ့ ပစ္စည်းတွေကို မကြားဖူးဘူး။

တခြားပစ္စည်းတွေဖြစ်တဲ့ မသေနိုင်သောနှလုံးနှင့် မြေအောက်သေမင်းမြစ်အမြစ်ဆိုသော နာမည်များသည် ထူးဆန်းနေပြီး တန်ဖိုးမဖြတ်နိုင်သောပစ္စည်းများဖြစ်နိုင်သည်၊

ဒီလိုများပြားလှတဲ့ပစ္စည်းတွေက ပိုက်ဆံနဲ့ဆိုရင်တောင်မဝယ်နိုင်လောက်ဘူး, ဘာကြောင့်လဲဆိုတော့ရိုးရိုးပြောရရင် ဘယ်သူမှဒီဟာတွေကိုဘယ်မှာသွားရှာ ရမယ်မှန်းသိမှာမဟုတ်ဘူး၊

ကောင်းဖန်က သံသယတွေရှိနေ,မရှိနေတောင်မှ ဒီဟာတွေထဲကတစ်ချို့ကတော့ ရှိနေနိုင်သည်။

ဒါပေမဲ့သေချာတဲ့ထူးခြားသွင်ပြင်လက္ခဏာတွေကဘာတွေလဲ? ကောင်းဖန်သိချင်မိသည်၊ ရေဝက်ဝံကတစ်ခုပိုင်ဆိုင်ပြီး,ယခုတွင် ဒမ်ဘီသည်လည်းပိုင်ဆိုင်သည့် တစ်ခုကလည်း ကောင်းစွာဖွံ့ ဖြိုးတိုးတက်နေပြီဖြစ်သည်၊

## စာစဉ် ၄

ကောင်းဖန်သိချင်သည်နှင့် ကြီးမားသောအနက်ရောင်စာလုံးများ"ထူးခြားသည့် သွင်ပြင်လက္ခဏာများ"ဆိုသည်ကပေါ်လာသည်။

အဲ့ဒီနောက်ထိုအရာနှင့်ပတ်သတ်သည့်အချက်အလက်များက သူ၏စိတ်ထဲတွင် ပေါ်လာတော့သည်။

ထူးခြားသောသွင်ပြင်လက္ခဏာများသည် သားရဲများကသေချာပေါက်ဖွံ့ဖြိုး တိုးတက်သောဇရိယာတွင် လုံလောက်သော ကြီးထွားမှုကိုရရှိပြီးနောက်ရရှိလာသော စွမ်းရည် ဖြစ်သည်။

ထူးခြားသောသွင်ပြင်လက္ခဏာများကိုနှစ်မျိုးခွဲခြားနိုင်ပြီး- မွေးကင်းစအရွယ်နှင့် ဖွံ့ဖြိုးပြီးအရွယ်တို့ဖြစ်သည်။

မွေးကင်းစဖြစ်သူများသည် ရေဝက်ဝံကဲ့သို့ဖြစ်သည်၊ သဘာဝအားဖြင့် သေချာပေါက် ပိုကောင်းသော ဇရိယာတွင်သားရဲများသည် ထူးခြားထင်ရှားသည့် လက္ခဏာများ ပိုင်ဆိုင်ပြီး တိကျသောမျိုးစိတ်များ၏ကျွမ်းကျင်ခြင်းဖွံ့ဖြိုးမှုများသည် တချို့တူညီ လုနီးနီးရှိသည်။

# စာစဉ် ၄

ထူးခြားသောသွင်ပြင်လက္ခဏာဖွံ့ဖြိုးမှုများသည် စိတ်ချရသော အဆင့်တစ်ခုသို့ ရောက်သောအချိန်ကျမှပေါ်လာသည်။ ပထမဆုံး သားရဲကထူးခြားအဆင့်ကို ရောက်သွားသည့်အချိန်တွင် ၎င်းက ထူးခြားသော သွင်ပြင်လက္ခဏာပြောင်းလဲခြင်းအတွက် အခွင့်အရေးရှိသည်။ ထူးခြားအဆင့်မှစ၍အချိန်တိုင်း သားရဲက အဆင့်မြှင့်သို့တိုးမြှင့်သော စီမံမှုများတွင် ထူးခြားသော သွင်ပြင်လက္ခဏာတစ်ခု သို့ပြောင်းလဲရန်အခွင့်အရေး ရှိသည်။

ထိုနှစ်မျိုးကြားထဲတွင်ကွဲပြားမှုမရှိဘဲ ဘယ်တစ်ခုက ပိုကောင်းသည်ဆိုတာကိုလည်း မခွဲခြားနိုင်ပါ။

ထူးခြားသောသွင်ပြင်လက္ခဏာများသည် ကျွမ်းကျင်မှုဒါမှမဟုတ်လှုပ်ရှားမှုများနှင့် မတူညီကြပါ။ ဒါကဂိမ်းကစားနေခြင်းမဟုတ်သောကြောင့် သားရဲ၏ကျွမ်းကျင်ခြင်းနဲ့ လှုပ်ရှားမှုများဟူသော အရာများသည် ဘယ်လိုနည်းနှင့်မှရှိမလာနိုင်ပါ။

အကယ်၍သားရဲတစ်ကောင်က မီးကိုထိန်းချုပ်နိုင်သောကြောင့် မီးဘောလုံးကို ဖန်တီးနိုင်ပြီး မီးတောက်၏ကျောရိုးကိုမမြင်နိုင်ခြင်းမျိုး ထိုသို့အခိုပ္ပါယ်မရှိသော ကိစ္စများမရှိပါ၊ သားရဲကမီး

စာစဉ် ၄

တောက်ကိုဘယ်လောက်ပင်ကောင်းကောင်းထိန်းချုပ်နိုင်ပါ စေ, သားရဲ၏စွမ်းရည်ဘယ်လောက်တိုးတက်လာလဲဆိုတာကို သာဆုံးဖြတ်သည်။

ထူးခြားသည့်သွင်ပြင်လက္ခဏာဆိုသည်မှာ သားရဲ၏ အခြေခံ စွမ်းရည်ထဲသို့ အပိုမော်ဂျူးတစ်ခုပေါင်းထည့်ခြင်းသကဲ့သို့ ဖြစ်သည်၊

ရိုးရိုးပြောရမည်ဆိုရင် သားရဲကိုသေနတ်တစ်လက်ကဲ့သို့ ဖော်ညွှန်းနိုင်ပါသည်၊ ၎င်း၏ထူးခြားသည့်သွင်ပြင်လက္ခဏာများကတော့ မှန်ပြောင်း,ကျည်ကပ်,လက်ကိုင်,သေနတ်ဒင် သို့မဟုတ်သေနတ်တွင် တပ်ဆင်နိုင်သော အခြားပစ္စည်းများအုဖစ် ဖော်ညွှန်းနိုင်သည်။

ပို၍ရိုးရှင်းစွာပြောရလျှင် ထူးခြားသောသွင်ပြင်လက္ခဏာများ ကိုသားရဲ၏ငုပ်ရှိုးနေသော လက္ခဏာများနိုးကြွလာမှုအဖြစ် မှတ်ယူနိုင်သည်။

ကောင်းဖန်၏မျက်လုံးများကတောက်ပလာပြီး ဒမ်ဘီကိုကြည့်လိုက်သည်၊ခုချိန်မှာ ဒမ်ဘီကအသေအချာကိုလွှမ်းမိုးနေပြီဖြစ်သည်။

ထူးခြားအဆင့်

## စာစဉ် ၄

ငင်း၏ခဲငွေရောက်အရိုးများသည် အလွန်အေးခဲနေစွာ တောက်ပစွာထုတ်လွှတ်နေပြီး အနီရင့်ရောင်ဆံခြည်မျှင်သွေးကြော များသည် သူ၏အရိုးများကိုဖြတ်သန်းနေပြီး ၎င်းကိုအနည်းငယ် နာကျင်စေသည်၊ ရင်ဘတ်၏အလယ်တွင် နံရိုးအတန်းလိုက်သည် သတ္တုတန်းများစပ်နေသကဲ့သို့ဆက်ယှက်နေပြီး အတွင်းရှိ အနီရင့်ရောင်နှလုံးကို ကာကွယ်ပေးထားသည်။ သူ့ခေါင်းကအောက်ကိုငုံလိုက်သောအခါ အပြာရောင် ဝိဉာဉ်မီးတောက်ကတော့ သူ့ခေါင်းပေါ်တွင်တောက်ပစွာလောင်ကျွမ်းနေ သည်၊

သူတို့ပျိုးထောင်ခြင်းအခန်းမှထွက်သွားကြတော့သည်။

***

### *အပိုင်း ၅၂ အပူလွန်ကဲခြင်း*

သားရဲပျိုးထောင်ခြင်းအခန်းထဲမှ ဒမ်ဘီဖြည်းဖြည်းချင်းထွက်လာပြီး မျက်နှာကို အောက်ငုံ့ထားကာ နှေးကွေးစွာလျှောက်နေပေမည့် တည်ငြိမ်လှသည်။ ဒမ်ဘီ၏ပုံစံမှာ အရိုးတွေချည်းသာဆိုသော်လည်း တကယ်တမ်း အတော်လေးလှသည်။

၎င်း၏အရိုးများက သံဖြင့်လုပ်ထားသလိုပုံတောင် ထင်ရသည်။ ၎င်းက ကြမ်းပြင်ပေါ်သို့ တစ်လှမ်းချင်း အသံကျယ်ကျယ်ဖြင့် လှမ်းလျှောက်လာခဲ့သည်။

ဒမ်ဘီ၏ပုံစံမှာ သိသာထင်ရှားလွန်းတာကြောင့် ကောင်းဖန်က သူ့အလုပ်သမားတစ်ယောက်ကို ဒမ်ဘီကိုယ်ပေါ်မှ ဖုံးအုပ်ရန် အနက်ရောင်အကြမ်းထည်ဝတ်ရုံတစ်ခု ယူခိုင်းလိုက်သည်။

ဒမ်ဘီက ခေါင်းအထိပါ ဝတ်ရုံကို ခြုံထားကာ သူ့ရဲ့တဈေမီးတောက်နှစ်လုံးကသာ အမှောင်ထဲတွင်တောက်ပနေသည်။ တစ်ခါတစ်လေ ဝတ်ရုံအောက်မှ ခဲငွေရောင်အရိုးများက ပေါ်ထွက်လာကာ ပုံမှန်ထက် ပိုအေးစက်နေပုံတောင်ပေါက်သည်။

## စာစဉ် ၄

သူ့ပုံစံက ထင်ရှားအဆင့်၏အမြင့်ဆုံးပိုင်းသို့တောင် လက်ရှိမှာပဲ ရောက်နေသလိုပုံပေါက်သည်။ သူဆက်လက် အဆင့်မြင့်တက်နိုင်သေးသော်လည်း သူအဆင့်မြှင့်တင်ရမည့် နည်းလမ်းထဲတွင်ပါဝင်သည့် အချို့သော ပါဝင်ပစ္စည်းများမှာ လူမှုနယ်ပယ်တွင်တောင်မှ လက်လှမ်းမမှီသည့်အနေအထားတွင် ရှိနေသည်။

ဒါကြောင့်ပဲ ကောင်းဖန် လောလောဆယ်တော့ တာ့ဇီကို ပျိုးထောင်ရန်သာ အာရုံစိုက်ထားလိုက်သည်။ ထို့အပြင် မကြာသေးမီက ကောင်းဖန် ထူးဆန်းသည့်တစ်စုံတစ်ရာကိုလဲ သတိပြုခဲ့မိသေးသည်။

တာ့ဇီ သာမာန်အဆင့်အတန်းမှ အဆင့်ဇသို့ရောက်ချိန်တွင် ပြီးပြည့်စုံအဆင့်သို့ အဆင့်မြှင့်ရာ၌ လိုအပ်သောပါဝင်ပစ္စည်းမှာ ငွေသစ်ရွက်ကို အမှုန့်ဖြစ်အောင် ကြိတ်ကာ ရေနှင့်ရောပြီး တစ်ပတ်သောက်ပေးရမည်ဖြစ်ပြီး အုပ်ချုပ်သူအဆင့်လျှပ်စီးသားရဲတစ်ကောင်၏ အမြုတေလဲ လိုအပ်သေးသည်။

# စာစဉ် ၄

အခုတော့ တာ့ဗီသည် ထိပ်တန်းအဆင့်အတန်း၏ အဆင့်၁၄သို့ရောက်နေပြီဖြစ်ကာ လိုအပ်သောပါဝင်ပစ္စည်းက ငွေသစ်ရွက်ဆေးရည်ကို နှစ်ပတ်သောက်ပြီး အုပ်ချုပ်သူအဆင့် လျှပ်စီးသားရဲအမြုတေတို့ ဖြစ်လာခဲ့သည်။

သားရဲရဲ့အဆင့်မြင့်လာတာနဲ့ လိုအပ်တဲ့ပါဝင်ပစ္စည်းပမာဏကလဲ တိုးလာတာပဲလား?

ကောင်းဖန် တော်တော်လေးအံ့သြသွားခဲ့ရပြီး ခဏလောက်သေချာပြန်စဉ်းစားကြည့်ပြီးကာမှ သဘောပေါက်သွားတော့သည်။ ပါဝင်ပစ္စည်းရဲ့ပမာဏကပဲ တိုးသွားပြီး ပါဝင်ပစ္စည်းအမျိုးအမည်ကတော့ မတိုးသွားဘူးဘဲ။ ဒါက အစာစားသလိုပဲပေါ့။ ကလေးတစ်ယောက်ကို အာဟာရလုံလောက်စေရန် ဆန်တစ်ပေါင်ကျွေးဖို့လိုသလို အရွယ်ရောက်သူအတွက်ဆိုလျှင်တော့ ဆန်၁၀ပေါင်လိုသလိုပင်။

ဒါဆို ငါနောက်သားရဲတွေပျိုးထောင်တော့မယ်ဆိုရင် ဒီအချက်ကိုလဲ ထည့်စဉ်းစားဖို့လိုတာပေါ့။

## စာစဉ် ၄

ငါ့မှာကိတ်မုန့်မရှိဘဲနဲ့ စားလို့မှမရဘဲ။ ပါဝင်ပစ္စည်းသုံးစွဲမှုကို ထိန်းချုပ်ဖို့ဆို သားရဲတွေရဲ့အဆင့်တက်နှုန်းကို ဖိနှိပ်ထားနိုင်တာပဲ။ ဒါပေမယ့် အဆင့်မပြောင်းသွားရင်လဲ သားရဲရဲ့ တိုက်ခိုက်နိုင်စွမ်းကို အများကြီးထိခိုက်သွားလိမ့်မယ်။

ဒီနှစ်ခုလုံးဘယ်လိုဟန်ချက်ညီအောင်လုပ်ပြီး နှစ်ဖက်လုံးအလုပ်ဖြစ်အောင် လုပ်ရမလဲ၊ ဟမ်း... အားလုံးက ငါ့အပေါ်ပဲ မူတည်တာပဲ။

"အန်ကယ်ကောင်း။" လျှိုကျောက်ယွီက ဒမ်ဘီဘက်ကို မဝံ့မရဲကြည့်ရင်း ကောင်းဖန်ကို ခေါ်လိုက်သည်။ ဒမ်ဘီ၏ပုံစံအစစ်အမှန်ကို စထွက်လာတုန်းက မြင်ခဲ့ပြီးသလို အနက်ရောင်ဝတ်ရုံအောက်ကနေပြီးလဲ ဒီကောင်ကြီး ဘယ်လောက်တောင် ကြီးမားလဲ မြင်နိုင်သေးသည်။

သူမမှာ ကြောက်လန့်စရာမြင်ကွင်းကြောင့် အသက်ရှူရပ်မတတ်ဖြစ်နေကာ ဒီနေ့ကိစ္စကို နောက်လပေါင်းများစွာကြာသည်အထိ မေ့နိုင်တော့မည်မဟုတ်ပေ။

## စာစဉ် ၄

"ငါ့ကို အန်ကယ်ကောင်းလို့မခေါ်ပါနဲ့၊ ငါတို့အသက်တွေက အတူတူလောက်ပဲကို။ ဒီခေါ်ပုံနဲ့ သိပ်အသားမကျဘူး။"

"အို၊" လျှိုကျန်းယွီ သက်သောင့်သက်သာဖြစ်သွားကာ ခေါင်းညိတ်ပြလိုက်သည်။

"မင်း ငါ့ကို မစ္စတာကောင်း ဒါမှမဟုတ် မာစတာကောင်းလို့ ခေါ်နိုင်တယ်။" ကောင်းဖန် ထပ်ပေါင်းပြောလိုက်သည်။

"...."

"...."

"ပုံမှန် ငါအတိုင်ပင်ခံကြေး ဘယ်လောက်ယူလဲ သိတယ်မဟုတ်လား။ မင်းအရင်ဆုံး ငွေချေထားလိုက်။ မင်းရဲ့သားရဲက သာမာန်ထိပ်တန်းအဆင့် ဒင်္ဂါးကြောင်ပဲ။ ငါ့အတိုင်ပင်ခံကြေးအရဆို ခရက်ဒစ် အမှတ်ဖ၀ ကျလိမ့်မယ်။ မင်းရဲ့အားပေးမှုအတွက် ကျေးဇူးပါ။"

အတိုင်ပင်ခံကြေးရပြီးသည်နှင့် ကောင်းဖန်က လျှိုကျောက်ယွီ ခြေထောက်ဘေးတွင် စောင့်နေစဲဖြစ်သည့် ဒင်္ဂါးကြောင်ကို ခေါ်လိုက်သည်။ "ဒီကိုလာခဲ့~"

# စာစဉ် ၄

အဖြူရောင်ကြောင်ကြီးက ကောင်းဖန်ကို သတိတကြီး ကြည့်နေကာ နေရာတွင်ပဲ ပန်းပုရုပ်တစ်ရုပ်လို့ မလှုပ်မယှက်နေ,နေသည်။

၎င်းက ခဏလောက် တုံ့ဆိုင်းနေပြီး နောက်ဆုံးမှာတော့ ကောင်းဖန်အနားသို့ အစမ်းသဘောလိုမျိုး ဖြည်းဖြည်းချင်းတိုးကပ်သွားသည်။

“မင်းအဖေမျက်နှာကြောင့် မင်းရဲ့ဒင်္ဂါးကြောင် အဆင့်မြှင့်မယ့်ပါဝင်ပစ္စည်းတန်ကြေးကိုပဲ ယူထားတယ်။” ကောင်းဖန်က လျှိုကျန်းယွီကို ‘ငါက အရမ်းကြင်နာတတ်တယ်’ဆိုသော အကြည့်မျိုးဖြင့် ကြည့်ကာပြောလိုက်သည်။

လျှိုကျန်းယွီလဲ သူ့ကို အလွန်ကျေးဇူးတင်သွားခဲ့သည်။

ကောင်းဖန်ပစ္စည်းတန်ဖိုးကို ခန့်မှန်းထားခြင်းဖြစ်ပြီး ဒင်္ဂါးကြောင်ကို အဆင့်မြှင့်သည့်အတွက်ကိုတော့ ခရက်ဒစ်၂မှတ်အောက်သာ ကျသင့်သည်။

# စာစဉ် ၄

ကျန်သည့် ခရက်ဒစ်၅၂မှတ်ကတော့ သူ စတူဒီယိုနှင့် ၁ဂရာခိုင်နှုန်း ဘောနပ်စ်မျှဝေဖို့လိုတာကြောင့် သန့်သန့်ရှင်းရှင်းလေးအမြတ်ယူထားခြင်းပင်။

..........

ဒဂ်ါးကြောင်အတွက် ပါဝင်ပစ္စည်းများစတင်သုံးရမည့်အချိန်တွင်တော့ မတော်တဆမှုတစ်ခုဖြစ်လာခဲ့သည်။ တစ်ဆင့်တွင် ဆေးဖက်ဝင်ပစ္စည်းများဖြင့် ရေချိုးပေးရန်လိုအပ်နေသည်။ ကောင်းဖန် အားလုံးပြင်ဆင်ပြီးသွားသည့်နောက် ဒဂ်ါးကြောင်က ရေထဲဆင်းရမှာကို သေရမှာထက်တောင် ပိုကြောက်နေခဲ့သည်။

သူ့ရဲ့အမွေးအမျှင်တွေက ထောင်ထနေကာ အခန်းထောင့်မှနေပြီး ကောင်းဖန်ကို သစ္စာဖောက်အား ဘုရင်ကြီးက စိုက်ကြည့်နေသလိုမျိုး သတိတကြီးကြည့်နေခဲ့သည်။

၎င်းကဒေါသဖြစ်ထွက်ကာ *မြောင်*ဟုအော်လိုက်ပြီး ကောင်းဖန်ကိုခြိမ်းခြောက်နေသည်၊

မြောင်...

## စာစဉ် ၄

ကောင်းဖန်ရယ်ရမလား,ငိုရမလားတောင်မသိတော့၊ သူကဒင်္ဂါးကြောင်ကိုလက်ညှိုးထိုး လိုက်သည်၊ “မင်းလာမှာလား,မလာဘူး?”

“မြောင်!” ဒင်္ဂါးကြောင်ကမလှုပ်ပင်မလှုပ်ခဲ့၊

“ကောင်းပြီ, ဒမ်ဘီ အဲ့ကောင်ကိုသွားဖမ်း” ကောင်းဖန်သူ့နောက်တွင်ရပ်နေသော ဒမ်ဘီကိုအမိန့်ပေးလိုက်သည်၊

ဒမ်ဘီကအမိန့်ကိုနာခံလိုက်သည်၊ အဲ့တာအတွက်မှားလားမှန်လားဆိုတာမရှိဘဲ ကောင်းဖန်ရဲ့အမိန့်ကိုသာနာခံသည်၊

သူ့အတွက် သခင်၏စကားများသည်သာ အမှန်တရားဖြစ်သည်၊

ဒင်္ဂါးကြောင်ကသူ့နောက်ကနံရံပေါ်ကိုခုန်တက်သွားပြီး ၎င်း၏ချွန်ထက်သောလက်သည်းများက ထွက်ပေါ်လာသည်၊ သူကနံရံပေါ်ကိုလွယ်ကူစွာနဲ့ခုန်တက်လိုက်သည်၊ မျက်စိတစ်မှိတ်အတွင်းတွင်ဘဲ ၎င်းက မျက်နှာကြက်ထိပ်ပေါ်ကို တက်သွားပြီးနောက်တင့်တယ်စွာနဲ့ နောက်ကိုလှည့်လိုက်ကာ, ၎င်း၏ခြေထောက်နှစ်ချောင်းကနံရံပေါ်ကိုတွန်းတင်လိုက်သည်၊

# စာစဉ် ၄

ဖတ်

ဒမ်ဘီကမှန်ကန်စွာနှင့်ဖိညှပ်လိုက်သည်၊

ဒဂ်ီးကြောင်က ဒမ်ဘီလက်ထဲတွင် ဖမ်းချုပ်ခံထားရတာကိုတောင် ထိုအခြေအနေကိုသဘောမပေါက်သေးဘဲ သူ့ရဲ့ခြေထောက်တိုတိုလေးချောင်းက ရုန်းကန်လှုပ်ရှားနေသည်။

နောက်ဆုံးတော့ သူဖမ်းမိတာကိုသဘောပေါက်သွားပြီး ၎င်းကရုန်းကန်လှုပ်ရှားမှုကို ရပ်လိုက်ကာ မျှော်လင့်ချက်မဲ့စွာနှင့် ဒမ်ဘီလက်ထဲတွင်လှဲနေလိုက်သည်၊ ဒမ်ဘီ၏လက်ဖဝါးက အတော်ကြီးပြီး,ဒဂ်ီးကြောင်ကို လက်တစ်ဖက်တည်းနှင့်ကိုင်ဖို့လုံလောက်သည်၊

နောက်တော့, ဒမ်ဘီကကောင်းဖန်၏အမိန့်ကိုနာခံပြီး ဒဂ်ီးကြောင်ကိုဆေးဖက်ဝင်ပစ္စည်းများနှင့် ရေချိုးရန်ရေထဲသို့ပစ်ချလိုက်ကာ ဘန်းခနဲမြည်အောင် ရေချိုးကန်အဖုံးကိုပိတ်ချလိုက်သည်၊

ဒဂ်ီးကြောင်က အားနည်းစွာနဲ့ရုန်းထွက်နေသည်၊ ရေထဲတွင်နစ်သွားပြီးနောက်, ၎င်း၏ အရိုးများက

## စာစဉ် ၄

အရည်ပျော်သွားပြီးငင်း၏အမွေးများက ရေချိုးကန်၏နေရာအနှံ့တွင်ပေါလောပေါ်လာပြီး
ပုံစံကအမွေးထူသောအသားဘောလုံးနှင့်တောင်တူနေသည်၊

ရေချိုးကန်အဖုံးတွင်အပေါက်တစ်ပေါက်ရှိနေခြင်းကြောင့်ကောင်းဖန်သည်ထိုဆိုးရွားသောကြောင် အသက်ရှူကြပ်မည်ကိုစိတ်ပူစရာမလိုပါ။

နာရီဝက်ကြာပြီးနောက်
ကောင်းဖန်ရေချိုးကန်အဖုံးကိုဖယ်ရှားလိုက်သည်၊
ငြိမ်သက်စွာနှင့်ရေချိုးနေသောကြောင်က ရုတ်တရက်ထအော်ကာ
ကောင်းဖန်ကိုတဟုန်ထိုးခုန်အုပ်လိုက်သည်၊
အဖြူရောင်အရိပ်တစ်ခုသာလေထဲတွင်ကျန်ခဲ့သည်၊

ဘန်း!

ဒင်္ဂါးကြောင်ကနံရံနှင့်အရှိန်ပြင်းစွာတိုက်မိလိုက်သည်၊

ဒမ်ဘီက ငင်းကိုအဝေးသို့ခွာထုတ်လိုက်ခြင်းပင်။

ကြောင်ကနံရံကပ်စတစ်ကာလိုနံရံတွင်ကပ်နေပြီးနောက်
ဖြေးညင်းစွာနဲ့အောက်ကျသွားတော့သည်….

## စာစဉ် ၄

ဒမ်ဘီကကောင်းဖန်၏နောက်တွင်တည်တည်ငြိမ်ငြိမ်နှင့်အင်အားကြ ီးမားသောအံ့ဖွယ် နတ်ဘုရားတစ်ပါးကဲ့သို့လာရပ်သည်။ အနက်ရောင်ဝတ်ရုံက ၎င်း၏ကြီးမားသော အရိုးစုများကိုခြုံထားပြီး လေမတိုက်ဘဲလေထဲတွင်လွင့်နေသည်၊

ကောင်းဖန် ဒင်္ဂါးကြောင်၏အချက်အလက်ပြဇယားကိုကြည့်လိုက်သည်၊ ကြောင်က အထူးအဆင့်သို့တက်သွားကြောင်းကို ၎င်းကပြနေသည်။

မစ်ရှင်ပြီးဆုံးသွားပေပြီ၊ ကောင်းဖန်သားရဲပျိုးထောင်ခြင်းအခန်းတံခါးကို ဖွင့်လိုက်ပြီး လျှိုကျောက်ယွီကို သူမကြောင်ကိုလာခေါ်ရန် ခေါ်လိုက်သည်၊

၎င်းက သူကူညီခဲ့သောအကျွမ်းတဝင်သားရဲများထဲတွင် အဆိုးရွားအခက်ခဲဆုံးဖြစ်သည်! ဒီကြောင်က သူ့ကိုတောင်နာကျင်အောင်လုပ်ရဲတယ်။

လျှိုကျောက်ယွီအခန်းထဲသို့ဝင်သွားသည်၊ ဒင်္ဂါးကြောင်ကထောင့်ချိုးနားတွင်ပုန်းနေသည်၊

## စာစဉ် ၄

သူ့သခင်ဝင်လာတာကိုမြင်တော့,သူမလက်မောင်းထဲသို့ခုန်ဝင်လာပြီးသူမရင်ဘတ်နှင့် သူ့ခေါင်းကိုပွတ်သတ်နေသည်၊

“အာ, မင်းရဲ့နှာခေါင်းမှာသွေးထွက်နေတယ်၊” လျိုကျောက်ယွီကဒင်္ဂါးကြောင်ရဲ့နှာခေါင်းကို ဝမ်းနည်းစွာနှင့်ခပ်ဖွဖွပုတ်ပေးလိုက်သည်၊ လတ်ဆတ်တဲ့သွေးအစက်အပြောက်တွေ တောင်ရှိသေးသည်၊

“အဲ့ဒါ အပူလွန်နေလို့” ကောင်းဖန်ရှင်းပြလိုက်သည်၊

“ပူတယ်?”လျိုကျောက်ယွီကထပ်ပြောလိုက်ပြီး ရှုပ်ထွေးနေသည်၊

“ဟုတ်တယ်၊ အားဆေးကအရမ်းသန်မာနေပြီးတော့ အာနည်းတဲ့ကြောင်ပေါ်ကိုအကျိုးသက်ရောက်မှုတွေဖြစ်နေတာ၊ သူ့ခန္ဓာကိုယ်က အာဟာရတွေကိုတစ်ကြိမ်တည်းနဲ့အများကြီးလက်မခံနိုင်ဘူး, ဒါကြောင့်သူ့နှာခေါင်းကနေသွေးထွက်နေတာ” လျိုကျောက်ယွီ အခန်းထဲကထွက်သွားပြီးနောက် ကောင်းဖန်တည်ငြိမ်စွာနဲ့ နံရံပေါ်ကသွေးစက်တွေကို သုတ်လိုက်သည်၊

# စာစဉ် ၄

သူကိုယ်သူအညောင်းဆန့်ထုတ်လိုက်သည်၊ ထိုအချိန်မှာဘဲကောင်းဖန်၏ဖုန်းကမြည်လာသည်၊ ဒါကတော့ လျှိုစန်းလင်းရဲ့ကျေးဇူးတင်မှုအတွက်ခေါ်ဆိုခြင်းဖြစ်သည်၊

ကောင်းဖန်ကသူရဲ့ကျေးဇူးတင်မှုကိုတည်တည်ငြိမ်ငြိမ်နှင့်လက်ခံလိုက်ပြီး ဒါကဘာမှ မဟုတ်ကြောင်းပြောလိုက်သည်၊ နောက်ဆုံးတွေ့ဆုံပွဲပြီးတဲ့နောက်, ကောင်းဖန်က လျှိုစန်းလင်းအပေါ်ထားသောသဘောထားကိုမပြောင်းလဲသော်လည်း သူနှင့်ပတ်သတ်၍ မကောင်းသောခံစားချက်အချို့ရှိခဲ့သည်၊

အချို့သောအရာတွေကိုလျို့ဝှက်ထားတာကပိုကောင်းသည်၊

***

# စာစဉ် ၄

## *အပိုင်း ၅၃ ဂျယ်လီငါး*

လျှိုကျောက်ယွီတို့သူငယ်ချင်းအဖွဲ့နှင့်တွေ့ပြီးနောက် ကောင်းဖန် ရုံးခန်းထဲသို့ပြန်လာကာ နောက်ဆုံးထွက် သိပ္ပံစာစောင်တစ်ခုကို ဖတ်နေလိုက်သည်။

အများအားဖြင့် ဖောက်သည်မရှိချိန်များဆိုလျှင် ကောင်းဖန်က စာစောင်အချို့ကို မှာကာ ဖတ်လေ့ရှိသည်။ ဒီနည်းလမ်းဖြင့် အချိန်ဖြုန်းနိုင်သလို အသစ်သစ်သော အသိပညာများကိုလဲ ရရှိနိုင်သည်။

ဆောင်းပါးတစ်ပုဒ်က ကောင်းဖန်၏အာရုံကို ဖမ်းစားလို့သွားခဲ့သည်။ ရေးသားသူကတော့ နာမည်ကျော်စာစောင်အသီးသီးတွင် ဆောင်းပါးများစွာ ထည့်သွင်းဖော်ပြလေ့ရှိသည့် ပညာရေးနယ်ပယ်မှ အတော်အသင့်နာမည်ရသည့် စာရေးဆရာ မင်ကန်းတန့်ဖြစ်သည်။

ဆောင်းပါးတွင်က၊ "သစ်သားသည် မီးကိုထုတ်လုပ်နိုင်ကာ သဘာဝအားဖြင့် နွေးထွေးစေသည်... ကောင်းကင်နှင့်မြေကြီး၏သဘာဝကို အခြေပြုပြီး

# စာစဉ် ၄

အနည်းစုသောအရာတွေအပေါ် အများစုရှိတဲ့အရာတွေက အောင်နိုင်ကြတယ်။ ဒါကြောင့်ပဲ ရေက မီးကိုအောင်နိုင်တာဖြစ်တယ်။ ကျွမ်းကျင်မှုက အကြမ်းခံမှုကို အောင်နိုင်တယ်။ ဒါကြောင့်ပဲ မီးက သတ္တုကို အောင်နိုင်တာဖြစ်တယ်… အကျဉ်းချုပ်ကြည့်လိုက်ရင်တော့ သစ်သားက မီးရဲ့လောင်စာဖြစ်လာတယ်၊ မီးကတော့ ကမ္ဘာမြေကြီးကို ဖန်တီးတယ်၊ ကမ္ဘာမြေကြီးကတော့ သတ္တုယူဆောင်လာတယ်။ သတ္တုကတော့ ရေကို စုဆောင်းတယ်။ ရေက သစ်သားအတွက် အာဟာရဖြစ်တယ်။ သတ္တုက သစ်သားကို ဖြတ်တယ်။ သစ်သားဆိုတာ ကမ္ဘာမြေကြီးရဲ့ အစိတ်အပိုင်းပဲ၊ ကမ္ဘာမြေကတော့ ရေကိုစုပ်ယူတယ်၊ ရေက မီးကို ငြိမ်းသတ်တယ်၊ မီးကတော့ သတ္တုကို အရည်ပျော်စေတယ်။” (@_@)

မင်ကန်းတန့်ဖော်ပြထားသည့်အရာများမှာ ရှေးလက်ရာများမှ ရှာဖွေတွေ့ရှိထားခြင်းဖြစ်သည်။ ထို့နောက် သူက လူများနားလည်ထားပြီးသားဖြစ်သည့် အတွေးအခေါ်များစွာကို ထပ်မံဖော်ပြထားပြန်သည်။

## စာစဉ် ၄

ကောင်းဖန် သူ့စာများကို နှစ်သက်သည်။ သူရေးသမျှကိုလဲ အကြီးအကျယ်သဘောတူ ထောက်ခံပေမည့် ပြဿနာအနည်းငယ်ကတော့ ရှိနေတုန်းပင်။

ကောင်းဖန် လက်တွေ့ဘ၀တွင် မြင်တွေ့ရသည့် သားရဲများ၏အချက်အလက်များကို အခြေခံလိုက်လျှင် အများစုက အခြေခံသဘောတရားငါးမျိုးနှင့် ဆက်သွယ်မှုရှိကြသည်။

ဒါပေမယ့်လဲ ခြွင်းချက်အနည်းငယ်ကတော့ ရှိနေစဲပင်။ ပထမဆုံးအနေနဲ့ အသက်တစ်သက်ကို မွေးဖွားခြင်းနဲ့အံ့ဖွယ်ဖြစ်ရပ်များဖြင့် ဖွင့်စည်းထားသည်။ အသက်တိုင်းကတော့ အခြေခံသဘောတရားငါးမျိုးနဲ့ ဆက်စပ်နေတာမဟုတ်ဘူး။ ဒီစည်းမျဉ်းတွေအတိုင်းမလိုနာဘဲ ပြောင်းပြတောင် မူကျင့်ကြတဲ့ သာမာန်မဟုတ်တဲ့သားရဲတွေတောင်မှ ရှိသေးသည်။

အစောက သူလုပ်ပေးခဲ့တဲ့ ဒဂ်ါးကြောင်ကိုပဲ ဥပမာအဖြစ်ယူကြပါစို့။ ရေက သစ်သားကို အာဟာရဖြစ်အောင် အထောက်အပံ့ပေးတယ်။ စံနှုန်းအရ ရေအမျိုးအစားနဲ့ ဒဂ်ါးကြောင်ကို တိုက်ခိုက်တာက

## စာစဉ် ၄

ပျက်စီးမှုကို များစွာလျော့ကျစေပေမယ့် သူ့ရဲ့အားနည်းချက်ကလဲ ရှေပဲ။ ဒါကတော့ မျှော်လင့်ထားတာနဲ့ လုံးဝကို ဆန့်ကျင်ဘက်ပဲ။

ကောင်းဖန် နေ့လည်ပိုင်းတွင်တော့ အလုပ်လုပ်စရာမရှိလောက်တော့ဘူးဟု တွေးထားသော်လည်း သူစာဖတ်နေတုန်းမှာပဲ လူအနည်းစုက စတူဒီယိုထဲသို့ဝင်လာခဲ့သည်။

ဤလူအနည်းစုကြားတွင် ရင်းနှီးနေသည့်မျက်နှာလဲပါရှိကာ ငွေရှင်ကြီးမာ… အဲ… မဟုတ်သေးဘူး၊ မာကျန်းပါလာတာပဲ။

ကောင်းဖန် စိတ်ထဲမှနေပြီး မာကျန်းကို ထင်သလိုခေါ်နေမိသည့်အတွက် တိတ်တိတ်လေးတောင်းပန်လိုက်မိသည်။

“မစ္စတာကောင်း၊ ငါ မင်းကို ဒုက္ခပေးဖို့ ရောက်လာပြန်ပြီ။” မာကျန်းက မျက်လုံးများထဲကပါ ဟက်ဟက်ပက်ပက်ရယ်မောရင်း ပြောလာသည်။

မာကျန်း၏အနောက်တွင်တော့ လူနှစ်ယောက်ရှိနေသေးကာ အမျိုးသားတစ်ယောက်နှင့် အမျိုးသမီးတစ်ယောက်ပင်။

## စာစဉ် ၄

သူတို့နှစ်ယောက်လုံးက ရှယ်တူလောက်ပင်ဖြစ်လောက်ကာ အချင်းချင်းဆက်ဆံပြောဆိုပုံအရ စုံတွဲဖြစ်ပုံရသည်။

သို့ပေမည့် ကောင်းဖန်၏အာရုံကို ဖမ်းစားသွားတာကတော့ ထိုစုံတွဲမဟုတ်ဘဲ အမျိုးသမီးဘေးရှိလေထုထဲတွင် လွင့်မျောနေသည့် သက်တံရောင်ဂျယ်လီငါးပင်ဖြစ်သည်။

ဂျယ်လီငါးသည် အက်တာဟီဒရယ်ဖြစ်သည်။ ၎င်း၏ခန္ဓာကိုယ်အောက်ပိုင်းက များစွာတိုကာ ညင်ညင်သာသာကူးခတ်နေသည့် ခိုင်မာသည့်လက်တံများလဲရှိသည်။ စွဲဆောင်မှုအရှိဆုံးအရာကတော့ ထိုဂျယ်လီငါးက ရေထဲတွင် ကူးခတ်နေရမည့်အစားလေထဲမှာကူးခတ်နေခြင်းဖြစ်ပင်!

သမုဒ္ဒရာထဲမှာကဲ့သလို လေထဲမှာလဲ စိတ်တိုင်းကျကူးခတ်နိုင်သည်က အလွန်စွဲမက်စရာကောင်းလှသည့် ဘဝမျိုးဟုပင် တွေးလိုက်မိသည်။

ကောင်းဖန်၏စိတ်အတွင်း၌ အလွန်စိတ်လှုပ်ရှားလို့နေသည်။

သို့ပေမည့် ဂျယ်လီငါးက အဆင့်မြှင့်ပေးဖို့လိုအပ်တဲ့အကောင်မဟုတ်ခဲ့ပေဘူး။

စာစဉ် ၄

ဘေးနားမှာလှဲနေတဲ့သားရဲသာဖြစ်သည်။ ၎င်း၏ပုံစံက အိမ်မွေးကြောင်လိုရော ကျားတစ်ကောင်နဲ့ပါတူလို့နေသည်။

၎င်းသည် အရမ်းမကြီးပါပဲ ၄ပေခွဲလောက်သာရှည်လျားသည်။ ခန္ဓာကိုယ်တစ်ခုလံုးကတော့ မက်တယ်ဖြင့် ဖုံးအုပ်ထားသကဲ့သို့ နက်မှောင်လို့နေသည်။

ထိုသားရဲသည် ကျားကြောင်ဖြစ်မှန်း ကောင်းဖန် သိရှိသွားခဲ့သည်။ ၎င်းသည် ပုံမှန်အားဖြင့် ကြောင်ဖြစ်ပေမည့် ကပ်ဘေးကာလတွင် ကျားသွေးနိုးထလာကာ ကြောင်၏လျင်မြန်မှုနှင့် ကျားတစ်ကောင်၏ကြီးမားသည့်စွမ်းအားပါဝင်သည့် သားရဲတစ်ကောင်ဖြစ်လာခဲ့သည်။

ကောင်းန် သားရဲကိုကြည့်လိုက်ပြီးနောက် ထိုကျားကြောင်သည် သာမာန်အဆင့်မှာသာရှိနေသေးကြောင်း သိလိုက်ရ၍ အံ့ဩမိသွားတော့သည်။ ဒါပေမယ့် ဒီလိုအခြေအနေကိုမျိုးကိုလဲ မျှော်လင့်ထားသင့်ပါတယ်လေ။ ဘာပဲဖြစ်ဖြစ် အထူးအဆင့်နဲ့ပြီးပြည့်စုံအဆင့်သားရဲတွေပဲ အမြဲတွေ့နေတယ်ဆိုတာ အဓိပ္ပါယ်မှမရှိဘဲ။

## စာစဉ် ၄

"ငါ့ရဲ့ကျွန်းကြောင်က အထူးအဆင့်ပဲ။ ငါဒီနေ့လာခဲ့တာက သူ့ကို ပြီးပြည့်စုံအဆင့်ကို မင်းမြှင့်ပေးနိုင်ဖို့ မျှော်လင့်လို့ပဲ။" အမျိုးသားက ပြောလိုက်သည်။ သူ၏စကားပြောဟန်မှာ နူးညံ့ညင်သာလှကာ မန်ဒရင်းအသံထွက်ကလဲ ကောင်းလှသည်။

အထူးအဆင့်?

ကောင်းဖန်ဆီမှ စိတ်ရှုပ်ထွေးသလိုပုံစံထွက်ပေါ်လာခဲ့ကာ နောက်တစ်ချက်သေချာပြန်ကြည့်လိုက်သည်။ ဒါက အဆင့်၁စသာမာန်အဆင့်ကျွန်းကြောင်ကြီးပါ။

သူ တစ်ခုခုပြောဖို့ ပါးစပ်ကိုဖွင့်ဟလိုက်သော်လည်း ဘာမှတော့ ပြောမထွက်ခဲ့ဘူး။

အလွန်အကျွံပြောတာက ရန်ငြိုးဖွဲ့မိနိုင်သည်။

ကောင်းဖန် ဒီလူကို အမှန်အတိုင်း ပြောသင့်မပြောသင့် မသိတော့ပေ။ ဒါပေမယ့်လဲ ဒီလူနဲ့သူ မရင်းနှီးဘူးဘဲ ထုတ်ပြောလိုက်လျှင် သူ့ဘက်ကအရမ်းစိတ်ကြီးတင်နေသလိုဖြစ်သွားမည်ဟု ခံစားလိုက်ရသည်။

# စာစဉ် ၄

"အမ်၊ ဒါဆို ဒီကျားကြောင်အတွက် ငါမဟာမိတ်ခရက်ဒစ်ဖ်ဖဂယူမယ်။" ကောင်းဖန ကောင်းတစ်ချက်ညိတ်ကာပြောလိုက်သည်။

အမျိုးသားက အံ့သြသွားကာ မာကျန်းဘက်သို့ မရေမရာလှမ်းကြည့်လိုက်သည်။

မာကျန်းကိုယ်တိုင်လဲ အံ့သြသွားခဲ့ရသည်။ သူကချက်ချင်းပင် ကောင်းဖန်ကို ဝင်ပြောလိုက်သည်။ "မစ္စတာကောင်း၊ ငါ မင်းရဲ့အခကြေးငွေယူနှုန်းအပေါ် ငါ့ဝမ်းကွဲကို ပြောပြထားပြီးပြီ။ သူ့အတွက် ကိစ္စမရှိတာကြောင့် မင်းပုံမှန်အတိုင်းပဲ ယူလို့ရပါတယ်။" ထို့နောက် မာကျန်းက ချောင်းတစ်ချက်ဟန့်လိုက်ကာ မလုံမလဲရယ်လိုက်ပြီးမှ စကားဆက်ပြောလိုက်သည်။ "မင်းက လက်တွေ့ကျတဲ့လူမှန်း ငါသိပါတယ်၊ မစ္စတာကောင်းရယ်၊ ဒါပေမယ့် တကယ်ကိုလုံလောက်ပါပြီ။ ငါတို့ရင်းနှီးနေတာနဲ့ ငါ့ကို လျှော့ဈေးပေးဖို့ မလိုပါဘူး။ မင်းအတွက် စီးပွားရေးလုပ်ရတာ မလွယ်ကူမှန်း ငါလဲသိပါတယ်။"

## စာစဉ် ၄

ထိုအချိန်မှာဘဲ အနားမှလူတိုင်း မာကျန်းနောက်မှ အမြီး ထွက်လာကာ အပြင်းအထန်လှုပ်ယမ်းနေသည်ကို တွေ့လိုက်ကြရသည်။

“ငါသိတယ်၊ ငါ့မှာဒီဟာကိုလျှော့ဈေးပေးဖို့ရည်ရွယ်ချက်မရှိဘူး၊ ဒါကငါကျားကြောင် အတွက် လက်ခံနိုင်တဲ့ပမာဏဘဲ, ဒါမှမဟုတ်ရင်တော့ ဒါက ငါ့နာမည်ကိုစော်ကားတာဘဲ” ကောင်းဖန်ကယဉ်ကျေးစွာနဲ့ပြန်ပြောလိုက်သည်၊

“အာ? ဒါဘာကိုဆိုလိုတာလဲ?” မာကျန်းကချက်ချင်းနားမလည်နိုင်ဖြစ်နေသည်၊

ဒါပေမယ့်တစ်ဖက်က သူ့ဝမ်းကွဲကတော့နားလည်သည်၊ သူ့ဘေးနားက ကျားကြောင်ကို စောင်းကြည့်လိုက်ပြီးနောက် ကောင်းဖန်ကိုပြန်ကြည့်လိုက်သည်၊ သူ့မျက်နှာပေါ်ကအပြုံး ကပျောက်ကွယ်သွားသည်၊

“ကောင်းပြီ, ဒါဆို မစ္စတာကောင်းပြောသလိုပဲလုပ်တာပေါ့” သူ့ရဲ့ကတ်ကိုထုတ်လိုက်ပြီး သူ့ရဲ့ငွေချေမှုကိုတုံ့ဆိုင်းမနေဘဲပေးချေလိုက်သည်၊

တကယ့်ကိုတည့်တိုးသမားဘဲ၊

## စာစဉ် ၄

ကောင်းဖန်က ဒီလိုလူမျိုးတွေနဲ့ စီးပွားရေးလုပ်ရတာကိုပိုကြိုက်သည်၊

စီးပွားရေးကစီးပွားရေး မိတ်ဆွေကမိတ်ဆွေဘဲ၊ ဒါကကောင်းမွန်တဲ့အစီအစဉ်ဘဲ၊ သဘောတူညီမှုပြီးနောက် ဘယ်သူမှတစ်ဦးကိုတစ်ဦးအကြွေးတင်နေမည်မဟုတ်ပေ၊

ကောင်းဖန်ကသူ့ရဲ့ကျားကြောင်ကို ခေါ်ထုတ်သွားပြီးတဲ့နောက် မာကျန်းရဲ့ဝမ်းကွဲကသူ့ အိတ်ကပ်ထဲမှဖုန်းကိုထုတ်လိုက်ပြီး ဖုန်းခေါ်လိုက်သည်၊

“ ရှီစန်းကိုပြောလိုက်၊ မာရီကသူ့ကိုရှာနေတယ်လို့”

လိုင်း၏တစ်ဖက်က အံ့ဩနေပြီး ခဏ္တရပ်နေသည်၊

“မစ္စတာမာ, ပြဿနာတစ်ခုခုရှိလို့လား”

“ငါမင်းကို အနည်းဆုံးအထူးအဆင့်ကျားကြောင်ကို ရှာခဲ့လို့ပြောခဲ့လားမပြောခဲ့ဘူးလား?” မာရီကသူပြောချင်တာကိုတည့်တည့်ပြောလိုက်သည်၊

## စာစဉ် ၄

"...ဟုတ်ကဲ့,မစ္စတာမာ၊ ဒီကျားကြောင်နဲ့ပတ်သတ်ပြီး မကျေနပ်တာများရှိလို့လား? အကယ်၍မကျေနပ်ရင်ကျွန်တော်..."

"ငါဆုံးအောင်ပြောမယ်၊" မာရီကကြားဖြတ်ပြောလိုက်သည်၊ "ချန်အန်းမြို့တစ်ခုလုံးမှာ ခင်ဗျားတို့သားရဲရောင်းဝယ်မှုလုပ်ငန်းတစ်ခုဘဲရှိတာမဟုတ်ဘူး၊ ချောင်ဟူမြို့တောင်ဘက်၊ လီလောင်အာမြို့နောက်ဘက်က, သူတို့တွေက သေသေရှင်ရှင်ငါနဲ့စီးပွားရေးလုပ်ချင်နေကြတာ! မင်းတို့အကိုကြီးက ငါ့အဖေရဲ့လက်အောက်ကပဲ၊ သူ့ရဲ့အကောင့်ကနေ ငါကုမ္ပဏီက များသောအားဖြင့် လိုအပ်တဲ့ဘယ်သားရဲမဆို မင်းတို့ဆီကနေရတယ်၊ ငါမင်းကိုယုံထားတယ်။"

လိုင်း၏တစ်ခြားတစ်ဖက်သည် တိတ်ဆိတ်လျှက်ရှိသည်၊

"ငါ့ညီမရဲ့မွေးနေ့က ဒီတစ်ပတ်အတွင်းရောက်တော့မှာ၊ သူမရဲ့၁၈နှစ်မြောက်မွေးနေ့၊ သူမက ကျားကြောင်ကိုကြိုက်တယ်, ဒါကြောင့်ဘဲသူမကို အဆင့်မြင့်ကျားကြောင်ကို ပေးဖို့ရည်ရွယ်ထားတာ။"

"ဒါပေမယ့် မင်း! မင်းကငါ့ကို သာမန်အဆင့်ကျားကြောင်ကိုပေးခဲ့တယ်၊ ဒါဘာအဓိပ္ပါယ်လဲ"

## စာစဉ် ၄

မာရီရဲ့မျက်လုံးတွေကကျဉ်းမြောင်းလာပြီး, နှိပ်စက်ဖို့နဲ့ ပြင်းထန်တဲ့အန္တရာယ်ပြုရန် စောင့်ဆိုင်းနေသော ရက်စက်တဲ့ကျားတစ်ကောင်လိုဖြစ်နေသည်၊ "ငါကအရှုးလုပ်ဖို့လွယ်တဲ့သူလို့မင်းထင်တာလား?"

ဖုန်းပြောနေရင်း, ရှိစန်းကချွေးများထွက်နေသည်၊ ဖုန်းကိုင်ထားစဉ်သူ့ရဲ့ညာဘက်လက်က ထိန်းမနိုင်ဘဲလှုပ်ခါနေသည်၊

"မစ္စတာမာ, ကျွန်တော်တကယ်မသိပါဘူး၊ အကယ်၍ကျွန်တော်သိတယ်ဆိုရင်တောင် မင်းကို လိမ်မပြောရဲပါဘူး" အသနားခံကာရှိစန်းကပြောသည်၊ "ကျားကြောင်ရောက်တဲ့အချိန် တစ်ယောက်ယောက်ဒီကောင်ကိုလာပြီး စစ်ဆေးခိုင်းခဲ့သေးတာ၊ ပြီးတော့သူတို့က အထူးအဆင့်လို့ပြောခဲ့တယ်"

"ကောင်းပြီ၊ မင်းဒီကိစ္စမသိဘူးလို့ငါယုံလိုက်မယ်၊"ဟုမာရီကပြောလိုက်သည်၊ "ငါတို့ဒီကိစ္စကို ဒီတိုင်းဘဲထားလိုက်မယ်၊ ဒီအချိန်မှာ ဒါကိုလိုက်ပြီးလိုက်နေတော့မှာမဟုတ်ဘူး၊ ဒါပေမယ့် ဒါမျိုးနောက်တစ်ကြိမ်မဖြစ်ဖို့ဘဲမျှော်လင့်ပါတယ်၊"

## စာစဉ် ၄

"ဟုတ်ဟုတ်ဟုတ်.."ရှီစန်းကထိတ်ထိတ်ပျာပျာနှင့်သဘောတူလိုက်သည်။

မာရီဖုန်းချတာကိုမြင်ပြီးနောက်,
မာကျန်းကသေချာပေါက်ကိုရှုပ်ထွေးနေခဲ့သည်၊ ထိုဖုန်းခေါ်ယူပြီးနောက်နောက်ဆုံးမှာဘာမှလည်းဖြစ်မသွားဘူး၊ သူ့ဝမ်းကွဲကဘာကိုလုပ်ဖို့ရည်ရွယ်နေတာလဲ?

မာရီကသူ့ဖုန်းကို အိတ်ကပ်ထဲပြန်ထည့်ပြီးနောက်
ဘေးပတ်လည်ကိုကြည့်လိုက်သည်၊
ထို့နောက်သူထိုင်ဖို့တစ်နေရာတွေ့သည်၊

သူက မာကျန်းရှုပ်ထွေးနေတာကိုသတိထားမိသည်။

မာရီ၏ တင်းမာနေတဲ့မျက်နှာက သူစကားစပြောဖို့လုပ်တာနဲ့နူးညံ့တဲ့အရိပ်အယောင်ပေါ်လာခဲ့သည်။ "အဲ့ဒီရှီစန်းက
နောက်ပိုင်းမရိုးသားတော့ဘူး၊ ငါကဒီအခွင့်အရေးကိုယူပြီး သူ့ကိုအာရုံနည်းနည်းနောက်အောင် တီးခေါက်လိုက်တာ၊"

"အကို, မင်းတကယ်ကို
ကောင်း....မစ္စတာကောင်းကိုဒီလောက်တောင်အများကြီး ယုံတယ်ပေါ့?"

## စာစဥ် ၄

မာကျန်းက သူ့ကိုတစ်ချိန်လုံးနှောက်ယှက်နေသည့် ထိုမေးခွန်းကို မမေးခင် အချိန်ကြာတုံ့ဆိုင်းနေသည်၊

သူကတော့သာမန်ဘဲ မစ္စတာကောင်းကိုယုံတာ,ဒါပေမယ့် သူ့အကိုက ကောင်းဖန်ကိုဒီနေ့မှစတွေ့တာ။

“ ငါယုံတာမစ္စတာကောင်းမဟုတ်ဘူး,ဒါပေမယ့် ငါပိုင်တဲ့မျက်လုံးနှစ်လုံး” မာရီကရှင်းလင်းစွာပြောလိုက်သည်၊

နောက်ဆုံး, နှစ်နာရီကြာပြီးနောက် ကျားကြောင်ကိုအထူးအဆင့်သို့အောင်မြင်စွာမြှင့်တင်ပေးနိုင်ခဲ့သည်၊

မာရီကထလိုက်ကာ ကျေးဇူးတင်ကြောင်းပြောလိုက်သည်၊

ကောင်းဖန်ကအခွင့်အရေးယူပြီးမေးလိုက်သည်, “ငါမေးတာအတွက်ခွင့်လွှတ်ပါ, ဒါပေမယ့် ငါသိချင်တာမင်းတို့ဒီဂျယ်လီငါးကို ဘယ်ကဝယ်လာတာလဲ?”

မာကျန်းကချက်ချင်းဖြေလိုက်သည်၊ “မစ္စတာကောင်းက ဂျယ်လီငါးပျံကိုစိတ်ဝင်စားတာလား? ဒီဂျယ်လီငါးပျံက ဖုန်းချန်ကအထူးငါးလေ၊ မကြာသေးခင်က ပျံကျဈေးရောင်းသူတွေက ဒါတွေတော်တော်များများကိုတင်သွင်းခဲ့ပြီးတော့

## စာစဉ် ၄

ဝူရှိုကုန်သွယ်မှုလေးထောင့် လမ်းမှာ အခုရောင်းနေတယ်လေ၊ ဒီဂျယ်လီငါးတွေကတကယ်တော့ အပျော်တမ်းမွေးရုံ လောက်ဘဲဝယ်တာပါ၊ အခြေခံတာဝန်ကတော့ ခေါက်ပိုက်ဆံအိတ်မှာ သာကပ်ပါနေရုံ ဘဲ။”

“ဒါနဲ့ဘဲ မာကျန်းက ဂျယ်လီငါးပုံးကိုကိုဖမ်းယူလိုက်ပြီးနောက်ဂျယ်လီငါး၏ အောက်ခြေကိုဖွင့်ကာ သော့အစည်းလိုက်ကို ၎င်းဆီပစ်ထည့်လိုက်သည်နှင့် သော့ကရိုးရှင်းစွာနဲ့ ပျောက်ကွယ်သွားပြီး သူတို့ကတခြားရှုထောင့်တစ်ခုတွင် ပျောက်ကွယ်သွားတော့သည်။

ကောင်းဖန်ဒါကိုရှင်းရှင်းလင်းလင်းမြင်လိုက်ရသည်၊ သော့တွေက ဂျယ်လီငါးရဲ့ခန္ဓာကိုယ်ထဲသို့မြိုကျသွားတာမဟုတ်ဘဲ တကယ်တော့သူတို့မသိတဲ့တခြားရှုထောင့်ကနေ မျိုချလိုက်သလို မျက်စိရှေ့တွင်ပျောက်ကွယ်သွားခြင်းဖြစ်သည်။

***

# စာစဉ် ၄

## စာစဉ် ၄

## *အပိုင်း ၅၄ ရှင်သန်လိုမှုကပဲ ပြောင်းလဲစေခဲ့တယ်*

"ကျေးဇူးအများကြီးတင်ပါတယ်။" ကောင်းဖန် မာကျန်းဘက်သို့ ကျေးဇူးတင်စွာဖြင့် ခေါင်းညိတ်ပြလိုက်သည်။

မာကျန်းကလဲ ပြုံးလိုက်ပြီး၊ "ဟား၊ ဟား၊ ငါ့ခရမ်းရောင်လျှပ်စီးကြွက်လေး အုပ်ချုပ်သူအဆင့်ရောက်သွားရင် ငါပြန်လာခဲ့ဦးမယ်။"

သားရဲများသည် အုပ်ချုပ်သူအဆင့်ဖြစ်လာချိန်တွင် အဆင့်တစ်ခုနိမ့်ကျသွားတတ်ပြီး ဆင့်ကဲမြှင့်တင်ခြင်းအတွက် ကုန်ကျစားရိတ်က အသားတင်ဖြစ်နေကာ ၎င်း၏အဆင့်သည်လဲ လက်ရှိရှိနေသည့် ပြီးပြည့်စုံအဆင့်မှသည် အထူးအဆင့်သို့ကျသွားပေလိမ့်မည်။

အဆင့်နိမ့်သည့် သားရဲကတော့ ပုံမှန်အဆင့်ကိုရောက်နိုင်သည်။ ခရမ်းရောင်လျှပ်စီးကြွက်ကို ထင်ရှားအဆင့်သို့မြှင့်တင်လိုက်ရင်တော့….

ထားပါ၊ ဒါတွေကို မာကျန်းတစ်ခါမှ မတွေးထားခဲ့ဖူးဘူး။

# စာစဉ် ၄

သူ့အမြင်တွင်တော့ အဆင့်မြင့်သားရဲပျိုးထောင်သူများတွင်သာ ကိုယ်ပိုင်သားရဲကို ထင်ရှားအဆင့်သို့မြှင့်တင်ပေးနိုင်မည့် အချို့သောဖြေနိုင်ချေများရှိသည်သာ။

ပိုမြင့်တဲ့ ဒဏ္ဍာရီလာအဆင့်တွေကတော့... ဒဏ္ဍာရီလာအဆင့်ရှိသည့် သားရဲများမွေးဖွားလာသည့် အကြောင်းကိုတော့ ကြားဖူးထားပေမည့် လေ့ကျင့်ပေးရင်း ဒဏ္ဍာရီလာအဆင့်သို့ မြှင့်တင်နိုင်သည့်အကြောင်းကိုတော့ တစ်ခါမှမကြားဖူးပေ။

.......

ဂျယ်လီငါးပျံ၊ ဒါကတော့ ဂျယ်လီငါးသားရဲ၏နာမည်ပင်ဖြစ်သည်။

ဒီလိုမျိုးအာကာပြင်သားရဲတစ်ကောင်ကို ကောင်းဖန် ပထမဆုံးအကြိမ်မြင်ဖူးခြင်းဖြစ်သည်။ ဂျယ်လီငါးသည် ရှားပါးသည့် အာကာပြင်သားရဲပင်ဖြစ်သည်။

အာကာပြင်!

ဒါ အာကာပြင်သားရဲပဲ!

## စာစဉ် ၄

ဘယ်ဝတ္ထုမှာပဲဖြစ်ဖြစ် အာကာပြင်ထိန်းချုပ်နိုင်စွမ်းမှာ ပုံမှန်မဟုတ်သည့် ထိတ်လန့်ဖွယ်ရာစွမ်းရည်ပင်ဖြစ်သည်။ ဒါပေမယ့် ဝူချီရင်ပြင်မှာတော့ အာကာပြင်သားရဲတွေကို လက်ကားရောင်းပေးနေတယ်တဲ့လား။ ဒီလိုသိသိသာသာကြီးကွာခြားနေပုံက ကောင်းဖန်ကို အစစ်အမှန်လို့တောင် မခံစားစေနိုင်ဘူး။ သူချက်ချင်းပင် လပ်တော့ပ်ကိုဖွင့်လိုက်ကာ အွန်လိုင်းပေါ်မှနေပြီး ဂျယ်လီငါးပုံအကြောင်းကို ရှာလိုက်တာကြောင့် အချက်အလက်များက ချက်ချင်းပင် ပေါ်လာခဲ့သည်။

ပြောပြထားချက်များအရ ဂျယ်လီငါးပုံများသည် ဖုန်းချန်မြို့၏ကမ်းလွန်ဒေသတစ်ဝိုက်တွင် နေထိုင်ကြသည်။ ယူဆချက်များအရ ကပ်ဘေးကာလအတွင်း ဂျယ်လီငါးတစ်စုသည် အာကာသစွမ်းအား ကူးစက်ခံရကာ မျိုးရိုးဗီဇပြောင်းလဲသွားခဲ့သည်။ နောက်ပိုင်းနှစ်အနည်းငယ်အတွင်း ဂျယ်လီငါးများသည် ထိုနေရာတွင်ပဲ အခြေချကာ ဆက်လက်မျိုးပွားလာခဲ့ကြသည်။

နောက်ပိုင်းတွင်တော့ ဂျယ်လီငါးများမှာ အခြားသောသားရဲများ၏ အနိုင်ကျင့်ခြင်းခံရတာကြောင့်

စာစဥ် ၄

တဖြည်းဖြည်းမျိုးသုဥ်းတော့မလိုဖြစ်လာခဲ့သည်။ ၎င်းတို့၏အသက်ရှင်သန်လိုမှုကပဲ ပြောင်းလဲမှုများကို ဖြစ်ပေါ်စေခဲ့သည်လို့တောင် ဆိုကြသည်။

နောက်ဆုံးမှာတော့ အချို့သောဂျယ်လီငါးပျံများတွင် သူတို့၏စွမ်းရည်များပေါ်ထွက်လာကာ နေရာလပ်စွမ်းရည်ဖြင့် ပျံသန်းရာတွင် အောင်မြင်လာခဲ့သည်။ ထိုအချိန်မှစပြီး ဂျယ်လီငါးပျံများသည် လေထဲတွင်နေထိုင်ခဲ့ကြသည်။

ဒါပေမယ့်လဲ နောက်ပိုင်းမှာတော့ ၎င်းတို့မှာ ငှက်များ၏စားသောက်ခြင်းကို ခံခဲ့ရပြန်သည်....

ဒီလောက်ကြီးမားလှတဲ့ကမ္ဘာကြီးပေါ်မှာတောင်မှ သူတို့အတွက် ဘေးကင်းကင်းနေထိုင်နိုင်မည့် နေရာတစ်နေရာပင် မရှိတော့ပေ။

အကြမ်းဖျင်းပြောရလျှင်တော့ ဂျယ်လီငါးပျံများသည် အလွန်စိတ်ဆင်းရဲစရာကောင်းလှသည့် ဘဝမျိုးတွင် ရှင်သန်ခဲ့ကြသည်။

ဤမျိုးစိတ်သည် အားအနည်းဆုံးအာကာပြင်သားရဲဖြစ်နိုင်သည်။ ဂျယ်လီငါးပျံများတွင် အာကာပြင်စွမ်းရည်ရှိတာကြောင့်

## စာစဉ် ၄

အဆင့်တက်ပြီးနောက်တွင် နောက်ထပ်အပိုစွမ်းရည်အချို့ဖွံ့ဖြိုးလာကာ သန်မာလာနိုင်ပေမည့် ဒါက ဖြစ်နိုင်ချေတစ်ခုသာပင်။

လောလောဆယ်တော့ လေထဲတွင်ပျံပြီး သူ့ခန္ဓာကိုယ်ထဲမှာ သီးခြားနယ်ပယ်ငယ်လေးတစ်ခုရှိနေတာကလွဲပြီး ဂျယ်လီငါးပျံသည် ဘာမှအသုံးမဝင်သလို တိုက်ခိုက်နိုင်စွမ်းကလဲ မရှိပေ။

ကံကောင်းစွာဖြင့် ၎င်း၏အသွင်အပြင်က လှပကာ နူးညံ့ညင်သာပုံကြောင့် လူသားများ၏စိတ်ဝင်စားမှုကို ဆွဲဆောင်ထားနိုင်ခဲ့သည်။ လူသားများ၏ အိမ်မွေးတိရစ္ဆာန်လုပ်တာကပဲ ဒီမျိုးစိတ်အတွက် ရှင်သန်ရာလမ်းကြောင်း တစ်ခုဖြစ်လာခဲ့သည်။

ကဲပါ၊ တကယ့်အရေးကြီးတဲ့အချက်ကတော့ ဂျယ်လီငါးပျံရဲ့အရသာက မကောင်းပဲ နည်းနည်းခါးနေတာကြောင့်လဲ ပါတာပေါ့။

“သနားစရာပဲ!” ကောင်းဖန် သက်ပြင်းချလိုက်တော့သည်။

ဖုန်းချန်မြို့တွင်တော့ ဂျယ်လီငါးပျံဆိုတာ ဝတ္ထုထဲကလိုပိုက်ဆံအိတ်သာဖြစ်ပြီး ကျန်တာတော့ အသုံးမဝင်ပေ။

## စာစဉ် ၄

ဂျယ်လီငါးပျံ၏အပိုအာကာပြင်နယ်ပယ်မှာ သူ့အဆင့်အပေါ်မူတည်၍ဖွင့်နိုင်ခြင်းဖြစ်သည်။ ဥပမာအားဖြင့် အဆင့်၁ဂသာမာန်ဂျယ်လီငါးပျံဆိုပါက ဘက်စကတ်ဘောလုံးတစ်လုံးအရွယ်အစားရှိသည့် အာကာပြင်ရှိသည်။ ဒါက သိပ်မသေးသော်လည်း ပစ္စည်းတော်တော်များများထည့်လို့တော့ ရနိုင်မည်မဟုတ်ပေ။

သို့ပေမည့် ကောင်းဖန်အတွက်တော့ ဒါကပြဿနာသေးသေးလေးသာဖြစ်သည်။ ဂျယ်လီငါးပျံတွင် နေရာလပ်စွမ်းရည်ရှိနေသ၍ ၎င်း၏အဆင့်ကို တိုးမြှင့်ပေးနိုင်မည်လို့ ယုံကြည်ချက်ရှိပြီးသားပင်။ နေရာလပ်စွမ်းရည်ရှိသည့် သားရဲများမှာ ဖမ်းမိဖို့အသာထား တွေ့ဖို့ရန်ပင် ရှားပါးလှသည်။

အလုပ်ဆင်းပြီးနောက် ကောင်းဖန် တက္ကစီတစ်စီးငှားကာ ဝူရှီရင်ပြင်သို့ တန်းသွားလိုက်သည်။

ကောင်းဖန် တက္ကစီပေါ်ကဆင်းလာစဉ်တွင် တစ်စုံတစ်ယောက် အော်ဟစ်နေသံကိုကြားလိုက်ရသည်။ ရင်ပြင်အစွန်းတစ်လျှောက်ရပ်ထားသည့် ထရပ်ကားများစွာက

## စာစဉ် ၄

စင်မြင့်တစ်ခုနဲ့တောင် တူလို့နေသည်။ ထိုထဲမှတစ်စီးပေါ်တွင်တော့ အသံချဲ့စက်များကိုင်ကာ ကြော်ငြာနေသူအချို့ရှိနေသည်။ "ဟေ့၊ လာပြီးကြည့်ကြနော်၊ လက်လွှတ်မခံကြနဲ့! အဆန်းသစ်ဆုံးခေတ်ပေါ် ပိုက်ဆံအိတ်၊ ပျံသန်းနိုင်တဲ့ပိုက်ဆံအိတ်၊ ဒါက ဖုန်းချန်မှာဆို လူကြိုက်အများဆုံး ဝတ္ထုထဲကအိမ်မွေးတိရိစ္ဆာန်နော်! လာကြည့်သွားကြ!"

အောက်ဘက်တွင်လဲ လူအုပ်ကြီးရှိနေကာ ပြပွဲကိုကြည့်ရှုဖို့ရန်အတွက် စုဝေးနေကြခြင်းဖြစ်သည်။

စင်ပေါ်မှာတော့လူတစ်ဦးက ဂျယ်လီငါးပျံတစ်ကောင်ကို သူ၏ဘယ်လက်တွင်ကိုင်ထားပြီး ပန်းသီးတစ်လုံးကိုတော့ ညာဘက်လက်တွင်ကိုင်ထားသည်၊ ထို့နောက်သူက မျက်လှည့်ပြလုပ်သလိုပြုလုပ်ပြီး ပန်းသီးကိုဂျယ်လီငါးပျံထဲသို့ထည့်လိုက်ပြီးနောက် သူ၏လက်နှစ်ဖက်စလုံးကို လွှတ်လိုက်သည်၊

သူ့ရှေ့မှာတော့, ဂျယ်လီငါးပျံကလေထဲတွင်ယိမ်းနေပြီး လွှတ်မြောက်ရန်ကြိုးပမ်းနေသည်၊

# စာစဉ် ၄

ထွက်ပြေးနေပုံက ထူးခြားလှကာ ၎င်းကလေထဲတွင် သေးငယ်သောဘောလုံးတစ် လုံး ကခုန်နေပုံနှင့်တူသည်၊ ထိုဂျယ်လီငါးပျံကအပေါ်သို့တက်သွားလိုက် ထို့နောက် နည်းနည်းပြန်ကျလာလိုက်ဖြစ်နေသည်၊ ၎င်းကသတ္တိကိုမွေးလိုက်ပြီး ရှေ့သို့ခုန်လိုက်သော် လည်း အောက်သို့နောက်တစ်ကြိမ်ပြန်ကျလာပြန်သည်၊

ဒါပေမယ့် ထိုအရာကအရမ်းနှေးလွန်းသည်၊ ၎င်းသည် အားကုန်ထုတ်ကာ ကြိုးစားနေသော်လည်း ပုံမှန်လူတစ်ဦးလမ်းလျှောက်မှုနှုန်းလောက်သာရောက်သည်၊

ဂျယ်လီငါးပျံက မိတာများများသို့လွတ်မြောက်ရန်အကောင်းဆုံးကြိုးစားနေသည်၊ ထို့နောက်သူ့နောက်ဘက်မှကြီးမားသည့်လက်က ၎င်းကိုအတိအကျပြန်ဖမ်းလိုက်ပြန်သည်၊

ဖူး, ဂျယ်လီငါးပျံသည်*ဖူးလို့မှုတ်ထုတ်ကာ ညည်းတွားလိုက်ခြင်းပင်။

## စာစဉ် ၄

“ဒီဂျယ်လီငါးပျံက ယဉ်ပါးလိုက်တာ၊ ဒါကတကယ်ကိုနူးညံ့တဲ့သားရဲလေးဘဲ။”, ရောင်းချသူက လက်တွေ့ပြသပေးနေကာ သူ့ရဲ့လက်နှစ်ဖက်လုံးနှင့် ဂျယ်လီငါးပျံကိုဆွဲလိုက်ပြီး ဆန့်ထုတ်လိုက်သည်။

ဂျယ်လီငါးက ရော်ဘာတစ်ခုလိုမျိုး ဆန့်ထွက်သွားပြီး ၎င်း၏အနည်းငယ်ဖောက် ထွင်းမြင်နေရသည့် အရောင်စုံသောခန္ဓာကိုယ်သည် နေရောင်ထဲတွင်တောက်ပနေသည်၊

ထိုရောင်းချနေသည့်လူက သူ၏လက်ကိုလျှော့ပေးလိုက်ပြီး ဂျယ်လီငါးကိုပြန်ပြီးခုန်တက်စေသည်၊

ထိုဂျယ်လီငါးကလွတ်ထွက်သွားပြီး ဘေးပတ်လည်ကိုလှည့်လိုက်ကာ လေထဲတွင် မိန်းမောစွာနှင့်ပတ်နေသည်။

“ဝိုး, အရမ်းချစ်ဖို့ကောင်းတယ်!” မိန်းကလေးများ၏မျက်လုံးများကတောက်ပနေပြီး ချစ်စရာကောင်းသော ဂျယ်လီငါးပျံ၏ဆွဲဆောင်မှုကိုခံနေရသည်၊

## စာစဉ် ၄

တချို့မိန်းကလေးများဆိုလျှင် သူတို့ကောင်လေးတွေလက်ကိုဆွဲကာ ပူဆာနေတော့သည် “ ငါဒီသေးသေးလေးကို လိုချင်တယ်! ရမလား?” ထိုညုတုတုအမူအရာနှင့်တိုက်ခိုက်မှုကြောင့် ကောင်လေးသည်လည်း ထိုဂျယ်လီငါးလိုပင်မူးဝေသွားတော့သည်၊

ထိုကောင်လေးက ချောင်းဆိုးလိုက်ပြီး ရောင်းတဲ့လူကိုမေးလိုက်သည်, “ ဒီဂျယ်လီငါး ကဘယ်လောက်လဲ, ဆာ?”

ထိုဈေးရောင်းသူကအမှန်ပြင်ပေးလိုက်သည် “ဒါက ဂျယ်လီငါးပျံပါ”

“ဟုတ်ပါပြီ,ဟုတ်ပြီ, နောက်ဒီဂျယ်လီငါးပျံကဘယ်လောက်လဲ?”

“တစ်ကောင်ကို ခရက်ဒစ်အမှတ်၁ဂပါ” ဈေးရောင်းသူကပြုံးလိုက်သည်၊ သူ့ လက်ချောင်းတွေကိုဆန့်လိုက်ပြီး လက်၁ဂချောင်းပြလိုက်သည်၊ “လျှော့ဈေးမရှိပါဘူး”

ကောင်လေးမျက်နှာပေါ်ကအပြုံးကအေးခဲသွားတော့သည်၊ “ခင်ဗျားကပိုက်ဆံကို လုနေတာလား? ဒီကောင်ကလှတာကလွဲပြီးဘာလုပ်ရလို့လဲ?”

## စာစဉ် ၄

ခရက်ဒစ်အမှတ်၁၀က မဟာမိတ်ဒေါ်လာငွေ ၁၀၀,၀၀၀နှင့်ညီမျှပြီး သာမန်မိသားစု
တစ်စုကနှစ်နှစ်လောက်သုံးမိသားစုကိုထောက်ပံ့ဖို့လုံလောက်သည်။

“ဆာ, ဒါအရမ်းဈေးကြီးလွန်းတယ်”
ကောင်လေးကမျက်မှောက်ကိုကြုတ်လိုက်ကာ တွန့်ဆုတ်နေသည်၊

“မဟုတ်ပါဘူး၊ ဒါကဈေးမကြီးဘူး, ဒါကသားရဲ့တစ်ကောင်ဘဲ!
မင်းကဈေးကိုတအားမြင့်တယ်ထင်နေတာလား?”
ရှောင်းသူကအဆင်မပြေစွာနဲ့ကြည့်လိုက်သည်၊ “လူငယ်လေး,
ငါ့ရဲ့ဂျယ်လီငါးပျံက အကုန်လုံးဖုန်းချန်ကနေတင်ပို့တာကြည့်ဘဲ၊
မင်းသူတို့ကိုဘယ်မှာမဆိုခက်ခက်ခဲခဲရှာရမှာ!”

ထို့နောက်ရှောင်းသူက
ကောင်လေးကိုအထက်အောက်ကြည့်လိုက်ပြီး အလျှော့ပေးလိုက်ကာ,
“ကောင်းပြီ, မင်းကရိုးသားတယ်လို့ငါမြင်တယ်၊
အကယ်၍မင်းတစ်ကောင်လိုချင်ရင်,
ငါမင်းကို၂၀ရာခိုင်နှုန်းလျှော့ပေးနိုင်တယ်!”

## စာစဉ် ၄

၂၀ရာခိုင်နှုန်းလျှော့တာတောင်မှ, ၎င်းရဲ့ဈေးကခရက်ဒစ်အမှတ်ရမှတ်ဖြစ်နေသေးသည်၊ ကောင်လေးကတုံ့ဆိုင်းနေသည်၊ သူ့မိသားစုကချမ်းသာသည်, သူက ဒီဂျယ်လီငါးက ခရက်ဒစ်အမှတ်၃မှတ် ဒါမှမဟုတ် ၄မှတ်လောက်ဘဲကျမယ်လို့ထင်တာ၊ ဒီလိုဆိုတော့လည်း.. သူသွားတွေကိုကြိတ်ကာထိုအကောင်ကိုဝယ်လိုက်သည်၊ ဒါပေမယ့် သူ့အချစ် ကလေးကမျှော်လင့်နေတဲ့ပုံနဲ့မျက်လုံးလေးကိုမြင်လိုက်တဲ့အခါ သူ့နှလုံးသားက နူးညံ့ သွားပြန်သည်၊

…

ရောင်းသူရဲ့လျှာကသွက်လက်သည့်အပြင် ဂျယ်လီငါးပျံ၏တင့်တယ်လှပမှုနှင့် တကယ့်ကို ဝတ္ထုထဲကလိုစွဲမက်စရာကောင်းနေသည်ကြောင့် နေ့ခင်းပိုင်းတွင်သုံးပုံနှစ်ပုံလောက် ရောင်းနိုင်ခဲ့သည်။

ကောင်းဖန်ကဈေးရောင်းသူထံသို့လျှောက်သွားပြီး တိုက်ရိုက်မေးလိုက်သည်၊ “ကျွန်တော် ဂျယ်လီငါးပျံကိုကြည့်လို့ရမလား?”

# စာစဉ် ၄

ထိုရောင်းသူကပြုံးပြလိုက်ပြီး ဂျယ်လီငါးပျံကိုကမ်းပေးလိုက်သည်၊
“ ရော့ဒီမှာ၊ မင်းကြိုက်သလိုကြည့်နိုင်တယ် ကောင်လေး”

“မဟုတ်ဘူး, ကျွန်တော်ဆိုလိုတာက
ခင်ဗျားရဲ့ဂျယ်လီငါးပျံတွေအကုန်လုံးကိုကြည့်လို့ရမလား?
ကျွန်တော်ကိုယ်တိုင်တစ်ကောင်ရွေးချင်လို့။”
ကောင်းဖန်ကယဉ်ကျေးစွာနဲ့ငြင်း လိုက်သည်၊

ထိုစကားကိုကြားတော့, ရောင်းသူကရပ်တန့်သွားသည်,
ကောင်းဖန်ကိုသူ့မျက်လုံးတွေနဲ့ချင့်ချိန်တိုင်းတာနေသည်။

“ကောင်းပြီ, ဂျေး, ဒီချောမောလှတဲ့လူကြီးမင်းလေးကိုခေါ်သွားပြီး
စင်နောက်မှာ တစ်ကောင်ရွေးခိုင်းလိုက်။”
ရောင်းသူကသူ့လက်ကိုဝှေ့ယမ်းလိုက်သည်၊ ဒီဂျယ်လီငါး
တွေအကုန်လုံးကရောင်းဖို့ဘဲကို၊
အကယ်၍ဒီကောင်လေးကသူကိုယ်တိုင်တစ်ကောင်
ရွေးချင်တယ်ဆိုလည်း သူ့ကိုရွေးခိုင်းလိုက်မယ်၊ ဒါကပြဿနာမရှိပါဘူး။

***

# စာစဉ် ၄

## စာစဉ် ၄

## *အပိုင်း ၅၅ ဆီလီနဲ့ဒမ်ဘီ*

“ဂျယ်လီငါးပျံတွေအားလုံး ဒီမှာပဲ မင်းကြိုက်တာရွေးနိုင်တယ်။” ဂျေးက ထရပ်ကားနောက်ခန်းကိုဖွင့်ပေးကာ ပြောလိုက်သည်။ ကွန်တိန်နာကိုဖွင့်လိုက်သည်နှင့် အဖြူရောင်မီးချောင်းအချို့ကလဲ ပွင့်လာခဲ့သည်။

ကွန်တိန်နာ၏ ဘေးတစ်ဖက်တစ်ချက်စီတွင် မှန်ပုံးများစွာ စီချထားကာ အထဲတွင်တော့ ဂျယ်လီငါးပျံပေါင်း အမြောက်အမြားရှိလို့နေသည်။ ထိုဂျယ်လီငါးပျံတွေအကုန်လုံးသည် တိတ်တိတ်ဆိတ်ဆိတ်ပဲ မှန်ပုံးများထဲတွင် လွင့်မျောလို့နေကြသည်။ မီးချောင်း၏အလင်းရောင်က သူတို့ကိုအနှောက်အယှက်ပေးသွားသလိုပင်၊ ၎င်းတို့မှာ ဘေးပတ်လည်တွင် အနည်းငယ်အဆင်မပြေသလိုပံစံဖြင့် လွင့်မျောနေကြသည်။

ကောင်းဖန်၏မျက်လုံးထဲတွင် ဂျယ်လီငါးပျံအားလုံး၏ အချက်အလက်များက သူ့ရှေ့တွင် ရှင်းရှင်းလင်းလင်း

## စာစဉ် ၄

ထွက်ပေါ်လာခဲ့သည်။ အဆင့်တွေကအစ သူ့အကြည့်များထဲမှ လွတ်ထွက်သွားတာမရှိပေ။

ဂျယ်လီငါးပျံအားလုံးကို အကြမ်းဖျင်းအကဲခတ်ပြီးနောက် ရှားပါးသည့်မျိုးကွဲရှာမတွေ့တာကြောင့် ကောင်းဖန်စိတ်ပျက်လို့သွားရသည်။ “ဒီကွန်တိန်နာထဲမှာရှိတဲ့ဂျယ်လီငါးတွေ ခင်ဗျားတို့မှာရှိတာအကုန်ပဲလား?”

ဂျေးက ကောင်းဖန်ကို စူးစမ်းသလိုတစ်ချက်ကြည့်လိုက်ပြီးနောက်၊ “နောက်ကွန်တိန်နာထဲမှာလဲ နည်းနည်းကျန်သေးတယ်။ လိုက်ခဲ့။”

ထို့နောက် သူတို့ နောက်ထပ်ကွန်တိန်နာတစ်ခုဆီသို့ ထွက်လာခဲ့သည်။ ဤကွန်တိန်နာထဲတွင်တော့ ဂျယ်လီငါး၁၀ကောင်ကျော်လောက်သာ ရှိတော့သည်။

“ငါတို့ ဒီကို ဂျယ်လီငါးပျံ သုံးစီးရောင်းဖို့ သယ်လာခဲ့တာ။ တစ်စီးကတော့ ကုန်သွားပြီ၊ ဒီတစ်စီးကလဲ ကုန်ခါနီးနေပြီ။” ဂျေးက ရှင်းပြလာသည်။

## စာစဉ် ၄

ကောင်းဖန် သူ့အကြည့်များကို အာရုံစူးစိုက်ထားကာ မြန်မြန်ဆန်ဆန်ပဲ ဂျယ်လီငါးပျံတစ်ကောင်ကို အာရုံစိုက်မိသွားတော့သည်။ ထိုတစ်ကောင်သည် ကျန်အကောင်များနှင့် ကွာခြားလှသည်။ သူ့အရောင်က နည်းနည်းပိုရင့်ကာ လှုပ်ရှားမှုကလဲ ပိုမြန်သည်။

တခြားဂျယ်လီငါးပျံတွေရဲ့ အမြန်နှုန်းက လမ်းလျှောက်နေသလိုဆိုရင် ဒီကောင်ကတော့ ပြေးနေသလိုနှုန်းပင်။

“ဒီတစ်ကောင်က ဘယ်လောက်လဲ?” ကောင်းဖန် ထိုဂျယ်လီငါးပျံကို ညွှန်ပြလိုက်သည်။

ဂျေးက ဂျယ်လီငါးပျံကိုကြည့်လိုက်ပြီး ခေါင်းတစ်ချက်ညိတ်ပြကာ ရောင်းသူကိုခေါ်ဖို့ထွက်သွားခဲ့ပြီး သိပ်မကြာလိုက်ဘဲ ပြန်ရောက်လို့လာသည်။

“ငါ့ဘော့စ်ကပြောတယ်၊ ဒီကောင်က ရှားပါးတဲ့ဗီဇပြောင်းမျိုးစိတ်ပဲ။ ပြီးတော့ လှုပ်ရှားမှုနှုန်းမြန်ဆန်တဲ့ ပြီးပြည့်စုံအဆင့် ဂျယ်လီငါးပျံဘုရင်ပဲ။ ဒါကြောင့် မင်းကို

မဟာမိတ်ခရက်ဒစ်၁၀၀နဲ့ပဲ ဈေးချိုချိုရောင်းပေးလိုက်ပါ့မယ်။” ဂျေးက စဉ်းစဉ်းစားစားနှင့်ပြောလိုက်သည်။

ကောင်းဖန်၏အမြင်တွင်တော့ ဒီကောင်သည် အထူးအဆင့်သာရောက်သေးသည့် နေရာလပ်စွမ်းရည်နှင့်နှင့်လေစွမ်းရည် နှစ်မျိုးပါဝင်သည့် ဂျယ်လီငါးပျံတစ်ကောင်သာဖြစ်သည်။ ရှားပါးတယ်ဆိုပေမယ့်လဲ သူဌေးကတော့ ပြီးပြည့်စုံအဆင့် ဂျယ်လီငါးပျံဘုရင်လို့တောင် ပြောလိုက်သေးသည်။

“အရမ်းများလွန်းတယ်။” ကောင်းဖန် စိတ်ပျက်စွာပြောလိုက်သည်။ “ကျွန်တော်တကယ်ဝယ်ချင်ပါတယ်။ ခင်ဗျားလဲ တကယ်ရောင်းချင်တယ်ဆိုရင် ခရက်ဒစ်အမှတ်၅၀နဲ့ဆို ကျွန်တော်ယူလိုက်မယ်။”

ကောင်းဖန် ကမ်းလှမ်းလာသည့်ဈေးနှုန်းသည့် မျှတသည်။ ဖုန်းချန်မှာတောင် စွမ်းရည်နှစ်ခုပါသည့် အထူးအဆင့်ဂျယ်လီငါးပျံဆိုလျှင် ဒီဈေးနှင့်သာရောင်းပေလိမ့်မည်။

## စာစဉ် ၄

သူသာ ဒီထက်နိမ့်တဲ့ဈေးနဲ့ခေါ်နိုင်ရင် ပိုကောင်းတယ်ဆိုပေမယ့် ဒီရဲ့ပြဿနာက သူတို့သည်လဲ ဒီဂျယ်လီငါးပျံကသာမာန်မဟုတ်မှန်း သဘောပေါက်နှင့်ပြီးတာပင်။ ကောင်းဖန် ဘာအကြောင်းနဲ့မှ တွန့်တိုကာ ဈေးစစ်ရင်း အချိန်ဖြုန်းမနေချင်တာကြောင့် နောက်ဆုံးသူ့ကဒ်ကိုချပြကာ ဈေးခေါ်လိုက်ခြင်းပင်။

ကောင်းဖန်အတွက် ဒီဂျယ်လီငါးပျံ၏တန်ဖိုးအစစ်အမှန်မှာ ၎င်း၏လက်ရှိစွမ်းရည်မဟုတ်ဘဲ လက်ရှိပိုင်ဆိုင်ထားသည့် အလားအလာရှိသောစွမ်းရည်ပင်ဖြစ်သည်။

၎င်းတွင် တိုးတက်လာနိုင်သည့်အလားအလာရှိပေသည်။ ဒါကပဲ ကောင်းဖန်မြင်နေသည့် အရေးအကြီးဆုံးအချက်ပင်ဖြစ်သည်။

"ကောင်းပြီလေ၊ ခရက်ဒစ်မှတ်၅၀ပေါ့။" ဂျေးကချက်ချင်းပင် သဘောတူလိုက်သည်။ ဒါကပဲ သူ့ဘော့စ်က သူပြန်မလာခင်ကတည်းက သူ့ကို နောက်ဆုံးပေးနိုင်မည့် ဈေးနှုန်းကို ပြောထားပြီးသားဆိုတာ ထင်ရှားလှသည်။

ကောင်းဖန် ဂျယ်လီငါးပျံထည့်ထားသည့် လှောင်အိမ်ကိုသယ်လာခဲ့လိုက်သည်။

# စာစဥ် ၄

နောက်တော့ ဂျယ်လီငါးပျံကို ‘ဆီလီ’ဟု အမည်ပေးလိုက်သည်။ ဒီကောင်တွေက ရေထဲမှာနေရင် ငါးတွေစားတာခံရပြီး လေထဲမှာပျံရင်ကျ ငှက်တွေစားတာခံနေရာတာကြောင့် ဒီထက်ပိုကောင်းတဲ့နာမည်ကို ကောင်းဖန် မစဉ်းစားနိုင်တော့ပေ။

[မကောင်းဆိုးဝါးအမည်] : ဂျယ်လီငါးပျံ

[မကောင်းဆိုးဝါးအဆင့်] : ၄

[မကောင်းဆိုးဝါး အဆင့်အတန်း] : အထူးအဆင့်

[မကောင်းဆိုးဝါး စွမ်းရည်] : နေရာလပ်(အာကာပြင်စွမ်းရည်)/ လေ

[မကောင်းဆိုးဝါး၏ အားနည်းချက်] : ၁၊ လျှပ်စီး ၂၊ ရေခဲ ၃၊ သူတို့ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်ကြောင့် ငါးနဲ့ငှက်ကို ကြောက်သည်။

[ပြီးပြည့်စုံအဆင့်သို့မြှင့်တင်ရန် လိုအပ်သောအရာများ] : .........

‘မကောင်းဆိုးဝါး၏အားနည်းချက်’မှ သုံးချက်မြောက်အချက်ကြောင့် ကောင်းဖန် ဆွံ့အသွားရသည်။

# စာစဉ် ၄

ငါးနဲ့ငှက်ကို ကြောက်တယ်တဲ့လား၊ ဒီဂျယ်လီငါးတွေက အစားခံရလို့ တကယ်ကြီး ကြောက်ကုန်ကြတာပေါ့။

ကောင်းဖန် ဒမ်ဘီကိုကြိုဖို့ရန် စတူဒီယိုသို့ ပြန်လာခဲ့သည်။ ဒမ်ဘီနှင့်ဆီလီ၊ ကောင်းဖန် သူ၏နာမည်ပေးစွမ်းရည်က အတော်လေးအထင်ကြီးစရာတောင် ကောင်းလှသည်ဟု ခံစားမိသွားသည်။

ကပ်ဘေးမတိုင်ခင်ကတည်းက များစွာသောအိမ်မွေးတိရစ္ဆာန်များရှိပြီး, သူတို့ရဲ့ ဈေးနှုန်းကမကြီးဘဲ တကယ့်ကုန်ကျမှုက သူတို့အစာတွေဝယ်ကျွေးတာမှာပင်…

ဘာကြောင့်လည်းဆိုတော့ ဆီလီမှာက နေရာလပ်စွမ်းရည်ရှိပြီး, ၎င်းကသူကြီးထွားရန်အတွက် နေရာလပ်စွမ်းရည်နှင့်ဆိုင်တဲ့အရာများကို စားရန်လိုအပ်သည်၊ သေချာတာပေါ့, သာမာန်အရောအနှောတွေက သူ့အစာအိမ်ကိုဖြည့်နိုင်ပေမယ့်, သူ့အစာအိမ်ကိုဖြည့်ခြင်းက ထိုပါဝင်ပစ္စည်းတွေအကုန်လုံးကိုစုရောသလိုသာဖြစ်လိမ့်မည်။

နေရာလပ်စွမ်းရည်ပါဝင်ပစ္စည်းများသည် တူညီသောအရည်အသွေးရှိသည့်အခြား ပစ္စည်းများ၏

စာစဉ် ၄

ဈေးသုံးဆလောက်ရှိသည်၊ ပြီးနောက်ပစ္စည်းများ၏ဈေးနှုန်းသည်ရှားပါးမှုနှင့်အတူတက်လာသည်။

ကောင်းဖန်က ၂၀၀ကတ်တီရှိသည့် အဖြူရောင်နေရာလပ်သစ်သားဝယ်ရန်အတွက် စတိုးဆိုင်ရှေ့တွင် ရပ်လိုက်ပြီး သူ့လွယ်အိတ်ထဲသို့ထည့်ကာသယ်ခဲ့သည်၊ အဖြူရောင်နေရာလပ်သစ်သားသည် ၁ကတ်တီတွင် မဟာမိတ်ခရက်ဒစ်၃မှတ်ဖြစ်ပြီး နေရာလပ်အမျိုးအစားအတွက် အခြေခံပါဝင်ပစ္စည်းဟုယူဆ၍ရသည်၊ စတိုးဆိုင်အများစုသည်၎င်းကိုရောင်းသည့် အခါတွင် သစ်သားကို အမှုန့်ကြိတ်ထားကြသည်။ သားရဲကိုအစာမကျွေးခင် အဖြူရောင် နေရာလပ်သစ်သားမှုန့်ကို ရေနှင့်ရောရသည်။

အိမ်တွင်အစားစားဖို့စစ်တပ်တစ်တပ်တိုးလာခဲ့ပေပြီ။

အိမ်တွင် တာ့ဇီသည် ကြမ်းပြင်ပေါ်တွင်လဲလျောင်းနေစဉ် ရင်းနှီးနေသောခြေသံကို ကြားလိုက်ရသည်၊ သူကခေါင်းကိုထောင်လိုက်ကာ ဘယ်ယမ်းညာယမ်းလုပ်နေပြီး နောက်တက်ကြွစွာနှင့် တံခါးဆီကိုတွားသွားသွားတော့သည်၊

## စာစဉ် ၄

လမ်းတစ်ဝက်မှာတင် တံခါးကပွင့်သွားသည်။

တာ့ဇီမှာ ထိုနေရာ၌ပင် အေးခဲသွားတော့သည်၊

၎င်းက

ကောင်းဖန်၏ညာဘက်လက်ကိုငေးကြောင်ကာစိုက်ကြည့်နေသည်၊ ထိုနေရာတွင် သူကဆီလီကိုကိုင်ထားတာပြီး, ရောင်စုံသက်တန့်ရောင်ရှိသည့်ဂျယ်လီငါးက လှောင်အိမ်ထဲတွင် ပျော့ပျောင်းစွာနှင့်ကူးခတ်နေသည်၊

“တာ့ဇီ”,ကောင်းဖန်ကျီစယ်သည့်အသံနှင့်ရယ်လိုက်ကာ “ဒါက–.” သူကမိသားစုဝင် အသစ်ဆီလီကို မိတ်ဆက်ပေးချင်သည်၊ ဒါပေမယ့် သူမပြီးသေးခင်မှာဘဲ,တာ့ဇီက တခြားဘက်သို့လှည့်သွားပြီးဖြစ်ကာ တိတ်ဆိတ်စွာနှင့်အိပ်ခန်းထဲသို့တွားသွားကာ ထွက်သွားတော့သည်၊ အမြီးကိုငှေ့ယမ်းလိုက်ခြင်းနှင့်အတူ အိပ်ခန်းတံခါးကိုပါ ပိတ်သွားတော့သည်။

ဂျိမ်း၊

ဒါက…အူတိုနေတာလား?

ကောင်းဖန်နားမလည်နိုင်တော့ပေ၊

## စာစဉ် ၄

ထို့နောက်သူက နောက်မှာရှိသည့်ဒမ်ဘီကိုကြည့်လိုက်သည်၊ ဒမ်ဘီ၏အရွယ်ကကြီးမားသည့်အရွယ်အထိထွားလာတာကြောင့် သူကသာမန်လိုအိမ်ထဲသို့ဝင်လို့မရတော့ပေ၊ ဒမ်ဘီက ကြမ်းပြင်ပေါ်တွင်လှဲနေပြီး သူ့ခန္ဓာကိုယ်ကိုဘေးဘက်သို့လှည့်လိုက်ပြီးနောက် ဖြေးညင်းစွာ တံခါးနှင့်လက်မအနည်းငယ်လောက်ခွာဝင်လိုက်သည်၊

ကောင်းဖန်ကတံခါးမပိတ်ခင်တွင် ဒမ်ဘီအိမ်ထဲဝင်တာကိုစောင့်လိုက်သည်။

သူ့အိမ်က အရမ်းသေးလွန်းတာသူလည်းသတိထားမိသည်၊ အကယ်၍ဒမ်ဘီသာ ပိုပြီး ကြီးထွားလာသောအခါ ၎င်းဝင်နိုင်ဖို့အတွက်နည်းလမ်းမရှိပေ၊

ပြတင်းပေါက်တွေကိုပိတ်ပြီး ဘာမှမရှိတာကိုသေချာအောင်လုပ်ပြီးတဲ့နောက်, ကောင်းဖန်က လှောင်အိမ်ထဲကနေဆီလီကိုထုတ်လိုက်သည်၊

သူကဆီလီနှင့်သွေးစာချုပ်ကိုအတည်ပြုပြီးဖြစ်ကာ သူ့အဆင့်ကလည်းအရမ်းမမြင့်ပေ၊ ဒါကခုမှ အဆင့်၄သာရှိသေးသည်၊

## စာစဉ် ၄

သွေးစာချုပ်လုပ်နေချိန်တွင် စဉ်းစားရန်အဓိကအချက်မှာ သားရဲ၏အဆင့်ဖြစ်သည်၊ အဆင့်မြင့်သောသားရဲဖြစ်လျှင်, ဝိညာဉ်စွမ်းအင်ပိုပြီးသုံးရမှာဖြစ်သည်၊ သားရဲ၏အဆင့် ကနိမ့်သည်ဆိုလျှင် လိုသလောက်သာဝိညာဉ်စွမ်းအားကိုသုံးရမည်ဖြစ်သည်၊

ထိုအချိန်ကာလတစ်လျှောက်လုံးတွင် တာ့ဇီ၏အဆင့်ကတိုးလာပြီး တာ့ဇီ၏အဆင့်အတန်းကိုမြှင့်တင်ရန် ကောင်းဖန်၏ဝိညာဉ်သန်မာမှုသည် အနည်းငယ်မြင့်တက်လာသည်၊ ဒမ်ဘီနှင့်သွေးစာချုပ်ချုပ်ရန်အတွက် မလုံလောက်သေးပါ, ဒါပေမယ့်အဆင့်နိမ့် ၄ သာရှိသည့် ဆီလီလိုမျိုးအကောင်နှင့်သာဆိုလျှင် သေချာပေါက်လုံလောက်သည်၊

ပထမဆုံး သူမီးဖိုချောင်ထဲသို့ဝင်သွားပြီး အဖြူရောင်နေရာလပ်သစ်သားမှုန့်ကို ရေနှင့်ခွက်တစ်ခွက်ထဲ၌ရောလိုက်သည်၊ ထို့နောက်, သစ်သီးဖျော်ရည်အနည်းငယ်ကိုလည်း ခွက်ထဲသို့ထည့်လိုက်သည်၊

သစ်သီးဖျော်ရည်၏မွှေးပျံ့လှသောအနံ့ကြောင့် ဆီလီကစိတ်လှုပ်ရှားစွာနှင့်မီးဖိုချောင်ထဲသို့လွင့်လာသည်၊ သူက

# စာစဉ် ၄

မီးဖိုချောင်နားလေးတွင်ရစ်သီရစ်သီလုပ်နေပြီး အထက်အောက်မြောက်လိုက် ဘယ်ညာလှည့်လိုက်ဖြစ်နေသည်၊

ငင်းက ကောင်းဖန်စက်ဝိုင်းပုံစံပတ်နေသလိုမျိုးပင်၊

ကောင်းဖန်က ရယ်လိုက်ပြီး၊ “လှည့်ပတ်နေတာတော်လိုက်တော့ ဒါကမင်း အတွက်စတင်ခြင်းဘဲ၊ သောက်လိုက်”

သောက်ပြီးတဲ့နောက်, ဆီလီက နီးစပ်လာခဲ့ကာ၊ အနည်းဆုံးတော့ ကောင်းဖန်ပိုပြီးထိဖို့လုပ်တဲ့အချိန်တွေမှာ မခုခံတော့ပေ၊

ဘန်း ဘန်း ဘန်း..

တဘန်းဘန်းနှင့်မြည်နေသောအသံကို အိပ်ခန်းထဲမှကြားနေရသည်၊

တာ့ဇီကသူကိုယ်တိုင် အိပ်ခန်းတံခါးကိုပိတ်လိုက်သော်လည်း သူကထွက်ချင်ပေမယ့် တံခါးကိုဘယ်လိုဖွင့်ရမလဲမသိပေ။ တာ့ဇီက စိတ်စောလာသည်၊

“ဖွင့်, ဖွင့်, ဖွင့်,” တာ့ဇီ၏အသံက ကောင်းဖန်၏စိတ်ထဲတွင်ပြည့်နှက်သွားတော့သည်၊ “ဖွင့်, ဖွင့်, ဖွင့်လို့”

## စာစဉ် ၄

ဟားဟား, ကောင်းဖန်ရယ်မိတော့သည်၊ သူကိုယ်တိုင်အတွက်ရေထည့်လိုက်သည်၊

"ဖွင့်, ဖွင့်စမ်း... မင်းမေလ*!"

ဖွီး! ကောင်းဖန်သူ့ပါးစပ်ထဲမှရေများကိုထွေးထုတ်မိတော့သည်။

***

## စာစဉ် ၄

## *အပိုင်း ၅၆ ငါ့မှာရောင်စုံဦးထုပ်ရှိတယ်*

ကောင်းဖန် အိပ်ခန်းတံခါးကိုဖွင့်လိုက်ပြီး သူ့မျက်နှာကမဲမှောင်နေသည်၊

တဲ့ဇီကသူ့သခင်ကိုလစ်လျူရှုကာ အိပ်ခန်းထဲမှတွားသွားထွက်လာပြီးနောက် သူ့ကိုယ်သူ ဆိုဖာအောက်တွင်လုံးထွေးနေတော့သည်၊

“မင်း ခွေးကောင်လေး, အောက်ကနေထွက်ခဲ့စမ်း၊ ပြောစမ်း, အဲ့စကားလုံးတွေဘယ်ကနေသင်လာတာလဲ?” ကောင်းဖန်က တဲ့ဇီကို ဆိုဖာအောက်ကနေဆွဲထုတ်လိုက်သည်၊

တဲ့ဇီက တုန်လှုပ်နေသည်၊ သူကထိုနေရာမှလှည့်လိုက်ပြီး, သူ့ခေါင်းကိုသူ့ဖင်အောက်၌ဖွက်ကာ ကလေးတစ်ယောက်က အမှားပြုမိသလိုမျိုးပြုလုပ်နေသည်၊

ကောင်းဖန်က တဲ့ဇီကိုစနေတာဖြစ်သည်၊ သူကဒါနဲ့ပတ်သတ်ပြီး ဂရုမစိုက်ပေ၊

# စာစဉ် ၄

ပြီးတော့ ဒီသားရဲတွေကအရွယ်ရောက်ပြီးလူတွေလိုမျိုး သိပ်ပြီးဉာဏ်မထက်ပေ, သူတို့ မှာ စွမ်းရည်တွေကို လိမ်လိမ်မာမာနှင့်သင်ယူနေဆဲသာဖြစ်သေးသည်၊ သူတို့ဘယ်အချိန်ဘာသင်ခဲ့တယ်ဆိုတာ မသေချာပေ၊

တာ့ဇီကို နှစ်သိမ့်ပြီးနောက်, ကောင်းဖန်ကလိုအပ်သည့်ပါဝင်ပစ္စည်းများအရ အသစ်ဝယ်လာတဲ့ ငွေရောင်သစ်ရွက်ကိုထုတ်လိုက်ပြီးနောက် တာ့ဇီကိုကြည့်လိုက်သည်၊

တာ့ဇီ ငွေရောင်သစ်ရွက်ကို နှစ်ပတ်ဆက်တိုက်လိုအပ်သည်၊ အခုခြောက်ရက်လောက် စားပြီးနောက်တွင်, နောက်ထပ်ရက်အတွက် နောက်ဆုံးအုပ်ချုပ်သူအဆင့်လျှပ်စီး သားရဲသလင်းကျောက်ကိုလိုအပ်သည်၊

ဒါပေမယ့်အုပ်ချုပ်သူအဆင့်လျှပ်စီးသားရဲသလင်းကျောက်သည်ရှားသည်၊ ဈေးကွက်ထဲမှာတော့ ခက်ခက်ခဲခဲရှာဖွေလျှင်ရနိုင်သည်။

ကောင်းပြီ, ဒါကအလွန်အမင်းရှားတာတော့လည်းမဟုတ်ပါဘူး, ဝယ်လိုအားဈေးကွက်ကို အရင်ရှာဖွေရမည်၊ အချိန်တော့ကုန်ပေမည်။

# စာစဉ် ၄

ကောင်းဖန်တွေ့ရှိသည့်ပျမ်းမျှဈေးနှုန်းရှိသည့် အုပ်ချုပ်သူအဆင့်လျှပ်စီးစွမ်းရည် သားရဲ၏သလင်းကျောက်ကသည် ခရက်ဒစ်အမှတ်၃၀၀မှတ်ဖြစ်သည်၊

သာမန်အုပ်ချုပ်သူအဆင့်သလင်းကျောက်သည် ခရက်ဒစ်မှတ်တစ်ရာ ဒါမှမဟုတ်နှစ်ရာသာကုန်ကျသည်၊ ဘာကြောင့်ဈေးက သုံးရာမှတ်ထိတက်သွားတာလဲဆိုတော့ တစ်အချက် ထိုအုပ်ချုပ်သူအဆင့်လျှပ်စီးသားရဲသလင်းကျောက်က ရှားသောကြောင့်ပင်, နှစ်ကတော့ လျှပ်စီးသားရဲတွေကများသောအားဖြင့်ဖျက်ဆီးတတ်ကြပြီး အမဲလိုက်ဖို့အတွက်ခက်ခဲသည်၊

နောက်ဆုံးတော့, ဒါကကလေးကစားစရာမဟုတ်, ဒါပေမယ့်တကယ့်ကိုပြင်းထန်သော အမဲလိုက်မှုဖြစ်သည်၊ ကြိုတင်ကာကွယ်ပြင်ဆင်ထားမှုမရှိလျှင်လျှပ်စီးသားရဲက အမဲလိုက်သူကို သတ်ပစ်နိုင်သည်၊

သေချာသည်က, ခရက်ဒစ်အမှတ်၃၀၀မှတ်သည်သိပ်မမြင့်ပါ၊ ဘယ်သားရဲကိုမဆိုသတ်ဖြတ်ခြင်းသည်

## စာစဉ် ၄

မိသားစုတစ်ခု၏တစ်ဘဝလုံးအတွက်ကျွေးမွေးနိုင်ဖို့အတွက် လုံလောက်သောငွေအမြောက်အမြားနှင့်လဲလှယ်နိုင်သည်၊

အမည်မသိသောတောတွေထဲတွင် အန္တရာယ်များနှင့်ပြည့်နှက်နေသည်၊ ဘယ်သူမှ ဘယ်လိုကြောက်စရာကောင်းတဲ့သားရဲအမျိုးအစားနှင့်တွေ့မယ်ဆိုတာကို မသိကြဘူး၊ ထို့အပြင် အမဲလိုက်သည့်လုပ်ငန်းသည်အလွန်အန္တရာယ်များသည်၊ နောက်ဆုံးတော့ ကပ်ဆိုးမတိုင်ခင်ကတည်းက ရှိုင်းစိုင်းနေကြကာ လူသားတွေရဲ့ထိန်းချုပ်မှုအောက်မှ လုံးဝကိုလွတ်မြောက်နေပြီဖြစ်သည်၊

သုံးရက်ကြိုတင်ကာ ကောင်းဖန်သည်သားရဲအမဲလိုက်အဖွဲ့အစည်းတွင် သူ၏ ကြော်ငြာစာကို အုပ်ချုပ်သူအဆင့်လျှပ်စီးသားရဲသလင်းကျောက်အတွက် မြင့်မားသောဈေးပေးမည်ဟု ပိုစ့်တင်လိုက်သည်၊ သူကခရက်ဒစ်အမှတ်၃၀၁မှတ်ကို ပေးဖို့ရည်ရွယ်ထားသည်၊

သူပေးသောဈေးသည် ပျမ်းမျှဈေးထက် ခရက်ဒစ်အမှတ်တစ်မှတ်ပိုပေးထားသည်၊

## စာစဉ် ၄

အစာစားခြင်းပြီးဆုံးပြီးနောက်, တာ့ဇီက အိပ်သွားတော့သည်၊ ငွေရောင်သစ်ရွက်က ၎င်းအပေါ်တွင် အိပ်ဆေးအကျိုးသက်ရောက်မှုရှိသည်၊

တစ်ဖက်တွင်တော့ ကောင်းဖန်ကသူ၏ အလုပ်ကိုတက်ကြွစွာလုပ်ဆောင်နေသည်၊ သူကလက်ချောင်းကိုထပ်ကိုက်လိုက်ပြီးနောက် သူ့လက်ချောင်းကိုဆီလီ၏ခေါင်းပေါ် သို့တင်လိုက်သည်၊

ဓားတစ်ချောင်းမလိုအပ်တော့ပေ။ ပုံမှန်အားဖြင့် ဆေးထိုးအပ်ဖြင့်တောင် သွေးစုဆောင်းနိုင်ပေမယ့် သွေးစာချုပ်လုပ်ငန်းစဉ်တွင်သွေးသည် သွေးနှင့်အနာကိုဖြတ်၍ ဝိညာဉ်နှစ်ခု ပေါင်းစည်းဖို့အတွက်ဆက်သွယ်ပေးသည့်အရာဖြစ်သည်။

အကယ်၍ သူက ဆေးထိုးအပ်ကိုအသုံးပြု၍ သွေးစုဆောင်းပြီးနောက် ၎င်းကိုသူ၏ လက်ချောင်းထိပ်မှ အစက်ချပါက သီအိုရီအရ၎င်းသည်လုပ်ဆောင်ရန်အဆင်ပြေသော် လည်းအဆင့်များစွာနှင့်ရှုပ်ထွေးသည်၊

## စာစဉ် ၄

သူ့လက်ချောင်းကိုဖောက်၍, သွေးစက်ကိုစုလိုက်ပြီးနောက် လက်ဖျားထိပ်မှသွေးစက်ကိုကျစေလိုက်သည်... ဒီနည်းလမ်းကသူ့လက်ကိုတိုက်ရိုက်ကိုက်လိုက်ပြီး သွေးထွက်အောင်လုပ်ခြင်းဖြစ်သည်၊ ရိုးရှင်းပြီး အားချွေတာနိုင်သည်၊

မပီသစွာ, မျက်လုံးမှိတ်လိုက်ပြီး, ကောင်းဖန်အကဲဆတ်သောအတွေးအမြင်များကို အာရုံခံစားမိလိုက်သည်။

နေရာလပ်က တဒ္ဓေ၏စိတ်စွမ်းအင်နေရာလပ်ထက်သေးပြီးအားနည်းသည်၊

နက်ရှိုင်းသောအတွေးအမြင်ရှုထောင့်ထဲတွင်, တွန့်ဆုတ်နေသောဝိညာဉ်တစ်ခုကို ဖုံးကွယ်နေသည်ကိုတွေ့မြင်လိုက်သည်၊

ကောင်းဖန် သူ၏ကြင်နာမှုကိုဖော်ထုတ်လိုက်သည်၊ ထိုကြောက်ရွံ့နေသောဝိညာဉ်က တုန်လှုပ်သွားသည်၊ ဒါက အထီးကျန်နေတဲ့ကလေးတစ်ယောက်လိုအမှောင်ထဲတွင် သူ့ကိုယ်သူ လုံးထွေးနေသည်၊

## စာစဉ် ၄

မှောင်နေသောညအပြင်ဘက်တွင် ပြတင်းပေါက်က ထိုကလေးကိုကြောက်ရွံ့စေသည်၊ သူကိုယ်သူဖက်ထားကာမှသာ နွေးထွေးမှုတစ်စုံတစ်ရာကိုခံစားမိလိုက်သည်၊

ကောင်းဖန်သူ၏ကြင်နာမှုကို ကြိုးစား၍ပို့လွှတ်ကြည့်လိုက်ပြီး ခံစားမှုကတော့ သူက ကလေးပြန်ပေးဆွဲသူလိုသရုပ်ဆောင်နေသကဲ့သို့ပင်။

နာရီသံတစ်ချက်ချက်ကဝေးကွာသွားသည်၊ ဆီလီ၏ဝိဉာဉ်သည် ၎င်း၏အတွေးအမြင် ရှုထောင့်၏ချောင်ကျသောနေရာလေးတွင်ပုန်းနေဆဲဖြစ်သည်၊

သူတို့နှစ်ယောက်ကြားထဲရှိဆက်သွယ်မှုသည် ရုတ်တရက်ပြတ်တောက်သွားသည်၊ ကောင်းဖန်မျက်လုံးဖွင့်လိုက်ပြီး အကူအညီမဲ့စွာနှင့်ဆီလီကိုကြည့်လိုက်သည်၊

သူ၏ရှေ့တွင်ရှိသည့် ဆီလီကတော့ခုဘာဖြစ်သွားမှန်းပင်မသိလိုက်ပေ၊ လေထဲတွင်လွင့်မြောနေပြီး, ၎င်း၏ဘဝဲလက်တို့သည်ယခင်အတိုင်း ယိမ်းနေသည်၊

# စာစဉ် ၄

ထို့နောက်ရတ်တရက်နိုးလာပြီး အလျင်အမြန်လွတ်မြောက်လိုဟန်ဖြင့် စားပွဲအောက်တွင် ပုန်းနေတော့သည်၊

ကောင်းဖန် သူ့မျက်နှာကိုပွတ်လိုက်ပြီး, ဘာလုပ်ရမှန်းမသိမသေမချာဖြစ်နေသည်၊ ကြည့်ရတာသူ့ဘက်က အလွန်ကတိုက်ကရိုက်ဖြစ်သွားပုံရသည်၊

သွေးစာချုပ်တွင်စာချုပ်ချုပ်နိုင်ရန် နှစ်ဖက်လုံး၏သဘောတူညီမှုကလိုအပ်ပြီး, တစ်ဖက်တည်းဆန္ဒတွေးတောကာ ဖြတ်ချလို့မရပေ၊

ဆီလီက တကယ့်ကိုဘေးမကင်းသောစိတ်ခံစားမှုကမြင့်နေသည်၊ ကောင်းဖန်က ဒါကို စိတ်စွမ်းအားနေရာလပ်တွင်ခံစားမိလိုက်တာဖြစ်သည်၊ ဆီလီရဲ့စိတ်ကရှုပ်ထွေးနေကာ, ဒါကြောင့်သူ၏ခံစားမှုကဆီလီရဲ့စိတ်ခံစားမှုဆီသို့ အလင်းလေးနှင့်မရေမရာသာဖြစ်နေသည်၊ သူက ၎င်း၏ နက်ရှိုင်းသည့် ရှက်ကြောက်နေသောစိတ်ကိုသာ ခံစားမိသည်၊

## စာစဥ် ၄

ကြည့်ရတာဆီလီရဲ့ဘေးမှာအကြာကြီးနေပေးဖို့လိုအပ်သည်နှင့်တူသည်၊

ဆီလီနှင့်အတူနေရန်က ခက်ခဲသည်တော့မဟုတ်ပေ၊ ၎င်း၏ကိုယ်ကိုကိုယ်ခုခံ ကာကွယ်မှုသည် အဓိကအချက်ဖြစ်သည်၊ အချိန်တိုအတွင်းချစ်ခင်မှုရှိလာလိမ့်မည်၊ အခုတော့သူတို့ဆက်ဆံရေးက မခိုင်မာသေးဘူး၊ သူတို့ဆက်ဆံရေးပိုပြီးတိုးတက်ဖို့ အတွက်အချိန်ပိုပြီးလိုအပ်သည်၊

…

နောက်နေ့တွင်, ကောင်းဖန်ကျောင်းသို့ပြန်သွားရသည်၊

ဆီလီနှင့်ဆက်ဆံရေးတိုးတက်ရန်, သူကဆီလီကိုလည်းကျောင်းသို့ခေါ်လာခဲ့သည်၊

တာ့ဇီကို ဆီလီအား ကာကွယ်ဂရုစိုက်ရန်အမိန့်ပေးပြီးနောက် ကောင်းဖန်အတန်းတက်ရန်အတွက် ပညာရေးအဆောက်အဦသို့သွားလိုက်သည်၊

နေ့လည်ခင်း, သူအတန်းဆင်းပြီး ထိုအဆောက်အအုံမှထွက်လာတော့ ဆီလီက

## စာစဉ် ၄

တိတ်ဆိတ်စွာနဲ့တာ့ဇီရဲ့ခေါင်းပေါ်တွင်လှဲနေတာကို ကောင်းဖန် အံ့သြစွာနဲ့တွေ့လိုက်ရသည်၊ တာ့ဇီဘက်ကလဲခုခံခြင်းမရှိပေ။

မနေ့က သူတို့အချင်းချင်းမကြိုက်ပေမယ့်, အခုတော့ အရင်းနှီးဆုံးသူငယ်ချင်းကဲ့သို့ပင် မြင်လိုက်ရသည်၊ ကောင်းဖန်ရုတ်တရက်ရှုပ်ထွေးသွားသည်၊ ငါတော့သားရဲတွေရဲ့ သူငယ်ချင်းဆက်ဆံရေးကိုနားမလည်နိုင်တော့ဘူး၊

နေ့ခင်းပိုင်းနေက ကွန်ကရစ်တွေကိုဖုတ်သလိုဖြစ်နေပြီး, လေ့ကျင့်ရေးကွင်းသည် လည်းခြောက်သွေ့ပြီး ပူလောင်နေသည်၊

တာ့ဇီကကြိုးစားပမ်းစားနှင့်မြေပြင်ပေါ်တွင်လေ့ကျင့်နေပြီး ကောင်းဖန်ကတော့ အရောင်စုံနေသည့်ဦးထုပ်ကို သင်ကြားပေးနေစဉ်အတွင်းဝတ်ထားသည်၊

ဦးထုပ်က မျက်စိကိုဖမ်းစားနေပြီး လှပသောအရောင်များဖြင့်တောက်ပနေသည်၊ ထိုအရာက နေရောင်အောက်တွင်တောက်ပနေသည်၊ ၎င်းကလူအများ၏အာရုံကို ဆွဲဆောင်နေတော့သည်၊

“အဲ့လူရဲ့ဦးထုပ်က တော်တော်ကို…ရုပ်ဆိုးတာဘဲ”

## စာစဉ် ၄

“ပုံစံကအရောင်လည်းစုံပြီးတော့ ဖောက်လည်းမြင်ရတယ်ဟ”

ကောင်းဖန်က ပတ်လည်ကဆွေးနွေးနေမှုတွေကို လျစ်လျူရှုထားသည်၊ ရောင်စုံခရစ်စတယ်ဦးထုပ်အစွန်းတွင် ထူသောဘဝဲလက်များသည်အောက်သို့ကျနေပြီး ကောင်းဖန် ကိုအတော်ရုပ်ဆိုးစေသည်။

“အရမ်းကောင်းတဲ့ဦးထုပ်ဘဲ” မုထျယ်ရင်းရဲ့အသံကထွက်လာသည်၊

“ကျေးဇူးဘဲ၊ ဒါပေမယ့် ဘယ်ကတည်းကလိမ်တတ်အောင်သင်ထားတာလဲ?” ကောင်းဖန်ကတည်ငြိမ်နေသည်၊ သူကသူ့ဦးထုပ်ကိုချွတ်လိုက်ပြီး လက်ဆန့်လိုက်ကာ ဦးထုပ်ထဲသို့နှိုက်လိုက်.....ပြီးgreen teaအေးတစ်ဘူးကိုထုတ်လိုက်သည်၊

မုထျယ်ရင်းရှုပ်ထွေးသွားသည်၊

ကောင်းဖန်က green tea ကိုမုထျယ်ရင်းကိုပေးကာပြောလိုက်သည်၊

“နည်းနည်းသောက်လိုချင်လား? ဒါကလက်ဖက်ရည်အေးလေ”

## စာစဉ် ၄

မုထျယ်ရင်းက ခေါင်းကိုယမ်းလိုက်သည်၊ “နိုး၊ ကျေးဇူး, ငါကခေါက်ဆွဲရည်ကို ပိုကြိုက်တယ်”

ထို့နောက်ကောင်းဖန်က သူ့လက်တွေကိုဦးထုပ်ထဲသို့ထပ်ထည့်လိုက်ပြန်ကာ, အေးနေသောအငွေ့များထွက်နေသည့်ခေါက်ဆွဲရည်အေးဘူးတစ်ဘူးကို ထပ်ထုပ်လိုက်သည်၊

“နင့်ရဲ့ ဦးထုပ်...” မုထျယ်ယင်းကနောက်ဆုံးတော့ မတတ်သာစွာနှင့်မေးလိုက်တော့သည်၊

“ဒါ ဂျယ်လီငါးပျံလေ, နေရာလပ်စွမ်းအင်သားရဲ”

ကောင်းဖန်ပြုံးလိုက်သည်၊

မုထျယ်ရင်းရုတ်တရက် ဉာဏ်အလင်းပွင့်သွားတော့သည်၊

သူမ ဂျယ်လီငါးပျံအကြောင်းကိုကြားဖူးသည်၊

“မင်းရဲ့ ကြာစေ့လေးရောဘယ်လိုလဲ? သူပြန်ကောင်းပြီလား? ငါထင်တာတော့ သူမ အတော်ကိုပြောင်းလဲသွားသလိုပဲ, သူမကအရင်ကထက်ပိုပြီးရဲရင့်လာတယ်” ကောင်းဖန် သူ့ကိုရဲရင့်စွာနဲ့စိုက်ကြည့်နေသည့်ကြာစေ့လေးကိုကြည့်လိုက်သည်၊

## စာစဥ် ၄

“ သူမ ပြန်ကောင်းခါနီးနီးဘဲ၊ အရင်တစ်ကြိမ်ကတည်းက, သူမဆက်ဆံရေးကတကကယ့်ကိုအများကြီးပြောင်းလဲသွားသည်”

မုထျယ်ရင်းကနူးညံ့စွာနဲ့

ကြာစေ့လေးရဲ့ကြီးမားသောခေါင်းကိုပုတ်လိုက်သည်။

***

## စာစဉ် ၄

### *အပိုင်း ၅၇ နဂါးကြွက်*

လွန်ခဲ့သည့်ရက်အနည်းငယ်ကနှင့်ယှဉ်လျှင် ကြာစေ့လေးသည် ယခင်ကထက် ပိုလို့ရဲရင့်လာခဲ့သည်။ အနည်းဆုံးတော့ သူစိမ်းများရှေ့တွင် ကြောက်ရွံ့မှုပုံစံကို ထပ်မပြတော့ဘဲ တည့်တည့်ကြည့်ရဲနေပေပြီ။

မုထျယ်ယင်းနှင့် ခဏလောက် ပျော်ပျော်ရွှင်ရွှင်စကားပြောပြီးနောက် မုထျယ်ယင်းလဲ ကြာစေ့လေးနှင့် ပြန်ထွက်သွားခဲ့သည်။

ကောင်းဖန် လက်ဖဝါးပေါ်တွင် ပျော်ပျော်ရွှင်ရွှင်နှင့် ဦးထုပ်ပုံစံ ‘သေဟန်ဆောင်နေသော’ ဆီလီသည်လဲ ပြန်လည်သက်ဝင်လာခဲ့သည်။ သူက ဂရုတစိုက်ပြန်ထလာသည်။ ငှက်အမျိုးအစားသားရဲမျိုးစုံ အနီးပတ်ဝန်းကျင်တွင် ပျံသန်းနေသည်က သူ့ကိုမသက်မသာခံစားနေစေရသည်။

## စာစဉ် ၄

ကောင်းဖန်လဲ သူ့လက်ဖဝါးပေါ်မှ ဆီလီက 'ပုချီပုချီ'အသံပြုကာ အသင့်အတင့်ရုန်းကန်ဟန်ပြုရင်း လေထဲသို့ပျံဖို့လုပ်နေသည်ကို ခံစားမိသည်။

ထို့နောက် ဆီလီက လေထဲတွင်မျောလွင့်လိုက်ကာ ကောင်းဖန်ခေါင်းပေါ်ပြန်ရောက်ရှိသွားသည်။ ၎င်းက တစ်ဖန်ပြန်လည်ပြီး အရောင်စုံဦးထုပ်ပုံစံဖြစ်သွားသည်။ ဦးထုပ်တစ်လုံးအနေနှင့်တော့ ၎င်းက သိပ်မကြီးဘဲ ကွက်တိအနေအထားဖြစ်ကာ ကောင်းဖန်၏ခေါင်းတစ်ခုလုံးကို အုပ်မိရုံသာကြီးသည်။

ကောင်းကင်ပေါ်သို့ ဘာစကားမှမပြောဘဲ ကောင်းဖန်မော့ကြည့်နေရင်းဖြင့် သူ့လက်ထဲမှ green teaကုဖောက်ကာ တစ်ငုံသောက်လိုက်သည်။ တကယ်ကိုပဲ လက်ဖက်စိမ်းဆိုတာ အေးအေးလေးမှ ပိုသောက်လို့ကောင်းတာပင်။

ယနေ့အတွက် လေ့ကျင့်ဖို့သားရဲကို လှောင်အိမ်တစ်ခုနှင့်ယူဆောင်လာသည်။ ၎င်းသည် ရောမသတ္တုခရမ်းရောင်ကင်းမြီးကောက်တစ်ကောင်ဖြစ်ကာ အရွယ်အစားကတော့ အလွန်ကြီးမားသည်။ သူ့အမြီးမပါသေးရင်တောင်မှ

## စာစဉ် ၄

ဖြပေလောက်အထိရှည်သည်။ ၎င်း၏အမြီးကတော့ ခန္ဓာကိုယ်တစ်ခုလုံးစာလောက်ပင် ရှည်ကာ ခြေထောက်နှင့်တစ်ပေခွဲခန့်ရှည်လျားသည့်ခြေသည်းများကတော့ အေးစက်ကာတောက်ပသည့်နေသည်။

ဤရောမကင်းမြီးကောက်ကြီး၏ ခန္ဓာကိုယ်တစ်ခုလုံးသည် ခရမ်းရောင်ဖြစ်ကာ လွန်စွာသန်မာပုံပေါ်သည်။ အခုလောလောဆယ်တော့ ၎င်းသည် လှောင်အိမ်ထဲတွင် ကွေးနေကာ သူ့လက်သည်းများကတော့ လှောင်အိမ်ကိုပွတ်ဆွဲရင်း ဆူညံသံများပြုလုပ်နေသည်။

[မကောင်းဆိုးဝါး အမည်] : ခရမ်းရောင်သတ္တုကင်းမြီးကောက်

[မကောင်းဆိုးဝါး အဆင့်] : ၁၄

[မကောင်းဆိုးဝါး အဆင့်အတန်း] : အထူးအဆင့်

[မကောင်းဆိုးဝါး စွမ်းရည်] : သတ္တု/ မြေကြီး

[မကောင်းဆိုးဝါး အခြေအနေ] : ကျန်းမာ (ပျော်ရွှင်)

[မကောင်းဆိုးဝါး အားနည်းချက်] : အမှောင်/ လျှပ်စီး

## စာစဉ် ၄

[မကောင်းဆိုးဝါး၏အကြိုက်] : မာကြောသည့်အရာဝတ္ထုများပေါ်သို့ ရောမလက်သည်းများဖြင့် ကုတ်ခြစ်ခြင်း

"ဒီနေ့သားရဲကို ဘယ်သူစိန်ခေါ်ချင်လဲ? ချန်အန်းတစ်ဝိုက်မှာ ကင်းမြီးကောက်အမျိုးအစားအများကြီးရှိတယ်၊ ဒါကြောင့် မင်းတို့ တစ်ချိန်ချိန်ကျရင် ဒီကောင်တွေနဲ့ သေချာပေါက် ရင်ဆိုင်တွေ့ဆုံရမှာပဲ။ အခုကတည်းက ဒီအခွင့်အရေးကို အသုံးချပြီး ကင်းမြီးကောက်အမျိုးအစားသားရဲနဲ့ တိုက်ဖူးအောင် လုပ်လို့ရယ်။" နည်းပြချန်က အပြုံးတစ်ပွင့်ဖြင့် ပြောလာသည်။

ခရမ်းရောင်သတ္တုကင်းမြီးကောက်.... ဒီသားရဲရဲ့ ပင်ကိုယ်လက္ခဏာတွေက ကောင်းဖန်၏စိတ်ထဲပေါ်လာခဲ့သည်။ ၎င်းသည် ကင်းမြီးကောက်အမျိုးအစားဖြစ်ကာ သဲကန္တာရတွင်နေထိုင်ကြသည်။ ကပ်ဘေးမတိုင်ခင်က ၎င်းတို့သည် ချန်အန်းအနီးမှ သဲကန္တာရတွင် ကျက်စားခဲ့သည်။ ကပ်ဘေးပြီးသည့်ကာလတွင်တော့ ဗီဇပြောင်းလဲသွားကြပြီး ခရမ်းရောင်သတ္တုကင်းမြီးကောက်အဖြစ်သို့ ဆင့်ကဲပြောင်းလဲလာကြသည်။

## စာစဉ် ၄

ငင်းတို့သည် အဆိပ်မရှိသည့်ရှားပါးသော ကင်းမြီးကောက်မျိုးစိတ်များပင်။ အဆိပ်မရှိဘူးဆိုပေမယ့်လဲ ငင်းတို့၏ခန္ဓာကိုယ်ကတော့ အဆိပ်ဒဏ်ခံနိုင်မှုမြင့်မားကာ အဆိပ်အများစုကို ခုခံနိုင်စွမ်းရှိသည်။

ဤရောမကင်းမြီးကောက်များတွင် သူတို့သားကောင်၏ ခန္ဓာကိုယ်များ ခေါင်းများကို ချေမွပစ်နိုင်သည့် ရောမလက်သည်းကြီးများလဲ ရှိကြသည်။ ဒါပေမယ့် အခုလက်ရှိတစ်ကောင်ကတော့ ပုံမှန်ခရမ်းရောင်သတ္တုကင်းမြီးကောက်များထက် အနည်းငယ်ပိုငယ်ကာ အခုမှ ကြီးထွားမှုအဆင့်မှာပဲ ရှိသေးပုံပေါ်သည်။

အရွယ်ရောက်ခရမ်းရောင်သတ္တုကင်းမြီးကောက်တစ်ကောင်တွင်ဆိုလျှင် ၉ပေရှည်သည့်ခန္ဓာကိုယ်နှင့် ၆မီတာအထိရှည့်အမြီးတစ်ချောင်း ပါရှိလိမ့်မည်။

ဤခရမ်းရောင်သတ္တုကင်းမြီးကောက်သည် အများစုသော ငင်းကဲ့သို့ကင်းမြီးကောက်သားရဲအမျိုးအစားများကဲ့သို့ ရက်စက်ကာ ကြမ်းတမ်းသည့်အမူအကျင့်များကို အမွေဆက်ခံထားသည်။

## စာစဉ် ၄

ဂျစ်၊ ဂျစ်၊ ဂျစ်!

လက်သည်းနှင့်ခြစ်သံများက ပိုလို့ကြိမ်နှုန်းတိုးလာခဲ့ကာ ၎င်းက သူ့ရန်သူများကို ကြောက်လန့်စေရန် ကြိုးစားနေသည်နှင့်ပင် တူသည်။ ခရမ်းရောင်သတ္တုကင်းမြီးကောက်သည် စိတ်လှုပ်ရှားစွာဖြင့် လက်သည်းနှင့်ခြစ်နေကာ ပိုခြစ်မိလေ ပိုပျော်လာလေဖြစ်နေပုံပင်။

တစ်ခုခုတော့ လွဲနေပြီ....

ခရမ်းရောင်သတ္တုကင်းမြီးကောက်သည် စိတ်လှုပ်ရှားစွာဖြင့် သူ့ခေါင်းနှင့်အမြီးကို လှုပ်ရမ်းလို့နေသည်။ ၎င်းပုံစံက သူ့ဘာသာပင် လှောင်အိမ်ထဲဝင်နေပုံနှင့်တူလွန်းလှသည်။ တစ်ယောက်ယောက်ကသာ နောက်ခံသီချင်းလေးဖွင့်ပေးလိုက်ပါက အရမ်းကိုလိုက်ဖက်ညီနေတော့မည်။

သူ့လက်သည်းနဲ့ သူ့ဘာသာခြစ်ရင်း ပျော်နေတယ်တဲ့လား ဘယ်လိုတောင် တုံးအရတဲ့ကင်းမြီးကောက်လဲ။

တာ့ဇီ၏မျက်လုံးများထဲတွင်တော့ ဒေါသထွက်နေသည့်အကြည့်မျိုးရှိနေခဲ့သည်။

# စာစဉ် ၄

လေ့ကျင့်မှုအချိန်များဖြတ်သန်းကျော်ဖြတ်လာကြပြီးနောက် သားရဲလေ့ကျင့်သူဗိုလ်လောင်းများအားလုံးသည် ရဲရင့်မှုများစွာ ပိုင်ဆိုင်လာခဲ့ကြပြီး သားရဲများနှင့်စိန်ခေါ်ရမည်ကို မကြောက်ကြတော့ပေ။

"နည်းပြ၊ ကျွန်တော်စိန်ခေါ်ချင်ပါတယ်။" တစ်ယောက်က လက်ထောင်ကာ ပြောလိုက်သည်။ ကောင်းဖန်မှလွဲ၍ တခြားလူတော်တော်များများ သူတို့လက်များကို ထောင်ခဲ့ကြသည်။

ကောင်းဖန်ကတော့ ထိုမြင်ကွင်းကို တိတ်တိတ်ဆိတ်ဆိတ်ဖြင့် ကြည့်ရှုံသာကြည့်လို့နေသည်။ တခြားလူများက ဒီသားရဲ၏အဆင့်နှင့်အဆင့်အတန်းကို မမြင်နိုင်ပေမည့် သူကတော့ ရှင်းရှင်းလင်းလင်းကို မြင်နိုင်ပေသည်။

အမှန်တော့၊ ခရမ်းရောင်သတ္တုကင်းမြီးကောက်သည် ခက်ခဲသည့်အဆင့်ဖြစ်ကာ ဒီကလေးတွေအတွက် အနည်းငယ်မြင့်လွန်းသည့်ပြိုင်ဘက်ပင်။ ဒီကလေးတွေရဲ့ သားရဲအများစုသည် အဆင့်၁၀ရောက်ရုံသာရှိကြပြီး တချို့ဆိုလျှင် အဆင့်၇၊ ၈ လောက်ပဲ ရှိနေသေးတာတောင် ရှိသေးသည်။ ဒါ့အပြင်

## စာစဉ် ၄

ခရမ်းရောင်သတ္တုကြင်းမြီးကောက်ကတော့ အထူးအဆင့်တောင်ရောက်နေသည်။

ဒါ ဘယ်လိုမှ ပြိုင်ပွဲမဖြစ်လာနိုင်ဘူး။

ယခုအချိန်တွင် တာ့ဇီသည်လဲ အထူးအဆင့်ဖြစ်ကာ ခရမ်းရောင်သတ္တုကြင်းမြီးကောက်နှင့် အဆင့်အတူတူပင်ဖြစ်သည်။ ခရမ်းရောင်သတ္တုကြင်းမြီးကောက်တွင် မြင့်မားသည့်အဆိပ်ဒဏ်ခံနိုင်စွမ်းကလဲရှိသေးတာကြောင့် ထိပ်တိုက်ရင်ဆိုင်တိုက်ခိုက်ပါက အနိုင်ရနိုင်ချေက ၅၀-၅၀သာရှိသည်။

ဒါကြောင့်ဘဲ ကောင်းဖန် ဒီကလေးတွေကိုသူ့အတွက်ရေလို အစစ်ဆေးခံပြီး အကယ်၍များ ခရမ်းရောင်သတ္တုကြင်းမြီးကောက်၌ အခြားတိုက်ခိုက်သောနည်းလမ်းများရှိ မရှိကိုစစ်ဆေးရန်လိုအပ်သည်။

ကောင်းဖန် သူ့ဘေးကတာ့ဇီနဲ့အတူဖြောင့်မတ်စွာရပ်လိုက်ပြီး သူ့လက်များကိုရှေ့တွင် ဆုပ်ကိုင်ထားကာ မျက်နှာပေါ်တွင်ခက်ထန်သောအမူအရာရှိနေသည်၊

သူ၏ကြမ်းတမ်းသောပုံစံက သူ့ကိုကျွမ်းကျင်သူတစ်ယောက်၏ပုံစံနှင့် တူစေကာ သေချာသည်က

## စာစဉ် ၄

သူ့ခေါင်းပေါ်တွင် သက်တန့်ရောင်ဦးထုပ်တစ်ခုမရှိပါက ပိုကြည့်ကောင်းလိမ့်မည်။

“ကောင်းဖန်, မင်း ဒီသားရဲနဲ့စိန်ခေါ်ဖို့မရည်ရွယ်ထားဘူးလား?” ကျန်းရန်ပိုင်က ကောင်းဖန်ကိုပြောလိုက်သည်၊ ဒီနေ့ ခရမ်းရောင်သတ္တုကင်းမြီးကောက်ကို ကောင်းဖန်အတွက် အထူးပြင်ဆင်ထားခြင်းပင်၊ ဒီလူငါးယောက်အဖွဲ့မှာ, ကောင်းဖန်ရဲ့ခရမ်းရောင်ကျောပြင်မိုးကြိုးကင်းခြေများသာလျှင် ခရမ်းရောင်သတ္တုကင်းမြီးကောက်ကို တိုက်ခိုက်ဖို့အခွင့်အရေးရှိသည်။

“ကျွန်တော်ဒီတစ်ခါတော့ တခြားသူတွေအတွက် ဒီအခွင့်အရေးကိုစွန့်လိုက်မယ်၊ ကျွန်တော် အမြဲတမ်းသားရဲကို ပထမဆုံးစိန်မခေါ်ချင်ဘူး, ဒါကတခြားသူတွေအတွက်လည်း မမျှတဘူး။” ကောင်းဖန်ကယဉ်ကျေးစွာနဲ့သူ့ခေါင်းကိုယမ်းကာပြောလိုက်သည်၊

အဖွဲ့ထဲမှာ, ကျန်တဲ့သူအားလုံးတွင် ကောင်းဖန်အပေါ်၌ မနာလိုသလိုမျိုး မကောင်းသောခံစားမှုတို့ရှိသည်၊ ဒါပေမယ့်

## စာစဉ် ၄

ကောင်းဖန်ဆီမှထိုစကားများကိုကြားသောအခါ ကောင်းဖန်အပေါ် သူတို့ထင်မြင်ချက်တွေ ချက်ချင်းပြောင်းလဲသွားတော့သည်၊

တစ်ချိန်တည်းမှာပင် သူတို့၏စိတ်နှလုံးထဲတွင် အနည်းငယ်အပြစ်ရှိသည်ဟုခံစားလိုက် ရသည်၊

ငါတို့အားလုံး ဒီတစ်ချိန်လုံးသူ့အပေါ်မှာ အထင်မှားနေခဲ့သည်, , သူက ငါတို့အတွက်ဒီလိုကိစ္စလေးတွေကအစ စာနာထောက်ထားပေးနေတာပဲ။

ကျန်းရန်ပိုင်၏နှုတ်ခမ်းထောင့်စွန်းများသည် တွန့်သွားတော့သည်၊ သေချာတာပေါ့ , ငါမင်းကိုမယုံဘူး၊

နည်းပြတစ်ဦးအနေဖြင့် သူသည်ဤသားရဲများ၏ စွမ်းရည်တွေကို အပြည့်အဝနားလည်သည်၊

မင်းတို့အားလုံးကိုယ့်သေတွင်းကို တူးနေကြတာလား။

ဒါပေမယ့်နည်းပြတစ်ယောက်အနေနဲ့ သူကလေ့ကျင့်မှုကိုသာ တာဝန်ယူရမှာဖြစ်သည်၊ သူသည်အခြားများစွာသောကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုနိုင်ပေ၊ အများဆုံးမှ သူသည် ဘယ်သားရဲနဲ့ ကင်းမြီးကောက်ကို စိန်ခေါ်ရမလဲဆိုတာကိုသာရွေးနိုင်သည်၊

# စာစဉ် ၄

“ဒါဆိုရင်တော့ မင်းကပထမဆုံးစိန်ခေါ်တဲ့သူအဖြစ်လုပ်လိုက်” ကျန်းရန်ပိုင် သူ့ခေါင်းကို ယမ်းလိုက်ပြီး တဇွဖြီးလျှင် အသန်မာဆုံးသားရဲကိုသာ ညွှန်ပြလိုက်သည်၊

ဒါက နဂါးကြက်ဖြစ်သည်၊ ၎င်းကိုနဂါးကြက်ဟုခေါ်သော်လည်း တကယ်တော့ ကပ်ဆိုးကြီးပြီးနောက်သန္ဓေပြောင်းလဲထားသော ရစ်ငှက်ဖြစ်သည်၊ သူ့ခန္ဓာကိုယ်က အရမ်းသန်စွမ်းပြီး ၎င်း၏ထိပ်တွင်တောက်ပသောအနီရောင်ငှက်အမောက်ရှိသည်၊ ၎င်းကအရမ်းနီနေပြီး ကြည့်ရသည်မှာ သွေးတွေကၡင်းပေါ်သို့စီးကျထားသည့်အတိုင်း ပင်ဖြစ်သည်၊

၎င်းသည်ပျံသန်းနိုင်သည့်စွမ်းရည်အပေါ်တွင် စွန့်လွှတ်ထားသည့်သားရဲပုံဖြစ်နေပြီး ထိုအစား၎င်း၏ခန္ဓာကိုယ်တစ်ခုလုံးရှိ ကြွက်သားများကိုသန်မာပြီးအကြမ်းခံနိုင်အောင် ဖွံ့ဖြိုးစေခဲ့သည်၊ ၎င်း၏ကြီးမားသောကားထွက်နေသောကြွက်သားများသည် ကြည့်ရသည်မှာ တကယ်အလွန်ကိုအရသာရှိလောက်သည်။

## စာစဉ် ၄

ငါဘာတွေစဉ်းစားနေတာလဲ! ကောင်းဖန်သူ့ခေါင်းကိုမြန်မြန်ခါယမ်းလိုက်သည်၊

ဒီနဂါးကြက်သည် ခြောက်ပေလောက်ရှည်လျားသည်၊ ၎င်း၏အဝါရောင်မျက်လုံးများက အနည်းငယ်သွေးရောင်သန်းနေပြီး ၎င်း၌အကြမ်းဖျင်းအားဖြင့် လူ့လက်ဖဝါးတစ်ခုစာရှိသော အနက်ရောင်နှုတ်သီးရှိသည်၊

ကောင်းဖန်က ထိုနဂါးကြက်သည်နှုတ်သီးဖြင့်ဖောက်ခြင်းကို တစ်စင်တီမီတာ အထူရှိသောထူသည့်သတ္တုဘုတ်ပြားနှင့်လေ့ကျင့်တာကိုတွေ့ခဲ့ဖူးသည်၊

၎င်း၏ပြောင်စင်နေသော ကြက်ခြေထောက်များ၏ ခြေလမ်းတစ်လှမ်းချင်းစီတိုင်းသည် စွမ်းအင်ပြည့်ဝနေပြီး မြင့်မြတ်ထူးကဲနေသည်၊

ဒါကတာ့ဇီအပြင်တခြားပတ်လည်တွင်ရှိသော အခြားထိပ်တန်းအဆင့်သားရဲဖြစ်ပြီး, ၎င်း၏အဆင့်မှာ၁၁ဖြစ်သည်၊ ဒါပေမယ့် စိတ်မကောင်းစွာနဲ့ဘဲ သူ့ရဲ့အဆင့်အတန်းက သာမန်အဆင့်သာဖြစ်သည်၊

## စာစဉ် ၄

နဂါးကြွက်သည် လှောင်အိမ်ထဲသို့ဖြေးဖြေးချင်းလမ်းလျှောက်ကာဝင်သွားသည်၊ ၎င်းကချက်ချင်းတိုက်ခိုက်ခြင်းမရှိသေးပေမယ့် ခရမ်းရောင်သတ္တုကင်းမြီးကောက်၏ ပတ်ပတ်လည်ကို သတိကြီးစွာလှည့်ပတ်နေသည်၊

ခရမ်းရောင်သတ္တုကင်းမြီးကောက်သည် တစ်စုံတစ်ခုကလှောင်အိမ်ထဲသို့ ဝင်လာသည်ကိုခံစားလိုက်ရပြီး သူ၏လက်သည်းများလှုပ်ရှားနေမှုကိုရပ်တန့်လိုက်သည်၊

၎င်းကသူ၏ ကိုယ်ပိုင်ဖျော်ဖြေနေမှုက အဆက်ပြတ်သွားခဲ့သောကြောင့် စိတ်ပျက်နေပြီးခရမ်းရောင်သတ္တုကင်းမြီးကောက်၏မျက်နှာပေါ်တွင် ကြောက်စရာကောင်းသော အကြည့်ကပေါ်လာပြီး သူကနဂါးကြွက်ကိုလှည့်ကြည့်လိုက်သည်၊

နဂါးကြွက်က ဒီလောက်ကြီးမားသောကင်းမြီးကောက်ကို ပထမဆုံးမြင်လိုက်ရခြင်းကြောင့် အထင်အရှားကို ကြက်သေသေနေသည်၊ ၎င်းကသတိထားလျက်  ကင်းမြီးကောက်ကို

## စာစဉ် ၄

ဆက်ပြီးစက်ဝိုင်းပုံစံလှည့်ပတ်နေကာ, တိုက်ခိုက်မှုကိုလက်ဦးမှု မယူသေးပေ၊

ခရမ်းရောင်သတ္တုကင်းမြီးကောက်လည်းထိုကဲ့သို့ပင်၊ သူ့ခန္ဓာကိုယ်ကို စလှည့်လိုက်သည်၊

ဘာကြောင့်လဲဆိုတော့ သူ့ခန္ဓာကိုယ်လမ်းကြောင်းတိုင်းဆိုလျှင် လှည့်ရသောလှုပ်ရှားမှုများသည်သူ့အတွက်ခက်ခဲပြီး, သူ၏လှုပ်ရှားမှုကိုတောင့်တောင့်ကြီးဖြစ်စေသည်၊

ဘန်း !

ကင်းမြီးကောက်၏လက်သည်းနှစ်ခုလုံးက ကွန်ကရစ်မြေပြင်နှင့်ကြမ်းတမ်းစွာရိုက်ချလိုက်ပြီး တစ်ချိန်တည်းနီးပါး စူးနေသောရိုက်ချသံကိုပေးလိုက်သည်၊

ခရမ်းရောင်သတ္တုကင်းမြီးကောက်သည် နဂါးကြက်ဆီကိုအပြင်းအထန်ပြေးသွားတော့သည်၊

မင်းရဲ့သောက်ရမ်းစိတ်ပျက်ဖို့ကောင်းတဲ့ စက်ဝိုင်းလိုလှည့်နေတာကိုရပ်လိုက်တော့, ငါတောင် တစ်ပတ်လှည့်ပြီးနေပြီဟ!

# စာစဉ် ၄

***

# စာစဉ် ၄

## *အပိုင်း ၅၈ မိုးကြိုးကင်းခြေများ VS ခရမ်းရောင်သတ္တုကင်းမြီးကောက်*

ကောင်းဖန်က ခါးကိုင်းကာ တာ့ဇီခေါင်းကို ပုတ်ပေးလိုက်ပြီး၊ "မင်းမြင်လား? နောက်ပိုင်း ဒီကင်းမြီးကောက်ရဲ့ မှတ်ထား...."

သို့သော် အလွန်လျင်မြန်စွာပဲ တစ်စုံတစ်ခုတော့မှားယွင်းနေကြောင်း သူသတိထားမိသွားသည်။ တာ့ဇီက နဂါးကြက်ကိုသာ စေ့စေ့ကြည့်နေပြီး သွားရည်များပင်ကျလို့နေသည်။

ကောင်းဖန်လဲ တာ့ဇီခေါင်းကို တစ်ချက်ခေါက်လိုက်ကာ၊ "ငါမင်းကို နဂါးကြက် ကြည့်ခိုင်းတာမဟုတ်ဘူး၊ ခရမ်းရောင်သတ္တုကင်းမြီးကြောက်ကို ကြည့်ခိုင်းတာ! သူ့တိုက်ကွက်တွေကိုမှတ်ထား၊ ပြီးကျရင် မင်းကို သူနဲ့တိုက်ဖို့ လွှတ်မှာ။"

တာ့ဇီလဲ သူ့သခင်ဘက်သို့ ခေါင်းစောင်းကြည့်လိုက်ကာ ခေါင်းညိတ်ပြလိုက်သည်။

## စာစဉ် ၄

ခရမ်းရောင်သတ္တုကင်းမြီးကောက်သည် လွန်စွာလျင်မြန်လှကာ လျှပ်တပြက်အတွင်းမှာပဲ နဂါးကြက်ကို သူ့လက်မနှစ်ဖက်ဖြင့် ပြင်းထန်စွာထိုးနှက်လိုက်သည်။

နဂါးကြက်၏တုံ့ပြန်ချက်က ပိုတောင်မြန်လို့နေသေးသည်။ သူ့ရဲ့သန်မာသည့်ခြေနှစ်ဖက်ကိုသုံးကာ လေထဲသို့ခုန်တက်ရင်း ကင်းမြီးကောက်၏လက်မများကို ရှောင်ရှားလိုက်သည်။

သို့ပေမည့် နဂါးကြက်ခုန်တက်လိုက်ချိန်တွင်ပဲ ခရမ်းရောင်သတ္တုကင်းမြီးကောက်၏ရှည်လျားလှသည့် အမြီးက မြှားတစ်စင်းပမာ ပစ်ဝင်သွားသည်!

ရုတ်ချည်းလျင်မြန်လွန်းလှသည့် လှုပ်ရှားပုံက နောက်ကွယ်မှာပင် ပုံရိပ်ထင်ကျန်စေခဲ့သည်။

စွက်~~

လေထဲသို့ အရာဝတ္ထုတစ်ခုဖြတ်သန်းသွားသံက အားလုံးကြားရလောက်အောင် ထွက်ပေါ်လာခဲ့သည်။

နဂါးကြက်မှာ ကင်းမြီးကောက်ကို ရှောင်ရန်အချိန်မရှိတော့ဘဲ သူ့ရင်ဘက်ထံသို့ အမြီးထိုးစိုက်ခံလိုက်ရတော့သည်။

## စာစဉ် ၄

ကျေးဇူးတင်စရာကောင်းသည်မှာ ၎င်း၏သန်မာသည့် ကြွက်သားများမှာ အလုပြရုံသက်သက်ရှိနေခြင်းမဟုတ်ပေ။ အမြီးအဆုံးနားမှချွန်ထက်သည့်အစိတ်အပိုင်းလေးကသာ နဂါးကြွက်၏အသားကို ထိုးဖောက်နိုင်ခဲ့ပြီး ကျန်အမြီးတစ်ပိုင်းလုံးကတော့ ထိုးဖောက်နိုင်စွမ်းမရှိခဲ့ပေ။

နဂါးကြွက်အတွက်တော့ ကံကောင်းသွားကာ ခရမ်းရောင်သတ္တုကင်းမြီးကောက်တွင် အဆိပ်မရှိနေခဲ့ပေ။ မဟုတ်ပါက တစ်ချက်လောက်တိုက်ခိုက်ခံထိရုံဖြင့် သမံသလင်းပေါ်လဲကျသွားနိုင်သည်။

ခရမ်းရောင်သတ္တုကင်းမြီးကောက်သည် ၎င်း၏အမြီးကိုသုံး၍ ဖိအားပေးပြီးနောက် သန်မာသည့်လက်မများကိုသုံးကာ နဂါးကြွက်၏ခြေထောက်များကို တိုက်ခိုက်ရန်ဖို့အခွင့်အရေးယူလိုက်သည်။

အရာအားလုံးပြီးသွားသလို အချိန်မျိုးတွင်ပဲ နဂါးကြွက်က ရုတ်တရက်ကြီး သူ့ရင်ဘက်တွင်စိုက်နေသည့် အမြီးကို ဆွဲထုတ်လိုက်ကာ

## စာစဉ် ၄

တောင်ပံနှင့်ရိုက်ချလိုက်သည်။ ၎င်း၏ရင်ဘက်မှအသားစိုင်များကတော့ ဆုတ်ပြဲသွားကာ နေရာအနှံ့သို့သွေးများပတ်ဖြန်းလိုက်သလိုပင်။

ထို့နောက် လျှင်မြန်စွာဖြင့် ကြက်နဂါးက သူ၏ချွန်ထက်လှသည့် နှုတ်သီးဖြင့် အောက်သို့ထိုးစိုက်လာခဲ့သည်။

ဖန်း!

ခရမ်းရောင်သတ္တုကြင်းမြီးကောက်၏ကျောပြင်ခွံသည် ကတ်ထူပြားတစ်ခုလို ကွဲလာခဲ့သည်။ နှုတ်သီးဖြင့် ထိုးစိုက်ခံလိုက်ရသည့်နေရာတစ်ဝိုက်ကလဲ တစ်စတစ်အက်ကွဲလာခဲ့ကာ ခရမ်းရောင်သတ္တုကြင်းမြီးကောက်၏ဒဏ်ရာကနေပြီး အဝါဖျော့ဖျော့အရည်များစီးကျလို့လာသည်။

နာကျင်မှုကိုတုံ့ပြန်သည့်အနေဖြင့် ခရမ်းရောင်သတ္တုကြင်းမြီးကောက်သည် ၎င်း၏လက်မများက နဂါးကြက်ကိုညှစ်ထားသည်အား ပိုမိုတင်းကျပ်အောင် ဖိညှစ်လိုက်ကာ တစ်ဖန်ရက်ရက်စက်စက် ဆွဲဖြဲပစ်သည်။

ရှီး~~

## စာစဉ် ၄

လှောင်အိမ်အပြင်ဘက်မှပရိသတ်များကာ လေအေးတစ်ချက်ကို ရှိုက်မိသွားကြသည်။

ကြည့်နေကြသည့် ကောင်လေးအားလုံးမှာ မသိစိတ်အလျောက် သူတို့ခြေထောက်များကို စုမိသွားကြသည်။

ရုတ်တရက် နဂါးကြက်သည် တောင့်တင်းလို့လာကာ သူ့ခေါင်းကတော့ အပေါ်ဘက်သို့ မျက်နှာမူထားသည်။ သူခံစားလိုက်ရသည့် စူးရှလှသောနာကျင်မှုက သူ့ကို သတိမေ့သွားလုနီးနီးပင်။

ကံကောင်းစွာဖြင့် ခရမ်းရောင်သတ္တုကြင်းမြီးကောက်က သူ့ကိုနှစ်ခြမ်းအထိဖြဲပစ်ခြင်းမှ သူ၏ကြွက်သားများက ကောင်းစွာ ကာကွယ်ပေးထားနိုင်ခဲ့သည်။

ထိုသို့ဆိုလျှင်တောင်မှ နဂါးကြက်၏မျက်ဝန်းထောင့်မှ မျက်ရည်နှစ်စက်ကတော့ ကျဆင်းလာရစ်ပင်…

ဖန်း!!

နဂါးကြက်၏ခြေထောက်ကို ဆုပ်ကိုင်ထားရက်ပင် ခရမ်းရောင်သတ္တုကြင်းမြီးကောက်က ရက်ရက်စက်စက်ပဲ နဂါးကြက်ကို

## စာစဉ် ၄

ကွန်ကရစ်မြေပေါ်သို့ ရိုက်ချလိုက်သည်။ နောက်တစ်ဖန် ထပ်ရိုက်ချလိုက်ချိန်တွင်တော့ နဂါးကြက်သည် အမှန်တကယ်ကို သတိလစ်သွားခဲ့ပေပြီ။

ဒီပွဲတစ်ခုလုံးက လုံးဝကိုနှစ်ဖက်တိုက်ရသည့်တိုက်ပွဲတစ်ခုပင် မဟုတ်ခဲ့ပေ။

နဂါးကြက်သည် ခရမ်းရောင်သတ္တုကင်းမြီးကောက်ထက် အဆင့်ရော အဆင့်အတန်းပါ ပိုနိမ့်သည်။ ဤသို့သော အခြေအနေမျိုးတွင် အနိုင်ရနိုင်ချေရှိသည့် တစ်ခုတည်းသော အနေအထားကတော့ လက်တွေ့တိုက်ပွဲ အတွေ့အကြုံသာဖြစ်ပေလိမ့်မည်။ ဒါကြောင့်ပဲ တစ်ချိန်လုံးမြို့ပေါ်တွင်ပဲ အချိန်ကုန်ခဲ့ရသည့် နဂါးကြက်၏ လက်တွေ့တိုက်ပွဲအတွေ့အကြုံသည် တောရိုင်းထဲတွင် အသက်ရှင်သန်အောင် နေထိုင်ခဲ့ရသည့် ခရမ်းရောင်သတ္တုကင်းမြီးကောက်၏ တိုက်ပွဲအတွေ့အကြုံကို ဘယ်လိုမှမယှဉ်နိုင်ပေ။

ခရမ်းရောင်သတ္တုကင်းခြေများသည် ရှေ့ကိုတိုးလာကာ သူ့အစွယ်များကိုဖွင့်ရင်း နဂါးကြက်ကို စားဖို့ပြင်ဆင်နေတော့သည်။

## စာစဉ် ၄

ခရမ်းရောင်သတ္တုကင်းမြီးကောက်၏အစွယ်များသည် ပါးစပ်ဘေးနှစ်ဘက်တွင်ရှိကာ သေးငယ်သည့်ခြေချောင်းများပင်။ ကင်းမြီးကောက်၏ပါးစပ်ကို သိပ်အသုံးမပြုကြဘဲ အစာစားရန်အတွက် ခြေထောက်များနှင့်တူသည့် အစွယ်နှစ်ချောင်းကိုသာ အားကိုးကြသည်။

အာဝူး~~ ငွေဖြူရောင်အလင်းတန်းတစ်ခုက လှောင်အိမ်ထဲသို့ လျင်မြန်စွာ ဝင်ရောက်သွားခဲ့သည်။

ခရမ်းရောင်သတ္တုကင်းမြီးကောက်ကလဲ သူ့လက်မများကို အလျင်အမြန်ထုတ်ဖော်ကာ နောက်သို့ဆုတ်လိုက်သည်။

ငွေလရောင်ဝံပုလွေသည် လှောင်အိမ်ထဲသို့ဝင်လာကာ ခရမ်းရောင်သတ္တုကင်းမြီးကောက်ကို စိုက်ကြည့်နေခဲ့သည်။ ၎င်း၏ထက်ရှသည့်အစွယ်များကို ထုတ်ဖော်ပြနေကာ အကြည့်များကလဲ အေးစက်နေသည်။

ခရမ်းရောင်သတ္တုကင်းခြေများသည် ငွေလရောင်ဝံပုလွေကို ပြန်လည်ခြိမ်းခြောက်နိုင်ရန် ကြိုးပမ်းလိုက်သည်။ ငွေလရောင်ဝံပုလွေကြောက်သွားရန်အတွက် သူ့လက်မများဖြင့် ပွတ်တိုက်သံများပြုလုပ်ပြသည်။

## စာစဉ် ၄

ငွေလရောင်ဝံပုလွေကတော့ ရိုးရိုးလေးပဲ ၎င်းကို စိုက်ကြည့်နေစဲပင်။

အောက်မှာလဲကျနေသည့် နဂါးကြက်ကလဲ အလျင်အမြန်ပင် ၎င်း၏ခြေထောက်အနားသို့လှိမ့်ဝင်သွားကာ လှောင်အိမ်ထဲမှ လှိမ့်ထွက်သွားတော့သည်။ ၎င်း၏ သူ့ခြေထောက်တွေကို တင်းတင်းစေ့ထားကာ ထူးထူးဆန်းဆန်းပုံစံမျိုးနှင့် ထွက်ပြေးသွားခဲ့သည်။

ထို့အတူ ငွေလရောင်ဝံပုလွေသည်လဲ လှောင်အိမ်ထဲမှ ဖြည်းဖြည်းချင်းပြန်ထွက်လုပ်နေသည်။ ခရမ်းရောင်သတ္တုကင်းမြီးကောက်ကတော့ သူ့ပါးစပ်နားရောက်နေသည့်အစာကို လက်လွှတ်လိုက်ရသည့်အတွက် ခါးသီးနေကာ ၎င်း၏လက်များနှင့် ဝံပုလွေကို စတင်တိုက်ခိုက်တော့သည်။ ငွေလရောင်ဝံပုလွေ၏မျက်လုံးထဲသို့ အလင်းတန်းတစ်ခုဖြတ်ပြေးသွားကာ၊ “ငါမင်းကိုသတိပေးပြီးပြီ!”ဟုပြောပြီးနောက် ခြေနှစ်လှမ်းသာ လှမ်းလိုက်သည်။

## စာစဉ် ၄

ငွေလရောင်ဝံပုလွေသည် မှုန်ဝါးဝါးငွေရောင်အရိပ်တစ်ခုကဲ့သို့ ရှေ့သို့တိုးဝင်သွားတာကြောင့် ခရမ်းရောင်သတ္တုကင်းမြီးကောက်၏လက်မများမှာ လေကိုသာ ညှပ်လိုက်နိုင်သည်။

ရိုးရှင်းသည့် ခန္ဓာကိုလှုပ်ရှားပုံတစ်ခုတည်းဖြင့် ငွေလရောင်ဝံပုလွေသည် ခရမ်းရောင်သတ္တုကင်းမြီးကောက်၏ အမြီးဖြင့်တိုက်ခိုက်မှုမှလဲ တဖန်ရှောင်ခဲ့ပြန်သည်။ ငွေလရောင်ဝံပုလွေက လေထဲမှာပဲ ခန္ဓာကိုယ်ကို ၁၈၀ဒီဂရီလှည့်လိုက်ကာ ၎င်း၏အမြီးဖြင့် ကြာပွတ်တစ်ခုကို ပြန်ရိုက်ပစ်သည်။

ဖုန်း!

ခရမ်းရောင်သတ္တုကင်းမြီးကောက်လဲ လွင့်ထွက်သွားတော့သည်။

၎င်းသည်လေထဲတွင် လည်ထွက်နေပြီးနောက် ကျယ်လောင်သည့်အသံတစ်သံနှင့်အတူ သမံသလင်းပေါ်သို့ပြုတ်ကျသွားခဲ့သည်။

ငွေလရောင်ဝံပုလွေသည်တော့ သူ့ခေါင်းကိုကြော့မော့စွာလှည့်လိုက်ကာ မြေပေါ်လဲကျနေသည့်

## စာစဉ် ၄

ခရမ်းရောင်သတ္တုကြင်းမြီးကောက်ကို တစ်ချက်ကြည့်လိုက်ပြီးနောက် လှောင်အိမ်အပြင်သို့ ပြန်ထွက်သွားတော့သည်။

အရမ်း မိုက်တာပဲ!!

လှောင်အိမ်၏အပြင်ဘက်တွင်ကြည့်နေကြသော ပရိတ်သတ်များကလည်း အကူအညီမဲ့နေကြပမယ့် သဘောကျခြင်းနှင့်အတူအံ့အားသင့်နေကြသည်၊ ငွေလရောင်ဝံပုလွေ၏တိုက်ခိုက်ပုံကို သူတို့ပထမဆုံးအကြိမ်မြင်ဖူးရခြင်း မဟုတ်တာတောင်မှ တုံ့ပြန်ပုံကတော့ တူညီနေစဲပင်။

ဒါက ဖျော်ဖြေပွဲတစ်ခုကိုကြည့်နေရသလိုဘဲ၊ ၎င်း၏လှုပ်ရှားမှုများက အရမ်းကို ကြော့ရှင်းနေသည်၊

နည်းပြရဲ့ငွေလရောင်ဝံပုလွေသည် သာမန်အဆင့်အတန်းသာဖြစ်ပေမယ့်, ၎င်းရဲ့အဆင့်က အများဆုံးအဆင့်၂ဝရှိပြီးဖြစ်သည်၊ ၎င်း၏အဆင့်အတန်းသည်သာ အုပ်ချုပ်သူအဆင့်ဖြစ်လာရန် တစ်ခုတည်းသတ်မှတ်ထားသောအရာဖြစ်သည်၊

# စာစဉ် ၄

“ခရမ်းရောင်သတ္တုကင်းမြီးကောက်ကို ဘယ်သူထပ်ပြီးစိန်ခေါ်ချင်သေးလဲ?” ကျန်းရန်ပိုင်ကကျန်ရှိနေသည့် ကျောင်းသားများကိုမေးလိုက်သည်၊

ကျောင်းသားအချို့က သူတို့ခေါင်းတွေကိုခါယမ်းလိုက်ကြသည်၊ နဂါးကြက်သည် သူတို့ ကိုယ်ပိုင်သားရဲတွေထက်ပိုပြီးသန်မာလေသည်။ နဂါးကြက်တောင် ရှုံးတယ်ဆိုမှတော့ သူတို့သားရဲတွေကို အရိုက်ခံဖို့ လွှတ်လိုက်သလိုသာဖြစ်နေလိမ့်မည်။

သူတို့က ကောင်းဖန်ရဲ့ခရမ်းရောင်မိုးကြိုးကင်းခြေများက အမြဲတမ်းသားရဲအသစ်တွေနဲ့ ဘယ်လိုစိန်ခေါ်ခဲ့ကြောင်း, သားရဲကပြင်းထန်သောဒဏ်ရာများနှင့် ဝေဒနာခံစားရပြီး နောက်သူတို့ဘယ်လိုအခွင့်အရေးရခဲ့ကြောင်း ပြန်တွေးနေကြသည်၊

သူတို့အားလုံး မပျော်မရွှင်နဲ့ နည်းပြက ကောင်းဖန်တစ်ယောက်တည်းကို သားရဲများ၏ အကောင်းဆုံးအခြေအနေတွင် ကောင်းဖန်ကိုဘက်လိုက်ကာ သားရဲကိုစိန်ခေါ်ခွင့်ပြုပြီး, သူတို့ကို သားရဲနဲ့အတူ ရိုက်နှက်ရန်ချန်ထားသည်ဟုခံစားနေရသည်၊

## စာစဉ် ၄

ဒါကဘာကြောင့်လည်းဆိုတော့ သူတို့က ကောင်းဖန်လိုစွမ်းရည်မပိုင်ဆိုင်ဘဲ, သားရဲ၏ အဆင့်အတန်းနဲ့ အဆင့်ကိုမမြင်ရသောကြောင့်သောပင်၊ သူတို့မျက်လုံးထဲတွင်, သူတို့ ကိုယ်ပိုင်သားရဲတွေကလည်းကောင်းဖန်ဟာနဲ့ယှဉ်ရင် အားမနည်းပေ၊

ဒါပေမယ့်အခုတော့, သူတို့အားလုံးအမှန်တရားကို အတင်းအကျပ်သဘောပေါက်ပြီ ဖြစ်သည်၊

ကောင်းဖန်ရဲ့ခရမ်းရောင်မိုးကြိုးကင်းခြေများက တကယ်သန်မာတာဖြစ်သည်၊

"သွား" ကောင်းဖန်က တာ့ဇီကို စတားလက်ဝှေ့သမားမတိုက်ခိုက်ခင်တွင် ပြင်ဆင်ပေးသလိုမျိုး တီကောင်အားပစ်ကျွေးလိုက်ပြီး ရေတချို့လည်းတိုက်လိုက်သည်၊

၎င်း၏မြောက်များစွာသောခြေချောင်းများနှင့် တာ့ဇီသည်နှေးကွေးစွာနှင့်လှောင်အိမ်ထဲသို့ တွားသွားကာဝင်သွားသည်၊

ထိုအချိန်မှာပင်, ခရမ်းရောင်သတ္တုကင်းမြီးကောင်သည်လဲ သူ့ခြေထောက်များဖြင့် ပြန်လည်ရပ်နေနိုင်ပြီဖြစ်သည်။ ၎င်းမှာ ဖုန်များပေကျန်နေကာ အရိုက်ခံထားရ၍ မအီမလည်ဖြစ်နေသည်။

## စာစဉ် ၄

ငင်း၏လမ်းဆုံးတွင်ရှိနေသည့် ကြီးမားသည့်ကင်းခြေများကိုကြည့်ကာ ကင်းမြီးကောက်၏မျက်လုံးများသည် ညဏ်ဆင်နေသည့်အရိပ်အမြွက်တွေက ဖြတ်ပြေး သွားသည်၊ ငင်းကအားနည်းချက်ကိုပြသရန် ခြေနှစ်လမ်းကိုဆုတ်လိုက်သည်၊

တဲ့ဇီက အရှေ့သို့တိုက်ခိုက်ရန်ရှေ့တိုးလာသည်၊

ခရမ်းရောင်သတ္တုကင်းမြီးကောက်က နောက်ကိုဆက်ဆုတ်လိုက်သည်၊

တဲ့ဇီကလည်းဆက်တိုးလာသည်၊

ငင်းကသားကောင်ကို တိုက်ခိုက်ရန်မှန်ကန်သောအခွင့်အရေးကို လိမ္မာပါးနပ်စွာပြုလုပ်နေရင်း ခရမ်းရောင်သတ္တုကင်းမြီးကောက်သည် ဆုတ်ခွာမည့်အစားရှေ့သို့တက်လိုက်သည်၊ တဲ့ဇီနဲ့သူ့အကွာအဝေးအတွင်း မျက်စိတစ်မှိတ်မှာတင် ငင်း၏လက်မနှင့်စတင် တိုက်ခိုက်လိုက်သည်၊

ညှပ်သံ!

## စာစဉ် ၄

တာ့ဇီကကြိုတင်စဉ်းစားမိပြီးသားဖြစ်ပြီး တိုက်ခိုက်မှုတစ်ဝက်အတွင်းမှာတင်ဘေး ဘက်ကိုလှိမ့်လိုက်သည်၊ ၎င်း၏ခန္ဓာကိုယ်သည်ဇဂဒီဂရီ ထောင့်မှန်အတိုင်းလှည့်လိုက်ပြီး လက်မနှင့်ညှပ်ခြင်းမှရှောင်လိုက်သည်၊

ကင်းမြီးကောက်၏သေစေနိုင်သောအမြီးချိတ်သည် လက်မနောက်မှကပ်လိုက်လာ သည်၊ တာ့ဇီဆီသို့ ထိုးလိုက်ပြီး အေးစက်သောအငွေ့အသက်ကိုပေးလိုက်သည်၊

ရိုက်သံ!

ဒါပေမယ့် တာ့ဇီ၏ခိုင်မာပြီးချောမွေ့သောကျောခွံက အမြီး၏ထိရောက်မှုကိုဆုံးရှုံးစေသည်၊ တာ့ဇီကိုထိသွားပေမယ့် တစ်ဖက်ကိုပြန်ချော်ထွက်သွားသည်၊

ကင်းမြီးကောက်အတွက်မှားယွင်းမှုပြုလုပ်မိချိန်တွင် တာ့ဇီ၏ကျောခွံသည် လျှပ်စီးများမီးပွားများနှင့်အတူ တစ်ဖျောက်ဖျောက်မြည်လာသည်၊

ဖျောက်ဖျောက် ဖျောက်ဖျောက်

## စာစဉ် ၄

ခရမ်းရောင်သတ္တုကြင်းမြီးကောက်၏အမြီးသည် တုန်လှုပ်မှုမှသိသိသာသာပြန်ကန် ထွက်လာသည်၊ ထိုအချိန်တွင်, တော့ဇီက ခရမ်းရောင်သတ္တုကြင်းမြီးကောက်တစ်ဖက်ကို တိုက်ခိုက်ဖို့အခွင့်အရေးယူလိုက်သည်၊ တော့ဇီက ပြင်းပြင်းထန်ထန်ပစ်ထုတ်ကာ တော့ဇီ၏ခေါင်းက အပေါ်ဘက်သို့ဝင်တိုက်လိုက်ပြီးနောက် ခရမ်းရောင်သတ္တုကြင်းမြီး ကောက်သည် လှိမ့်ကျလုနီးပါးဖြစ်သွားသည်၊

ဒါပေမယ့် အဲ့တာကလုံးဝလန်ကျသွားတာမဟုတ်တောင်မှ ၎င်း၏ခန္ဓာကိုယ်တစ်ပိုင်းကို မြေပြင်မှပြန်မလိုက်ရသည်။ တော့ဇီသည် ခရမ်းရောင်သတ္တုကြင်းမြီးကောက်၏ အောက်ဖက်သို့ဝပ်လိုက်ပြီး ၎င်း၏အတွင်းပိုင်းကိုကြမ်းကြမ်းကိုက်လိုက်သည်၊ ၎င်း၏ ပါးစပ်ပိုင်းတွင် ချွန်ထက်သောသွားစွယ်ကဲသို့ဖြစ်ပြီး အသားတော်တော်များများကို ကိုက်ဖြတ်လိုက်သည်၊

သွေးနံ့ရသည့်အခါတွင် တော့ဇီ စိတ်လှုပ်ရှားလာတော့သည်၊ အဆိပ်သည် တော့ဇီ၏ ပါးစပ်ပိုင်းမှ၎င်း၏အသားထဲသို့ ကိုက်ထားသည့်နေရာမှနေပြီး ခရမ်းရောင် သတ္တုကြင်းမြီးကောက်၏ ခန္ဓာကိုယ်ထဲသို့ ဆက်တိုက်စီးဝင်သွားတော့သည်၊

## စာစဉ် ၄

တာ့ဇီဘက်က ထိန်းချုပ်နိုင်သွားပြီးနောက် ခရမ်းရောင်သတ္တုကြင်းမြီးကောက်သည် ဘယ်လောက်ဘဲကြိုးစားရုန်းကန်နေပါစေ ၎င်းကအသုံးမဝင်တော့ပေ။

ထိုသို့ဖြင့် ခရမ်းရောင်သတ္တုကြင်းမြီးကောက်ခန္ဓာကိုယ်သည် အဆိပ်ဒဏ်ခံနိုင်ရည်မြင့်သော်လည်း တဖြည်းဖြည်း ပို၍နှေးကွေးလာခဲ့သည်၊ ထို့နောက် ကြီးမားသည့် အန်နာကွန်ဒါမြွေကြင်း၏သားကောင်ကို ထုပ်ခွေထားသကဲ့သို့ တာ့ဇီကရစ်ခွေထားပြီးဖြစ်သည်၊

ခရမ်းရောင်သတ္တုကြင်းမြီးကောက်သည် အဆိပ်အများစုပြီးသောခန္ဓာကိုယ်ဖြစ်သော်လည်း တာ့ဇီသည်လည်း၎င်းတို့ထဲမှ ပြင်းသောအမျိုးအစားဖြစ်သည်၊ ခရမ်းရောင်သတ္တုကြင်းမြီးကောက်သည် သက်ရောက်မှုအားလုံးနှင့်တော့ မလွတ်ကင်းနိုင်ပါ၊ ၎င်း၏ ခန္ဓာကိုယ်အတွင်းသို့အဆိပ်များ ပိုမိုရောက်လာခြင်းနှင့်အတူ ၎င်း၏အာရုံခံစားမှုသည် ထုံထိုင်းလာပြီး လှုပ်ရှားမှုများသည်လည်းပို၍နှေးလာသည်၊

## စာစဉ် ၄

ကင်းမြီးကောက်၏လက်မသည် လေထဲတွင် အားနည်းစွာနှင့်ယမ်းနေပြီး ၎င်း၏ မျက်လုံးသည်စတင်၍မှုန်မှိုင်းလာတော့သည်၊

ကောင်းဖန်၏အမြင်တွင်တော့, ခရမ်းရောင်သတ္တုကင်းမြီးကောက်၏ဒဏ်ရာအခြေ အနေသည်တွင် အနီရင့်ရောင်စာလုံးဖြစ်သွားသည့်မတိုင်ခင်ထိ စတင်ပြီးပို၍ပို၍ ပြင်းထန်လာတော့သည်၊

ခရမ်းရောင်သတ္တုကင်းမြီးကောက်ကို ဘယ်သူမှမကယ်တင်နိုင်တော့ပါ၊ ဒါကသေဖို့ အတွက်ကံကြမ္မာဆိုးဖြစ်သည်၊

ကောင်းဖန်က ရေသောက်ရန်ရေဘူးအဖုံးကိုဖွင့်လိုက်သည်၊ သူ၏စိုးရိမ်နေသောနှလုံးသည် နောက်ဆုံးသက်သာသွားပြီဖြစ်သည်၊

တာ့ဇီနဲ့ခရမ်းရောင်သတ္တုကင်းမြီးကောက်၏တိုက်ပွဲသည် ထိုလှုပ်ရှားမှုတစ်ခုတည်းနှင့် တင်ဆုံးဖြတ်ခဲ့သည်၊ အကယ်၍ခရမ်းရောင်သတ္တုကင်းမြီးကောက်သည်တာ့ဇီ၏ ခန္ဓာကိုယ်ကိုသူ၏လက်မဖြင့် ကိုင်ထားနိုင်ဦးမည်ဆိုလျှင်,

စာစဉ် ၄

၎င်းသည်တာ့ဇီကိုထိန်းချုပ် နိုင်မှာဖြစ်သည်ပြီး တာ့ဇီသည်၎င်း၏ရန်သူအတွက်အသားဖြစ်သွားလိမ့်မည်၊

ဒါပေမယ့် ကံမကောင်းစွာနဲ့ဘဲခရမ်းရောင်သတ္တုကင်းမြီးကောက်အတွက် ၎င်း၏ အလေ့အကျင့်အတိုင်း လက်မနှင့်တိုက်ခိုက်မှုပြီးနောက် ၎င်း၏အမြီးနဲ့တိုက်ခိုက်ခဲ့သည်၊

ထို့နောက်ကျန်းရန်ပိုင်က ကောင်းဖန်ကိုရပ်ရန်အမိန့်ပေးလိုက်သည်၊ အကယ်၍တာ့ဇီကဆက်စားဖို့လုပ်လျှင်ခရမ်းရောင်သတ္တုကင်းမြီးကောက် ၏ အတွင်းပိုင်းကိုပါ စားမိလိမ့်မည်၊

ကောင်းဖန်ကခေါင်းညိတ်လိုက်ပြီးနောက် ကင်းမြီးကောက်ကိုလွှတ်ပေးပြီးထွက်လာဖို့ ပြောလိုက်သည်၊

တာ့ဇီကပျော်ရွှင်စွာစားနေပြီးရပ်တန့်ဖို့အတွက်အပြောမခံခဲ့ပါ၊ ဒါပေမယ့်နောက်ဆုံး သူကစားနေတာရပ်လိုက်ပြီး လှောင်အိမ်ထဲမှတွားသွားထွက်လာသည်၊ တာ့ဇီ၏ ပါးစပ်တစ်ခုလုံးနှင့်

## စာစဉ် ၄

ခေါင်းတွင်အစိမ်းရောင်သွေးများဖုံးနေသည်၊ သူ၏ပါးစပ်ကိုဖွင့်လိုက်ပြီး တပြတ်ပြတ်ဖြစ်နေမှုသည် လူရိုင်းတစ်ယောက်နှင့်ပင်တူသည်၊

လျောင်အိမ်ထဲရှိခရမ်းရောင်သတ္တုကြင်းမြီးကောက်သည် မြေပြင်ပေါ်တွင်ချည့်နဲ့နဲ့နှင့် ပြန့်ကျဲနေသည်မှာ နွမ်းနေသောအပင်ကဲ့သို့ပင်ဖြစ်နေသည်၊ ၎င်း၏လက်မများသည် ကြာကြာမရိုက်ခတ်နိုင်တော့ဘဲ အားနည်းစွာနှင့် သမံသလင်းပေါ်တွင်လဲကျနေတော့သည်၊

***

## စာစဉ် ၄

### *အပိုင်း ၅၉ ပြင်ပလေ့ကျင့်ရေး*

လျောင်အိမ်ထဲမှ သေခါနီးဖြစ်နေသည့် ခရမ်းရောင်သတ္တုကင်းမြီးကောက်၏ သနားစရာအခြေအနေကို ကျောင်းသားအများစုမှ ကြည့်နိုင်စွမ်းမရှိကြတာကြောင့် တစ်ဖက်သို့လှည့်သွားကြသည်။

ကောင်းဖန် ထိုလူများကို တစ်ချက်သာကြည့်လိုက်ပြီးနောက် သူ့အာရုံက တာ့ဇီထံသို့သာ ပြန်ရောက်သွားသည်။ ထို့နောက် တစ်ရှူးအစိုတစ်ခုကို ထုတ်ကာ တာ့ဇီ၏ကျောခွံပေါ်တွင်ရှိနေသည့် သွေးစများကို သုတ်ပေးတော့သည်။

အခုချိန်တွင် သူတို့နှင့်တိုက်ခိုက်ရမည့် သားရဲများကို လျောင်အိမ်ထဲထည့်ပေးကြသည်။ အနားတွင်တော့ အကျပ်အတည်းအခြေအနေတစ်ခုခုဖြစ်လာလျှင် ငွေလရောင်ဝံပုလွေကို စေလွှတ်ကာ ကယ်ဆယ်ပေးမည့် နည်းပြတစ်ယောက်တောင်ရှိနေပေးသည်။

## စာစဉ် ၄

နည်းပြများတွင် အသေအပျောက်မရှိဘဲ ၁၀၀နှုန်းပြည့် အောင်မြင်စွာကယ်တင်ပေးနိုင်ချေမရှိပေမည့် ၉၀ရာခိုင်နှုန်းလောက်ကတော့ အမှန်တကယ်အန္တရာယ်မရှိနိုင်ပေ။

သို့ပေမည့် သူတို့သာ တကယ်ပဲ တောရိုင်းထဲသို့ဝင်သွားမည်ဆိုလျှင် သားရဲတွေက မင်းတို့ဘယ်သူဆိုတာတွေ မင်းတို့ရဲ့ရာထူးတွေကို ဂရုစိုက်နေကြမည်မဟုတ်ပေ။

သူတို့မျက်လုံးထဲတွင်တော့ မင်းတို့က သားကောင်တွေချည်းသာ။

အရသာရှိတဲ့သားကောင်တွေပေါ့။

ကျောင်းသားတွေသာ သူတို့စိတ်ကို သေချာပြင်ဆင်မှုမလုပ်ထားနိုင်လျှင် သေချာပေါက် ရှုံးနိမ့်ကြမည်သာ။

အစမှာတော့ ကောင်းဖန်သည်လဲ စိတ်နှလုံးနူးညံ့ခဲ့သည်။ ပြီးခဲ့သည့်အပတ်က နည်းပြသည် ချစ်စရာကောင်းသည့် အစိမ်းရောင်မွေးပွတောယုန်ကြီးကို လေ့ကျင့်ဖို့ သားရဲအဖြစ်ရွေးချယ်ခဲ့သည်။

ဤကမ္ဘာလောက၌ “ဆွဲဆောင်မှုရှိသည့်အချက်များ” အမှန်တကယ်ရှိခဲ့သည်ဟု ဆိုရပေမည်။

## စာစဉ် ၄

ထိုချစ်စရာတောယုန်ကြီးမှာ သွေးသံတရဲရဲနှင့် အော်ဟစ်ငိုကြွေးရင်း အဆုံးသတ်သွားခဲ့သည်။
ကြင်နာတတ်သည့်နှလုံးသားရှိသူတိုင်းအတွက်တော့ ထိုအရာမှာ ကြီးမားသည့်စမ်းသပ်မှုတစ်ခုဖြစ်ကြောင်း သံသယရှိရန်ပင်မလိုပေ။

ကြင်နာတတ်သည့်စိတ်နှလုံးသားရှိတာကြောင့် ဆူပူပစ်နေလို့လဲ အဓိပ္ပါယ်မရှိပေ။ ကြင်နာမှုနှင့်သနားတတ်မှုသည် ကောင်းသောအရာဖြစ်ကာ ကမ္ဘာကြီးပေါ်တွင် အလင်းရောင်ရှိနေသေးကြောင်း သက်သေပြနေသည့်အရာလဲဖြစ်သည်။

သို့ပေမည့်လဲ စိတ်မကောင်းစွာဖြင့် လူတစ်ယောက်အတွက် စိတ်နှလုံးမာကျောစေရန် သင်ကြားရမည့်အချိန်ကလဲ တစ်ချိန်မဟုတ် တစ်ချိန်မှာရောက်ရှိလာမည်သာ။

အပြင်ပိုင်းတွင်ခက်ထန်နေပေးရခြင်းမှာ သူတစ်ပါးကို ထိခိုက်စေလိုခြင်းမဟုတ်ဘဲ သင့်ကိုသင် ကာကွယ်ရန်နှင့် သူ့အတွက်အရေးကြီးသည့်အရာများကို ကာကွယ်ရန်ဖြစ်သည်။

.....

## စာစဉ် ၄

ပူပြင်းသောနေရောင်ခြည်နှင့်ထိတွေ့ကာ အလင်းပြန်လာသမျှအရာတိုင်းသည် မျက်လုံးထဲသို့ပါ အလင်းပြန်ကာ ဝင်ရောက်လာကြသည်။

ကောင်းဖန် တာ့ဇီ၏အေးစက်လှသည့်ကျောခွံကို ညင်ညင်သာသာထိတွေ့နေသည်။ ထိုအေးစက်နေမှုသည် ကျောခွံမှတစ်ဆင့် သူ့လက်ဖဝါးသို့တိုင် ပျံ့နှံ့လာခဲ့သည်။

ကောင်းဖန်က တာ့ဇီ၏ခေါင်းကိုပုတ်ပေးကာ နူးနူးညံ့ညံ့ပဲပြောလိုက်သည်။ "ခဏနားလိုက်ဦး။ တိုက်ရတာ ပင်ပန်းသွားရောပေါ့။"

တာ့ဇီလဲ နာနာခံခံဖြင့် အောက်တွင်လှဲချလိုက်သည်။ ကောင်းဖန် ထီးအကြီးကြီးတစ်လက်ကို ထုတ်ကာ ဖွင့်လိုက်ပြီး နှစ်ယောက်သား ထီး၏အရိပ်အောက်တွင် ခိုနေလိုက်ကြသည်။

……..

"လူစုကြ၊ အရေးကြီးတဲ့သတင်း ကြေညာစရာရှိတယ်။" နည်းပြကျန်းရန်ပိုင်က လက်ခုပ်တီးကာ အနားမှ ကျောင်းသားအစုအဖွဲ့များကို တစ်နေရာတည်း စုခိုင်းစေလိုက်သည်။

## စာစဉ် ၄

"မင်းတို့အားလုံး အခုဆို အခြေခံလေ့ကျင့်ရေးကို အနည်းနဲ့အများတော့ ပြီးသွားကြပြီ။ မနက်ဖြန်ကစပြီး မင်းတို့ ကွင်းပြင်လေ့ကျင့်ရေးစခန်းမှာ ပါဝင်နိုင်ပြီ။ သင်တန်းကာလကတော့ တစ်ပတ်။ မင်းတို့ကျောင်းပျက်ရမယ့်အတွက် လိုအပ်တာတွေအားလုံးကိုတော့ ငါတို့စီစဉ်ပေးပြီးသွားပြီ။ မင်းတို့အိမ်ပြန်ပြီး အရင်ဆုံးမိဘတွေနဲ့ဆွေးနွေးလိုက်ကြ။ စာရင်းသွင်းခကတော့ မဟာမိတ်ခရက်ဒစ်မှတ်၅မှတ်ကျမယ်။" ကျန်းရန်ပိုင်က အသံကျယ်ကျယ်ဖြင့် ပြောလိုက်သည်။

ကွင်းပြင်လေ့ကျင့်ရေးစခန်းလား?

ကောင်းဖန် နည်းနည်းအံ့သြမိသွားသည်။ သူတို့လေ့ကျင့်ရေးအစီအစဉ် ကုန်ကျစားရိတ်က ဒီလောက်မများပါဘူး။

"မင်းတို့အားလုံးအတွက် နောက်ဆုံးအရေးကြီးသတိပေးချက်တစ်ခုရှိတယ်!" ကျန်းရန်ပိုင်၏လေးနက်လှသည့်အမူအရာနှင့်အသံက သေလောက်အောင် ပြင်းထန်နေသည်။ "မင်းတို့

## စာစဉ် ၄

ဒီလေ့ကျင့်ရေးကိုဝင်မယ်ဆိုရင် အသက်အာမခံအတွက်ပါ မှတ်ပုံတင်ရလိမ့်မယ်။”

ပထမဆုံး တိတ်ဆိတ်မှုက ကြီးစိုးသွားပြီးနောက် လျှင်မြန်စွာပဲ တုံ့ပြန်မှုမျိုးစုံနှင့် ရုတ်ရုတ်သဲသဲဖြစ်သွားတော့သည်။

“ဆာရ်၊ ကျွန်တော်တို့ တကယ်ပဲလျှောက်လွှာတင်ခပေးရမှာလား?” တချို့ကျောင်းသားများက စိတ်ပျက်လက်ပျက်ဖြင့် မျက်မှောင်ကြုတ်နေကြသည်။

မဟာမိတ်ခရက်ဒစ်မှတ်၅မှတ်သည် အိမ်ထောင်စုအများစုတွက် များလွန်းလှသည်မဟုတ်သော်လည်း နည်းပါးလွန်းသည့်ပမာဏမျိုးလဲမဟုတ်ပေ။

“ဆာရ်၊ ကျွန်တော်တို့ကို ဒီသင်တန်းအခမဲ့တက်ခိုင်းသင့်တယ်မဟုတ်ဘူးလား? ဘာလို့ သင်တန်းခပေးရသေးတာလဲ?” နောက်ထပ်ကျောင်းသားတစ်ယောက်က မကျေမနပ်ပြောလိုက်သည်။

## စာစဉ် ၄

နည်းပြက ခဏလောက်ရပ်လိုက်ပြီး ထိုကျောင်းသားကို ကြည့်လိုက်က၊ "မင်းသွားတာ မသွားတာ ရွေးလို့ရတယ်၊ မဟုတ်လဲ မင်းဘာသာ ပုဂ္ဂလိကကိုယ်ပိုင်လေ့ကျင့်ရေးစခန်းရှာနိုင်တယ်။"

နောက်ထပ်ကျောင်းသားတစ်ယောက်ကလဲ ထပ်ပြောလာသည်။ "ပုဂ္ဂလိကကိုယ်ပိုင် လေ့ကျင့်ရေးစခန်းက တစ်ပတ်လေ့ကျင့်ရေးအတွက်မဟာမိတ်ခရက်ဒစ်၂၀ကျသင့် တယ်၊ အစိုးရဈေးနှုန်းကမျှတတာထက်ပိုတယ်၊ နောက်ပြီးတော့, သားရဲတွေကိုဖမ်းရင် အချိန်နဲ့ခွန်အားကိုမသုံးရဘူးလား? လေ့ကျင့်ရေးစခန်းတည်ဆောက်ဖို့အတွက် လူအင်အားနဲ့ငွေကြေးကိုလည်းမလိုအပ်ဘူးလား? မင်းတို့ကိုအစိုးရက အကြွေးတင်နေ တယ်များထင်နေတာလား?"

ပထမကျောင်းသားက စကားပြောဖို့ပင်ပျောက်ဆုံးသွားပြီး တိတ်နေတော့သည်၊

စကားကိုရှင်းလင်းစွာ ပြောနေသောကျောင်းသားသည် အကြောင်းအရာအကုန်လုံးကို နားလည်သည်၊ ကောင်းဖန်ထိုတစ်ယောက်ကို အနီးကပ်သေချာကြည့်လိုက်သည်၊

## စာစဉ် ၄

အိုး, ဒီတော့ ဒါကနဂါးကြက်ရဲ့ပိုင်ရှင်ပါ့ရော၊

နဂါးကြက်၏ခြေထောက်တွေက တစ်ချောင်းနဲ့တစ်ချောင်းပူးကပ်နေပြီးတော့ သူ့သခင်ရဲ့ဘေးနားမှာမတ်တပ်ရပ်နေသည်၊ ၎င်းကမျက်ရည်တွေထွက်နေတဲ့မျက်လုံးတွေနဲ့ သူ့ခေါင်းကညွတ်ကျနေပြီး စိတ်ဓာတ်လည်းကျနေသည်၊

“ကိုယ်ဘာသာပေးရုံတင်မကဘူး၊ နောက်ထပ်နည်းလမ်းတစ်ခုလည်း ရှိသေးတယ်”, နည်းပြဆရာကပြောလိုက်သည်, “ ဒါကမဟာမိတ်စစ်တပ်နဲ့စာချုပ်ချုပ်ဆိုဖို့ဘဲ၊ စာချုပ်အောက်မှာ, လေ့ကျင့်ရေးပေးချေငွေတွေကို ပံ့ပိုးပေးလိမ့်မယ်၊ အစိုးရကနေအကုန်လုံး ပံ့ပိုးပေးထားမှာမလို့ မင်းတို့အနာဂါတ်အတွက် စိုးရိမ်စရာမလိုတော့ဘူး”

“စာချုပ်ချုပ်ဆိုတဲ့ကျောင်းသားတွေက စစ်တပ်မှာ ၈နှစ်တာဝန်ထမ်းဆောင်ရမှာဖြစ်တယ်၊ ၈နှစ်ပြီးတဲ့နောက် မဖြစ်မနေတာဝန်ထမ်းဆောင်ဖို့မလိုတော့သလို မင်းတို့

စာစဉ် ၄

လွတ်လွတ်လပ်လပ်ထွက်သွားလို့လည်းရတယ်၊ နောက်ပြီး အကယ်၍မင်းတို့က စစ်ကျောင်းကိုဝင်ခွင့်ရမယ်ဆိုရင် မင်းတို့စစ်ကျောင်းမှာလေ့လာနေဖို့ အချိန်က ရှစ်နှစ်အထိဖြစ်လိမ့်မယ်၊”

အဆင်မပြေသောမိသားစုများမှ ကျောင်းသားအချို့က မျက်လုံးအရောင်တောက်ပလာ ကြသည်၊ သူတို့ကထိုသို့ ရွေးချယ်နိုင်သည့်အခွင့်အရေးကို စဉ်းစားလာကြသည်၊

သူတို့ထဲကတစ်ချို့ကတော့ ကိုယ်ကိုကိုယ်တီးတိုးရေရွတ်နေကြသည်, “အကယ်၍ စစ်ကျောင်းမှာသာဝင်ခွင့်ရမယ်ဆိုရင်, ငါကစာလေ့လာဖို့အတွက်လေးနှစ်တက်ပြီး, နောက်ထပ်လေးနှစ်ကိုစစ်တပ်တာဝန်ထမ်းဆောင်ဖို့ကျန်တယ်... ဒါကကောင်းတဲ့ သဘောတူညီမှုဘဲ!”

ဒါကအစိုးရကနေ အလုပ်ခန့်ဖို့အတွက် ကောင်းမွန်တဲ့မူဝါဒဖြစ်သည်၊ ကျောင်းသားတွေက အတင်းအကျပ်မလုပ်သော်လည်း စစ်တပ်ထဲကိုဝင်ရန် လုပ်မလား၊ မလုပ်ဘူးလား ထိုသို့သောရွေးချယ်မှုကိုပေးသည်၊

# စာစဉ် ၄

စစ်ထဲသို့ဝင်ရန်ရွေးချယ်မှုသည် တကယ်ကိုကောင်းမွန်စွာဆွဲဆောင်ရန်လုပ်ခဲ့သည်၊ အကယ်၍စစ်ကျောင်းကိုဝင်လျှင်, အလားအလာကောင်းမှုနှင့်တကယ့်စွမ်းရည်နှစ်ခုလုံးရှိသည့်ကျောင်းသားသည်, စစ်တပ်ကိုတိုက်ရိုက်နည်းလမ်းဖြင့် ဝင်ရောက်သောသူတွေထက်ပိုပြီးကောင်းမွန်သည်၊

ဆိုလိုသည်မှာ သန်မာသောလူတစ်ယောက်ချင်းစီတိုင်းကိုပျိုးထောင်ရန်အတွက် မြင့်မားတဲ့အခွင့်အရေးဖြစ်သည်၊

သန်မာတဲ့တစ်ယောက်ချင်းစီတိုင်းက လေးနှစ်စစ်တပ်မှာတာဝန်ထမ်းဆောင်ခြင်းနှင့် သာမန်စစ်သားရှစ်နှစ်ကြာတာဝန်ထမ်းဆောင်ခြင်းတွင်, ဘယ်သူကပိုပြီးအကျိုးခံစားရ မလဲ?

အဖြေက–အစိုးရဖြစ်သည်၊

စာစဉ် ၄

ထို့ထက်ဝန်ဆောင်ခကြေးကိစ္စ, သေဆုံးခြင်းအာမခံကိစ္စများနှင့်အချို့သည် ထိတ်လန့်ဖွယ်ဖြစ်ပြီး ကျောင်းသားအများစုအတွက် ထူးဆန်းပေလိမ့်မည်၊

“အကယ်၍စာချုပ်မှာလက်မှတ်ထိုးလိုက်ရင် ကျွန်တော်သေမှာလား?” မပါးနပ်သောမေးခွန်းတစ်ခုကို တစ်ယောက်ကမေးလိုက်သည်၊

ဒါကြောင့်ပဲ ထိုလူအပေါ်တခြားပတ်လည်ကလူများက အထင်သေးသောအကြည့်များပေးလိုက်သည်၊

“သားရဲလေ့ကျင့်သူအရာရှိ “ကောလိပ်စာမေးပွဲ” ကတခြားစာမေးပွဲတွေနဲ့မတူဘဲ ကွဲပြားတယ်, ဒါကြောင့်ဒီအထူးလေ့ကျင့်မှုအခွင့်အရေးက မင်းတို့အတွက်အကောင်းဆုံးဘဲ”, နည်းပြကခပ်မာမာပြောလိုက်သည်၊ “အကယ်၍မင်းတို့သေဆုံးခြင်းအာမခံမှာ လက်မှတ်ထိုးလိုက်ရင်, ဒါကမင်းတို့သေမယ်လို့ဆိုလိုတာမဟုတ်ဘူး, ဒါပေမယ့်မင်းရဲ့ ဉာဏ်ရည်အဆင့်ကိုထိန်းသိမ်းထားမယ်ဆိုရင် ငါပြောတဲ့ထဲက “မ”ဆိုတာကို ရုတ်သိမ်းရလိမ့်မယ်၊”

## စာစဉ် ၄

နောက်တစ်နေ့မှာတော့, ကောင်းဖန်ကျောင်းကိုရောက်ချိန်တွင် သံချပ်ကာကျောင်းကားတွေက အတန်းလိုက် ကျောင်းဂိတ်တွင် ရောက်နေကြပြီဖြစ်သည်၊ သံချပ်ကာ ဘတ်စ်ကားတွေကို နောက်ထပ်သံပြားများနှင့်ပါ အားဖြည့်ထားသည်၊

သူတို့ပုံစံက ကျောင်းဂိတ်၏လမ်းတစ်လျှောက်တွင် ရှည်လျားစွာအတန်းလိုက်ကြီးဖြစ်နေသည်၊ အနည်းဆုံးယာဉ်သုံးဆယ်လောက်ရှိလောက်သည်၊

မှတ်ပုံတင်ကြေးပေးပြီးတဲ့နောက် သံချပ်ကာကားပေါ်သို့တက်လိုက်သည်၊ အတွင်းတွင်ပြည့်နေပြီဖြစ်သည်၊ သံချပ်ကာဘတ်စ်ကားသည်သူတို့ပြည့်နှက်နေချိန်တွင် ထွက်ခွာသွားသည်၊ သားရဲတွေအကုန်လုံးသည် ကြီးမားသောထရပ်ကားကြီးပေါ်တွင်ပို့ ဆောင်ရန်အသေးစိတ်စီစဉ်ထားပြီး သူတို့နောက်မှလိုက်လာသည်၊

အုန်းခနဲမြည်သံ–

သံချပ်ကာကား၏အသံနိမ့်နိမ့်မြည်သံကိုကြားရပေမယ့် ကြည့်ရတာကားဆောင့်ခြင်း ဒဏ်မှ ကာကွယ်ပေးသောစနစ်ကို

တပ်ဆင်ထားပုံရသည်၊ သူတို့ဘယ်လောက်ဘဲ မြန်မြန်သွားနေပါစေ, သူတို့တုန်ခါမှုပြင်းပြင်းထန်ထန်ကိုပင်မခံစားရပါ။

ရှုခင်းတွေကအလျင်အမြန်ပြောင်းလဲသွားသည်နှင့်အမျှ ပြတင်းပေါက်အပြင်ဘက်ရှိ မြင်ကွင်းမှာလည်းမှုန်ဝါးနေတော့သည်၊ ကောင်းဖန်ကကြည့်တာနဲ့တင်မူးဝေသလို ခံစားနေရတာကြောင့်, သူ့မျက်လုံးကိုမှိတ်လိုက်ပြီး ထိုင်ခုံတွင်မှီလှဲလိုက်သည်၊

နောက်ဆုံး, ကြီးမားသောသံချပ်ကာဘတ်စ်ကားက တောင်ကြား၏ရှေ့တွင် ရပ်တန့်သွားတော့သည်၊ ကျောင်းသားတစ်စုသည် ဘတ်စ်ကားပေါ်မှစနစ်တကျဆင်းလာကြတော့သည်၊ သူတို့က လတ်ဆတ်သောလေကိုယူ၍အသပ်ပြင်းပြင်းရှူလိုက်ကြသည်၊

ပတ်ဝန်းကျင်ဧရိယာတွင် များပြားသောအသီးအရွက်များဖုံးလွှမ်းနေပြီး လူများအသုံးပြုနေကြောင်းကိုရှင်းရှင်းလင်းလင်းဖော်ပြနေသည်၊

## စာစဉ် ၄

သူတို့ရှေ့တွင်အရွယ်အလွန်ကြီးမားသော တောင်ကြားကြီးရှိသည်၊ ကြည့်ရုံနဲ့တင် ထိပ်ဆုံးအထိအနည်းဆုံး ၁၀၀မီတာမြင့်လောက်သည်ဟုကောင်းဖန်ခန့်မှန်းလိုက်သည်

တောင်ကြား၏အတွင်းအပြင်လမ်းကြောင်းသည် ထိပ်ကနေအောက်ခြေထိကြီးမား သောကွာခြားမှုရှိပြီး, အတိအကျတောင်ကြားကိုနှစ်ပိုင်းထက်ဝက်ပိုင်းခြားထားသည်၊ သံချပ်ကာဘတ်စ်ကား သုံးစီးကတောင်ကြားရှေ့တွင်ရပ်နှင့်ပြီးသားဖြစ်ပြီး ထိုနေရာတွင် ကျောင်းသားအများအပြားရပ်နေကြသည်၊

တောင်ကြား၏ဝင်ပေါက်နားတွင် များစွာသောလုံခြုံရေးတပ်စခန်းများချခဲ့ကြသည်၊ စစ်သားများ၏တာဝန်သည် သေနတ်အားလုံးနှင့်မသုံးရသေးသောကျည်များကိုနေရာချခြင်းဖြစ်သည်၊ သူတို့ကတင်းမာနေသောမျက်နှာထားများနှင့် ပတ်ဝန်းကျင်ကို သတိကြီးစွာစောင့်ကြပ်နေကြသည်၊

# စာစဉ် ၄

“ဒါဘဲ, ငါတို့ရောက်ပြီ” လမ်းကြောင်းကိုဦးဆောင်သောနည်းပြက ပြောလိုက်သည်၊ “ငါတို့နောက်မှာကျန်သေးတဲ့သူတွေကို အရင်ဆုံးစောင့်ရမယ်၊ နောက်ကျ မင်းတို့အားလုံးဝင်တဲ့အခါမှာ ငါတို့မင်းတို့နဲ့အတူလိုက်မဝင်တော့ဘူး”

***

## စာစဉ် ၄

### *အပိုင်း ၆၀ ရေညှိပဟာက်စကီးခွေးရူး*

လူတိုင်းရောက်ပြီးသည်နှင့် နည်းပြချုပ်ချန်က အားလုံးကို လူစုစေကာ အသံအကျယ်ကျယ်ဖြင့်၊ “မင်းတို့အားလုံး ဒီနေရာမှာ ရပ်နေကြပြီဆိုကတည်းက ဒီအတွက် စာရင်းသွင်းထားပြီလို့ ဆိုလိုတာပဲ! ဒီလေ့ကျင့်ရေးစလိုက်ပြီဆိုတာနဲ့ လှည့်ပြန်ခွင့်မရှိတော့ဘူး။ တစ်ယောက်ယောက်ကသာ လေ့ကျင့်ရေးကာလအတွင်း နောက်ပြန်လှည့်မယ်ဆိုရင် ဒီလေ့ကျင့်ရေးအချိန်တစ်ခုလုံးကို လက်လွှတ်လိုက်တယ်လို့ ဆိုလိုတာပဲ!”

“ငါတို့ သတ္တိကြောင်တဲ့လူတွေကို မလိုအပ်ဘူး!”

နည်းပြချန်က အားလုံးကို စူးရှအေးစက်စွာ တစ်ချက်ဖြန့်ကြည့်လိုက်ပြီးနောက် စကားကိုဆက်သည်။ “မင်းတို့ကို မင်းတို့ရဲ့အချက်အလက်တွေနဲ့ကိုယ်ပိုင်လက်ပတ်နာရီတစ်လုံးစီ ထုတ်ပေးမယ်။ ဒီထဲမှာ ဂျီပီအက်စ်၊ သံလိုက်အိမ်မြှောင်နဲ့ အရေးပေါ်ကယ်ဆယ်ရေးခလုတ်တွေပါတယ်။ ဒါပေါ့၊ ဒါတွေက နာရီတစ်လုံးအတွက် အခြေခံလုပ်ဆောင်ချက်တွေပဲ။

## စာစဉ် ၄

မင်းတို့အားလုံးက အထက်တန်းကျောင်းသားဖြစ်နေပြီမို့ ဒီဝေါဟာရတွေက ဘာကိုဆိုလိုတယ်ဆိုတာ ဘယ်သူ့ကိုမှ လိုက်ရှင်းပြနေစရာမလိုတော့ဘူးမဟုတ်လား။ ရှင်းပြပေးရမယ့်လူရှိသေးလား?”

တစ်ယောက်မှပြန်မဖြေပေ။

နည်းပြချုပ်ချန်လဲ ကျေနပ်စွာ ခေါင်းညိတ်လိုက်ပြီး သူ့စကားကိုပြန်ဆက်သည်။ “ဒီတောင်ကြားက မင်းတို့သုံးဖို့အတွက် စစ်တပ်ကရှင်းလင်းပေးထားတဲ့ ပြင်ပလေ့ကျင့်ရေးစခန်းပဲ! စိတ်မပူကြနဲ့၊ နေရာတိုင်းကို ငါတို့ရှင်းလင်းပြီးသားဖြစ်လို့ အုပ်ချုပ်သူအဆင့်သားရဲနဲ့ကြုံစရာမရှိဘူး။ တောင်ကြားထဲမှာ ၉၅ရာခိုင်နှုန်းလောက်က သာမာန်အဆင့်ပဲ၊ ကျန်တဲ့၅ရာခိုင်နှုန်းလောက်ပဲ ထိပ်တန်းအဆင့်ပါတာ။ ဒီတစ်ခေါက် မင်းတို့အတွက်တာဝန်ကတော့ တစ်ပတ်အတွင်း အသက်ရှင်အောင်နေဖို့ပဲ!”

အထက်တန်းကျောင်းသားတစ်ဖွဲ့လဲ ထိတ်လန့်သွားကြတော့သည်။

## စာစဉ် ၄

ငါတို့ တောထဲမှာရှင်သန်နိုင်မယ့် ဘာပညာမှမသင်ဖူးကြသေးဘူးလေ။ ဒါကြီးက နည်းနည်းခက်လွန်းတယ်မဟုတ်ဘူးလား?

"တောင်ကြားထဲမှာ အထူးသတ္တုပစ္စည်းတွေနဲ့လုပ်ထားတဲ့ လုံခြုံတဲ့အိမ်နည်းနည်းရှိတယ်။ အခြေခံအားဖြင့်တော့ အုပ်ချုပ်သူအဆင့်သားရဲနဲ့ အထက်တွေပဲ လုံခြုံရေးအိမ်ကို ဖြတ်နိုင်မှာမလို့ လုံခြုံရေးအိမ်ထဲမှာပုန်းနေတဲ့အချိန် စိုးရိမ်စရာမလိုဘူး။ အိမ်တစ်လုံးစီမှာ လုံလောက်တဲ့စားနပ်ရိက္ခာတွေရှိတယ်။ အဲ့ဒါက လူသားတွေအတွက် ရှင်သန်ဖို့ သေချာပေါက် လုံလောက်တယ်ဆိုပေမယ့် မင်းတို့သားရဲတွေအတွက်ကတော့.... သေချာပေါက် မလုံလောက်ဘူး။ ဒီတော့ မင်းတို့ ညဘက်မှ လုံလုံခြုံခြုံနဲ့အိမ်ထဲမှာ နားလို့ရမယ်။ ဒါပေါ့၊ မင်းတို့ နေ့ဘက်မှာနားပြီး ညဘက်မှအပြင်ထွက်လဲရပါတယ်။ ဘာပဲဖြစ်ဖြစ် ၇ရက်လုံး မင်းတို့ တောင်ကြားထဲမှ အသက်ရှင်နေဖို့ပဲ လိုတယ်။"

ထို့နောက် နည်းပြချုပ်ချန်က ခဏရပ်လိုက်ပြီးကာမှ၊ သိပ်ပြီး လေးနက်ဟန်မပြတော့ဘဲ၊ "လူသားတစ်ယောက် ဘဝတစ်သက်တာလုံး ရှင်သန်နေထိုင်နိုင်ဖို့ နည်းလမ်းပေါင်းများစွာရှိကြတယ်။

# စာစဉ် ၄

ဘယ်လိုနေထိုင်မလဲဆိုတာကတော့ မင်းတို့ရွေးချယ်မှုအပေါ်မှာပဲမူတည်တယ်။

မင်းတို့ –ျငီးပဲစားမလား၊ ဒါမှမဟုတ် အသားပဲစားမလားဆိုတာ မင်းတို့အပေါ်မှာပဲမူတည်တယ်။ ဘာပဲဖြစ်ဖြစ် အခု အကောင်းဆုံးလေ့ကျင့်ဖို့အခွင့်လမ်းမျိုး မင်းတို့ကိုပေးထားပြီးပြီ။ ဒီအခွင့်အရေးကို အသုံးချနိုင် မချနိုင်ကတော့ မင်းတို့နဲ့ပဲ သက်ဆိုင်တယ်။”

ထိုစကားပြောပြီးနောက် နည်းပြချုပ်က ဟာသမဟုတ်တဟုတ်ပုံစံဖြင့်၊ “စိတ်မပူပါနဲ့။ မင်းတို့တွေရဲ့နာရီမှာ ခြေရာခံစက်ထည့်ထားတယ်။ ကံမကောင်းလို့ မင်းတို့ကို သားရဲစားသွားရင်တောင် မင်းတို့ကိုယ်စား ငါတို့လိုက်ရှာပြီး လက်စားချေပေးမှာပါ။ ဒီလိုဆို မင်းတို့လဲ မြေအောက်လောကမှာ အေးအေးချမ်းချမ်းအနားယူနိုင်တာပေါ့။”

ဒီလိုနဲ့ပဲ ကျောင်းသားတစ်စုမှာ လယ်သမားတစ်ယောက်က သူ့ကြက်ကလေးငှက်ကလေးများကို လှောင်အိမ်ထဲ

## စာစဉ် ၄

မောင်းသွင်းလိုက်သလိုမျိုး တောင်ကြားထဲသို့ ခေါ်သွားခံလိုက်ရတော့သည်။

တောင်ကြားထဲသို့ရောက်ပြီးနောက် သူတို့အနောက်ဘက်မှ ကျယ်လောင်သည့်အသံတစ်သံ ထွက်ပေါ်လာခဲ့သည်။ ကြီးမားလွန်းသည့်သတ္တုတံခါးချပ်ကြီးက ရုတ်တရက် ပိတ်သွားခဲ့ခြင်းပင်။

ကျောင်းသားအများစုမှာ သူ့အဖွဲ့နှင့်သူစုဖွဲ့ကာ အသံတိုးတိုးနှင့် စတင်ဆွေးနွေးကြတော့သည်။ အချို့က အဖွဲ့များဖွဲ့ချင်ကြပြီး တခြားလူများကတော့ လူများများနဲ့ပဲ လုံခြုံသည့်နေရာကိုအရင်ရှာလိုကြသည်။

အချို့ကတော့ ကောင်းဖန်ကို သူတို့အဖွဲ့များတွင် ပါဝင်ဖို့ ဖိတ်ခေါ်ကြပေမည့် အားလုံးအငြင်းခံလိုက်ရသည်။

ကောင်းဖန်၏ ဒီတစ်ခေါက် ခရီးစဉ်အတွက် ရည်ရွယ်ချက်မှာ သူဖတ်ဖူးသမျှ စာအုပ်များထဲမှ ရှင်သန်နိုင်မှုနည်းလမ်းများကို လက်တွေ့လေ့ကျင့်ကာ တစ်ခါတည်း တိုက်ခိုက်မှုစွမ်းရည်ကိုလဲ လေ့ကျင့်သွားဖို့ဖြစ်သည်။  ဒါကြောင့်ပဲ အုပ်စုကြီးကြီးများဖွင့်ဖို့

## စာစဉ် ၄

ရည်ရွယ်ချက်မရှိပေ။ အုပ်စုကြီးလေ ပစ်မှတ်ကြီးလေဖြစ်ပြီး သူလေ့ကျင့်လိုသည့်ပန်းတိုင်ရောက်ဖို့ ခက်လေဖြစ်လိမ့်မည်။

ကောင်းဖန်က တစ်ယောက်တည်း ဒါမှမဟုတ်လဲ နှစ်ယောက်၊ သုံးယောက်သာပါမည့် အုပ်စုငယ်တစ်ခုလောက်နှင့် လုပ်ဆောင်ဖို့ ရည်ရွယ်ထားသည်။ ဒီလိုလူနည်းနည်းနှင့်ဆိုလျှင် လှုပ်ရှားဖို့ ပိုပြီးလွယ်ကူလိမ့်မည်။

"သွယ်ဝိုက်ဖျက်ဆီးရေးသမားကောင်း၊ အဖွဲ့ဖွဲ့ကြမလား?" မုထျယ်ယင်းက ပြောရင်းဆိုရင်းဖြင့် လျှောက်လာခဲ့သည်။

သူ့အသင်းဖော်ရောက်လာပြီပဲ။

ခေါင်းဖန် ချက်ချင်းခေါင်းညိတ်ပြလိုက်သည်။

နှစ်ဦးသားသူတို့၏ ကိုယ်ပိုင်သားရဲများနှင့်အတူ တောနက်နက်ထဲသို့ ထွက်ခွာခဲ့ကြသည်။

မှုန်မှိုင်းသော မြို့ပတ်ဝန်းကျင်နှင့်မတူဘဲ တောတောင်များထဲတွင်က သားရဲမျိုးစိတ်များစွာရှိကာ လက်တွေ့လေ့ကျင့်မည့်သားရဲများအတွက်တော့ တကယ့်ရတနာသိုက်ကြီးပင်။

# စာစဉ် ၄

ကောင်းဖန် ခေါင်းမော့လိုက်တော့ သစ်ကိုင်းတစ်ကိုင်းပေါ်တွင် ၃၀စင်တီမီတာခန့်ရှည်သည့် ဖြူဖွေးဖွေးစာငှက်တစ်ကောင်ကိုတွေ့လိုက်ရသည်။ ကောင်းဖန်၏အကြည့်နှင့်ဆုံသွားသည်နှင့် ၎င်း၏ချက်ချင်းပင် နှိုးဆော်အော်ဟစ်သည့်အသံဖြင့် ပျံသန်းထွက်ခွာသွားတော့သည်။

“အဲ့ဒါ စာကလေးမိုးငှက်ပဲ၊ ဒီစာငှက်အမျိုးအစားက စိုစွတ်တဲ့အလေ့အကျင့်ရှိပြီး သူကလဲ ရေနားမှာပဲနေတယ်၊ ပြီးတော့ မိုးရွာတဲ့နေရာတိုင်းကို ပျံသွားကြလို့ စာကလေးမိုးငှက်လို့ ခေါ်ကြတာ။” ကောင်းဖန်ပြောပြလိုက်သည်။

“ဟုတ်တယ်, မြို့ကြီးအများစုကရာသီဥတုခန့်မှန်းတဲ့မျှော်စင်တွေမှာ စာကလေးမိုးငှက်ကို မြှင့်ပေးတယ်ဆိုတာ ငါမှတ်မိတယ်၊ သူတို့ရဲ့တိုက်ခိုက်နိုင်စွမ်းက အရမ်းအားနည်းတယ်ဆိုပေမယ့် သူတို့ကအရမ်းမြန်တယ်”, မုထျယ်ရင်းကထပ်ပြောလိုက်သည်၊

သူတို့နှစ်ယောက်သည် ထိုသို့သောစကားဝိုင်းကို အမှတ်မထင်ဖန်တီးလိုက်ကြသည်၊

## စာစဉ် ၄

ဒီလိုသာမာန်စကားဝိုင်းမျိုးက ‘သွယ်ဝိုက်ဖျက်ဆီးသူ’နှစ်ယောက်ကြားတွင်သာ ရှိနိုင်သည်။

အာဝူး, အူး~ သူတို့ရှေ့တွင် သစ်ပင်များက ရုန်းရင်းဆန်ခတ်လှုပ်ရှားလာကြသည်။ ထိုသို့လှုပ်ရှားမှုများမှ ထွက်ပေါ်လာသောအသံသည် သိပ်မတိုးပေ၊

သူတို့နှစ်ယောက် ရုတ်တရက်နိုးနိုးကြားကြားဖြစ်သွားပြီး သူတို့ရှေ့တွင် ကြာစေ့လေးကဝင်လိုက်ပြီး တဒ္ဒီရဲ့ခန္ဓာကိုယ်ကတော့ ဘေးချင်းယှဉ်ပြီး တိုက်ခိုက်ဖို့ အတွက် ဟန်ချက်ညီသည့်အနေအထားတွင်ရှိနေသည်။

အစိမ်းရောင်သစ်ရွက်အစအနများကြားမှ ပုံသဏ္ဍာန်တစ်ခုကထွက်ပေါ်လာပြီး သူတို့ ရှေ့တွင်ရပ်လာခဲ့သည်၊ မြေပေါ်ကျလာသည့် သစ်ရွက်စိမ်းများကနေတောင်မှ မြက်နံ့များကိုရလာသည်။

ဒါကရှည်လျားသောအစိမ်းရောင်ဝံပုလွေဖြစ်သည်၊ ၎င်း၏ခန္ဓာကိုယ်သည် အကြီး အသေးအနာရွတ်များဖြင့်ဖုံးနေပြီး ၎င်းကတိုက်ပွဲများတွင်အလွန်အတွေ့အကြုံ ရှိသူကဲ့သို့ပင်။

# စာစဉ် ၄

ၵင်းက ခြောက်ပေအပြည့်ရှည်ပြီး သူ့ခန္ဓာကိုယ်သည်၁၅ပေနီးပါးရှည်လျားသည်၊ ၵင်း၏အလွန်ကိုကြီးမားသောအရွယ်အစားက ၵင်းကိုစွမ်းအားအလွန်ကြီးမားသောပုံ ပေါက်စေသည်၊ ၵင်းကအစိမ်းရောင်သားမွှေးများဖြင့်ဖုံးအုပ်ထားပြီး ၵင်းတို့ကမြေပြင်ပေါ်သို့ကျနေသည်၊ ကြည့်ရသည်မှာမှိုနှင့်ရေညှိတို့ဖုံးအုပ်နေပုံနှင့်တူသည်၊ သူ၏ပုံစံက ကြီးမားပြီး သန်မာကာ, ၵင်းနှင့်နီးကပ်လာသည်နှင့်အမျှကြီးမားသောခံစားမှုကိုပေး သည်။

“ဒါက ဘာဝံပုလွေအမျိုးအစားလဲ” မုထျယ်ယင်းထိတ်လန့်သွားသည်။ သူမဒီလို ဝံပုလွေပုံစံမျိုးကို စာအုပ်များထဲတွင် မဖတ်ဖူးပေ။ ဒါက ဝံပုလွေမျိုးစိတ်သစ်များလား?

“ဒါက ဝံပုလွေနဲ့မတူဘူး။” ကောင်းဖန်ကလေးနက်သောအမူအရာဖြင့် ပြောလိုက်သည်၊

အချက်အလက်ပြဇယားတွင်, ဒီသားရဲ၏အချက်အလက်များကို ရှင်းလင်းစွာတွေ့မြင်လိုက်သည်၊

[မကောင်းဆိုးဝါးအမည်]–ရေညှိဟက်စကီးခွေးရူး

# စာစဉ် ၄

[မကောင်းဆိုးဝါးအဆင့်]–အဆင့်၁၁

[မကောင်းဆိုးဝါးအဆင့်အတန်း]–သာမန်အဆင့်

[မကောင်းဆိုးဝါးစွမ်းရည်]–သစ်သား

ဒါကတကယ်တော့ ဟက်စကီးခွေးအမျိုးအစားဖြစ်သည်၊ ဒါပေမယ့်ကောင်းဖန်၏ အချက်အလက်ပြဇယားတွင် ဟက်စကီးခွေးအစား ကောင်းဖန်အာစေးမိသွားတာက ဟက်စကီးခွေးရူးလို့ဖတ်လိုက်ခြင်းဖြစ်သည်၊

တကယ်ပဲ၊ သူ၏အထူးစွမ်းရည်ကတောင်မှ ၎င်းကို ခွေးရူးဟု အတည်ပြုပေးလိုက်သည်။

အာဝူး! အာဝူး! ဟက်စကီးခွေးသည် သူတို့နှစ်ယောက်ကြောက်စေရန် ဆက်လက်အူနေသည်၊

နောက်တစ်ကြိမ်တွင်တော့ ဟက်စကီးခွေးသည် “အူး”ဟုအော်သည်ကို, ကောင်းဖန်ကသူကိုယ်တိုင် “ဝုတ်”ဟုအော်ကာပေါင်းထည့်လိုက်သည်၊

ဟက်စကီးခွေးမှာ ရုတ်တရက် ဆက်အူဖို့ အခက်တွေ့သွားရသည်။

# စာစဉ် ၄

အူး…ဝုတ်? ရေညှိဟက်စကီးခွေးရူး စိတ်ရှုပ်သွားတော့သည်၊

ဘာလို့ဒီကောင်က ထူးဆန်းတဲ့အသံကိုလုပ်နေတာလဲ?

“ဒါကပိုကောင်းတယ်၊ အူး,အူး လို့အော်တာကတခြားလူတွေက မင်းကိုအထင်လွဲစေနိုင်တယ်”ကောင်းဖန် သက်ပြင်းချလိုက်မိသည်၊

အူး ဝုတ်, အူး…ဝုတ်? ဝုတ်? ဝုတ်ဝုတ်ဝုတ်?! ရေညှိဟက်စကီးခွေး၏ဟောင်သံကပိုပြီး ပိုပြီးစိတ်လှုပ်ရှားလာသည်၊ ထို့နောက် ၎င်းကသစ်ပင်ကြီးကို ကျယ်ကျယ်လောင်လောင်ဟောင်နေသောကြောင့် ပထမဆုံးဒီကိုဘာလုပ်ဖို့လာတယ်ဆိုတာကို လုံးဝမေ့သွားတော့သည်၊ ဘာကြောင့်လည်းဆိုတော့ သူကပိုပြီးပျော်စရာကောင်းသောတစ်ခုကို ရှာတွေ့သွားသောကြောင့်ဖြစ်သည်။

ကောင်းဖန်နဲ့မုထျယ်ရင်းသည်တည်ငြိမ်စွာနဲ့လှည့်ထွက်လာတော့သည်၊

…

…

## စာစဉ် ၄

မုထျယ်ရင်းထိုအခြေအနေကိုနားလည်ရန် အခက်အခဲဖြစ်နေသည်၊

“အဲ့ဒီဝံပုလွေ… ဘာကြောင့်,

ဘာကြောင့်ဒီလိုမျိုးဟောင်နေတာလဲ?”

“ဒါကဝံပုလွေမဟုတ်ဘူး, အဲ့ဒါဟက်စကီးခွေး၊ ဒါကတောထဲမှာကြာကြာနေပြီး တစ်ခုခုနဲ့တူနေရုံပါဘဲ၊”

ကောင်းဖန်ကလည်း တစ်ခုခုတော့မမှန်သလိုခံစားနေရသည်၊ ဒါက သူမြင်ရတဲ့ဒေတာပြဇယားကြောင့်လားဆိုတာသူမသိပေမယ့် ဒီသားရဲတွေအကုန်လုံးက သူ့မျက်လုံးထဲတွင်တော့ထူးဆန်းသည့်အရာမဟုတ်ပေ၊

တောင်ကြားကအတော်လေးကြီးမားသည်၊ သူတို့နှစ်ယောက် တောနက်ပိုင်းထဲသို့ လျှောက်လာကြကာ တောင်ကြား၏တစ်ဖက်ပိုင်းအဆုံးသို့မမြင်ရဘဲလာခဲ့သည်မှာ နာရီဝက်လောက်ရှိနေပြီဖြစ်သည်၊

သူတို့၏ရှေ့မနီးမဝေးတွင် သစ်သားတဲတစ်ခုကို အစိမ်းရောင်ပြောက်ကြားပုံနှိပ်ထားသည့် အရာကိုတွေ့လိုက်ရသည်၊ ဒါကလုံခြုံတဲ့အိမ်တစ်အိမ်ဖြစ်လောက်သည်၊

# စာစဉ် ၄

“ အဲ့ကိုသွားပြီးကြည့်ရအောင်၊ အကယ်၍ဖြစ်နိုင်ရင် ငါတို့အဲ့အိမ်မှာလုံလုံခြုံခြုံနဲ့နားလို့ရတယ်”
ကောင်းဖန်ကပြောလိုက်သည်။

***

# စာစဉ် ၄

## ***အပိုင်း ၆၁ ဖရဲခွံဖား***

လုံခြုံရေးအိမ်၏သော့သည် ရှုပ်ထွေးမှုမရှိဘဲ ဂျက်ကိုမကာဆွဲလိုက်ရုံဖြင့် ဖုံးကွယ်ထားသည့် သတ္တုတံခါးကို လွယ်လွယ်ကူကူဖွင့်နိုင်သည်။

အများအားဖြင့် သားရဲများသည် သော့ဖွင့်ရန်လုံလောက်သည့်ဉာဏ်ရည်မျိုးမပိုင်ဆိုင်ကြပေ။

သူတို့အထဲရောက်သည်နှင့် တံခါးနောက်တွင်နောက်ထပ်ဂျက်တစ်ခုရှိလားရှာလိုက်သည်၊ ဒီလိုဆို သူတို့တံခါးအထဲကနေလဲ ပိတ်ထားနိုင်ပေလိမ့်မည်။

လုံခြုံရေးအိမ်၏အတွင်းပိုင်းအပြင်အဆင်သည် ရိုးရှင်းကာ အကြမ်းထည်ဆန်လှပြီး စောင်ပါးအနည်းငယ်ခင်းထားသည့် သံကုတင်အနည်းငယ်သာပါရှိသည်။ ကုတင်များအပြင် အခန်းငယ်များဖန်တီးနိုင်မည့် ခေါက်တံခါးအချို့လဲရှိသေးသည်။ ဒီလိုနည်းဖြင့် လုံခြုံရေးအိမ်တစ်လုံးထဲမှာပဲ မိန်းကလေး၊ ယောကျ်ားလေး အတူတကွ နေထိုင်နိုင်လိမ့်မည်။

# စာစဉ် ၄

လုံခြုံရေးအိမ်ထဲတွင် အိပ်ရာအများကြီးမရှိထားတာကြောင့် သင်တန်းနည်းပြများက တစ်နေရာထဲတွင် ကျောင်းသားအများကြီး အစုလိုက်မရှိစေချင်လိုကြောင်း သိသာလှသည်။ မဟုတ်ရင် ဒီလေ့ကျင့်ရေး၏ ရည်ရွယ်ချက် ပျောက်ဆုံးသွားပေလိမ့်မည်။

တောင်ကြားထဲတွင် ထိပ်တန်းအဆင့်သားရဲ ၅ရာခိုင်နှုန်းလောက်သာရှိပြီး အုပ်ချုပ်သူအဆင့်သားရဲကတော့ မရှိပေ။ သူတို့ဘက်က သတိထားကာ တာ့ဇီနှင့်ကြာစွေလေးတို့ကလဲ ပူးပေါင်းဆောင်ရွက်ပေးနေသ၍ သူတို့ကို ဘယ်သားရဲကမှ ခြိမ်းခြောက်နိုင်လိမ့်မည်မဟုတ်ပေ။

အိပ်ရာတစ်ခုစီတွင် လုံလောက်သည့်အစာအစားပမာဏ ထားရှိထားသည်။ အိပ်ရာတစ်ခုစီ၌ ဘီစကစ်ဘူး၅ဘူးနှင့်ရေ၁၀ဘူးပါရှိသည်။ သေချာခွဲတမ်းချစားလျှင် ဒီလောက်စားစရာနှင့်ရေက လူတစ်ယောက်အတွက် တစ်ပတ်စာဖူလုံပေသည်။

အခန်းထဲမှ မုထျယ်ယင်းရှိနေသည့်ဘက်တွင်တော့ သူမကိုယ်သူမ ထူထဲသည့်ချပ်ဝတ်တန်ဆာများအပြည့် ဝတ်ဆင်လို့ထားသည်။ သူမက

## စာစဉ် ၄

ခေါင်းကို သတ္တုခေါင်းစောင်းနှင့်ကာကွယ်ထားကာ မျက်လုံးကိုလဲ ဖန်အလွှိုင်းနှင့်ကာထားသည်။

မုထျယ်ယင်းပုံစံမှာ လိပ်ခွံထူထူထဲရောက်နေသလိုတောင်ထင်ရပေသည်။

သူ အပြင်ထွက်လာတော့ ကောင်းဖန် စစ်ဝတ်စုံမလဲထားကြောင်း တွေ့လိုက်ရပြီး အံ့ဩသွားသည်။ “နင် မလဲတော့ဘူးလား? တောထဲက ခြင်တွေအားလုံးက သန္ဓေပြောင်းတွေချည်းပဲနော်။ ခြင်မျိုးစိတ်အများစုက အကြီးကြီးတွေဆိုပေမယ့် တချို့အဆိပ်ပြင်းပြီး သေးတဲ့မျိုးစိတ်တွေလဲရှိတုန်းပဲ။ အကိုက်ခံရရင် တော်တော်ခံရမှာ။”

“မလိုပါဘူး။” ကောင်းဖန် ခေါင်းယမ်းပြလိုက်သည်။ သူခဏလောက်ပြန်တွေးလိုက်ပြီးနောက် အိပ်ထဲမှ အစိမ်းရင့်ရောင်မြက်အချို့ကိုထုတ်ယူလိုက်သည်။ ဒါကတော့ ခြင်ဆေးရည်မှင်မြက်ပင်ဖြစ်ကာ ခြင်ကာကွယ်ဆေးအပြင်းစားအဖြစ် သုံးနိုင်သည်။

ကောင်းဖန် မြက်များကို ချေမွလိုက်ပြီးနောက် အရည်ကို ညှစ်ကာ သူ့ကိုယ်ပေါ်တွင်လိမ်းလိုက်သည်။

## စာစဉ် ၄

ကြွင်းကျန်သည့်မြက်များကလဲ အလဟသမဖြစ်ပေ။ ကောင်းဖန် အိတ်အသေးလေးထဲထည့်ကာ ခန္ဓာကိုယ်ပေါ်တွင် ဆောင်သွားနိုင်သေးသည်။

"ဒါနဲ့ဆို အလုပ်ဖြစ်ပြီ။ ငါတို့ဘက်က ဘယ်ခြင်ကိုမှ အရင်သွားမတိုက်သ၍ သူတို့လဲ ငါ့ကို လာမကိုက်တော့ဘူး။"

မူထျယ်ယင်းတောင့်ခဲသွားတော့သည်။ ထို့နောက် ပေါ့ပေါ့ပါးပါးဝတ်ထားသည့် ကောင်းဖန်တစ်လှည့် ချပ်ဝတ်အထူကြီးဝတ်ထားရသည့် သူမကိုတစ်လှည့်ပြန်ကြည့်မိသည်။

ခြင်ဆေးရည်မှင်မြက်တင်မကသေး ကောင်းဖန်၏အထူးကာကွယ်မှုမှာ တကယ်တော့ တာ့ဇီနှင့်ချုပ်ဆိုထားသည့်စာချုပ်ပင်ဖြစ်သည်။

ဘယ်ခြင်ပဲ သူ့ကိုလာကိုက်ကိုက် တာ့ဇီ၏ခန္ဓာကိုယ်ကို ကိုက်လိုက်သလိုပင်ဖြစ်မည်ပင်။ ခြင်များ၏အဆိပ်အဆင့်လောက်ကတော့ တာ့ဇီအတွက် တာဖို့နေနေသာသာ ယားတောင်ယားလိမ့်မည်မဟုတ်ပေ။

## စာစဉ် ၄

"အရင်ဆုံး အနီးတစ်ဝိုက်ကို လိုက်ကြည့်ကြရအောင်။ တစ်ကောင်ကောင်ကို အမဲလိုက်နိုင်ရင်တော့ ပိုကောင်းတာပေါ့။ ငါတော့ တစ်ပတ်လုံး ဘီစကစ်ပဲ မစားချင်ဘူး။" ကောင်းဖန် ပြောလိုက်သည်။

မုထျယ်ယင်းလဲ ခေါင်းညိတ်လိုက်ကာ ကန့်ကွယ်စရာမရှိပေ။ သူမလဲပဲ တစ်ပတ်လုံးဘီစကစ်တွေပဲ စားမနေချင်ပေ။ တစ်ချိန်လုံး လုံခြုံရေးအိမ်ထဲမှာပဲ ပုန်းနေတာက သက်သက်ပဲ အချိန်ဖြုန်းနေသလိုသာဖြစ်လိမ့်မည်။

လုံခြုံရေးအိမ်ကို ချန်ထားကာ သူတို့ထဲမှ အကြီးဆုံးဖြစ်သည့် ကြာစေ့လေ့ကို လမ်းပြခိုင်းလိုက်သည်။

မကြာသေးခင်က လေ့ကျင့်မှုအပြီးတွင် မုထျယ်ယင်း၏ကြာစေ့လေးသည် အဆင့်၁၄သို့ပင်ရောက်ရှိနေပြီဖြစ်သည်။ သူမ၏ပြီးပြည့်စုံအဆင့်နှင့်ယှဉ်တွဲလိုက်လျှင် ဒီတောထဲ၌ ၎င်းကသာ လက်တွေ့ကျကျ အုပ်ချုပ်သူဖြစ်သွားသည်။

# စာစဉ် ၄

တောင်ကြားထဲတွင် သစ်ပင်များမှာ နွယ်သစ်ရွက်များစွာဖြင့် ဖုံးနေတာကြောင့် ကြာစေ့လေးအတွက် ရှေ့ဆက်ဖို့ ခက်ခဲတာကြောင့် သူတို့အားလုံး ဖြည်းဖြည်းချင်းခရီးဆက်နေရသည်။

တောတွင်းသို့ဝင်လာပြီးနောက် လေက ပိုပိုအေးလာသည်။ နေရောင်ခြည်ကို သစ်ရွက်များက ပိတ်ကာလိုက်ကာ တောထဲတွင် သစ်ရွက်များကြားမှ ကျဆင်းလာသည့် နေပြောက်လောက်သာ မြင်ရတော့သည်။

သူတို့ခြေလှမ်းလိုက်တိုင်း မြေပြင်ပေါ်မှ သစ်ရွက်ထုကြီးကို နင်းမိကာ ကျိုးကျိုးကျွတ်ကျွတ်အသံမျိုးထွက်ပေါ်လာပြီး တိတ်ဆိတ်နေသည့်တောကြီးထဲတွင် ထိုအသံများက ထူးထူးခြားခြားကျယ်လောင်လို့နေသည်။

လေထုမှာတော့ ပန်းနှင့်သစ်သီးသစ်ရွက်များ၏ရနံ့များဖြင့် ထုံမွှမ်းနေကာ ဆွေးမြေ့နေပြီဖြစ်သည့် သစ်ရွက်ဆွေးနံ့များလဲ ကပ်ပါလာသည်။

သူတို့မျှော်လင့်ထားတာနဲ့မတူဘဲ ဘယ်နေရာမှာမှ သားရဲများနှင့်မတွေ့ကြုံရပေ။

## စာစဉ် ၄

အခုမှနေ့အချိန်ဖြစ်နေသေးတာကြောင့်လဲဖြစ်နိုင်သည်။ ဒါမှမဟုတ် သားရဲတွေက တစ်နေရာရာကနေ ပုန်းအောင်းကာ တိတ်တဆိတ်နဲ့ သူတို့ကိုအကဲခတ်နေတာမျိုးလဲ ဖြစ်နိုင်ပေသည်။

“ရေ၊ ရေ။” တာ့ဇီ၏အသံက ကောင်းဖန်၏စိတ်ထဲဝင်လာကာ ၎င်း၏ဦးမျှင်အစုံကလဲလှုပ်ခတ်နေသည်။

ကောင်းဖန် လမ်းလျှောက်တာကိုရပ်လိုက်ပြီး ဘေးပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်သည်။ အနားတွင် သူမြင်သမျှမှ အညိုရောင်သစ်ပင်ပင်စည်များချည်းသာ။ တာ့ဇီနှင့်ဆက်ပြီးဆက်သွယ်ပြောဆိုကြည့်ပြီးနောက်တွင်တော့ တာ့ဇီဘာကိုဆိုလိုလဲဆိုသည်ကို နားလည်သွားတော့သည်။ သူတို့ရှေ့မနီးမဝေးတစ်နေရာမှ ပြင်းထန်သည့်ရေငွေ့ကိုခံစားမိခြင်းပင်။ အရှေ့တွင် ရေကန် သို့မဟုတ် စမ်းချောင်းလိုမျိုးတစ်ခုခုရှိလောက်ပေသည်။

ရေသာရှိလျှင် ရေသောက်ဖို့လာကြည့်မည့် သားရဲများလဲရှိနိုင်တာကြောင့် တစ်နည်းပြောရလျှင် ထိုနေရာသည် “အမဲလိုက်မြေ”တောင်ဖြစ်လာနိုင်သည်။

## စာစဉ် ၄

“ရှေ့ဆက်သွားကြည့်ရအောင်။” ကောင်းဖန် သတိကြီးစွာနှင့်ပြောလိုက်သည်။ ဤနေရာရှိသားရဲများတွင် ဉာဏ်ရည်အလွန်မြင့်တာမျိုးကော တိုက်ပွဲအတွေ့အကြုံများစွာပါ ရှိနေနိုင်ကာ ပုန်းတာကွယ်တာမျိုးနှင့်ကျွမ်းဝင်နေလောက်ပေပြီ။ သူတို့သာ တောထဲမှ ဘယ်အရာကိုမှမကြောက်ရအောင် အင်အားကြီးနေတာမျိုးမဟုတ်လျှင် သားရဲတွေကလဲ ပေါ်ပေါ်တင်တင်ထွက်လာကြလိမ့်မည်မဟုတ်ပေ။

“နေဦး။” ကောင်းဖန် သွားရင်းနှင့်ရပ်လိုက်သည်။

မုထျယ်ယင်းလဲ ကောင်းဖန်ကို နားမလည်နိုင်စွာဖြင့် လှည့်ကြည့်လို့လာခဲ့သည်။

မုထျယ်ရင်းရှေ့ထောင့်ဖြတ်အတိုင်း ညာဖက်ငါးမီတာပတ်လည်တွင်, အစိမ်းရောင်နှင့် အညိုရောင်သစ်ပင်ကိုင်းများရှိသည်၊ သေချာသလောက်က နှစ်ပေါင်းများစွာမိုးသဲထန်စွာရွာခြင်းကြောင့် သစ်ကိုင်း၏မျက်နှာပြင်ပေါ်တွင်ရေညှိများဖုံးနေခြင်းဖြစ်သည်၊

## စာစဉ် ၄

လေတိုက်သည့်အခါတွင် သစ်ကိုင်းသည်လေနှင့်အတူ ယိမ်းနွဲ့နေသည်၊

“ကြာစေ့လေးကို သူ့မှာရှိတဲ့ခွန်အားတွေအကုန်လုံးနဲ့ တတ်နိုင်သလောက်သစ်ပင်ကိုင်းကို ဝင်ဆောင့်ပေးလို့ပြောလိုက်” ကောင်းဖန်ကအသံတိုးတိုးနှင့်လျင်မြန်စွာ ပြောလိုက်သည်၊

“ကောင်းပြီ,” မုထျယ်ရင်းကပြောလိုက်သည်၊ သူမကကောင်းဖန်ကို ယုံသောကြောင့် ဘာကြောင့်လဲဆိုတာကိုမမေးတော့၊ သူမကချက်ချင်းပင်ကြာစေ့လေးကို အမိန့်ပေးလိုက်သည်၊

ကြာစေ့လေးက သံသယဖြစ်စွာနှင့်နှာမှုတ်လိုက်ကာ ကြမ်းသောအသံကိုပြုလုပ်လိုက်ပြီး အမိန့်ကိုမေးခွန်းထုတ်လိုက်သည်၊

ဟွန်း..

ထို့နောက်သူမကနွေးကွေးစွာနှင့် အများကြီးခြေလှမ်းဆုတ်လိုက်ပြီး သူမကအရှေ့သို့ ကိုင်းညွတ်လိုက်ပြီးခေါင်းကိုအောက်ငုံ့လိုက်သည်၊ သူမ၏ခေါင်းပေါ်မှချွန်ထက်သော ဦးချိုများသည် ရှည်လျားသောလှံတံက ရှေ့သို့ဦးဆောင်ညွှန်ပြနေသကဲ့သို့ပင်ဖြစ်နေသည်၊

## စာစဉ် ၄

ရုတ်တရက်,ကြွံတစ်ကောင်က ကြီးမားသောအင်ဂျင်စက်ကြီး သူမခန္ဓာကိုယ်ထဲတွင်ရှိနေသလို သူမကကြမ်းကြုတ်ရူးနှမ်းစွာနှင့်တဟုန်ထိုးတိုက်ခိုက်ပြီး ထိုအရာကိုချိုးလိုက်သကဲ့သို့ဆူညံ့သောအသံကိုပြုလိုက်သည်၊

သူမကွေးထားသောကြွက်သားများကိုမြင်နိုင်ပြီး သူမ၏ထူထဲကြမ်းတမ်းသောအလွှာပိုင်းကို ဆန့်ထုတ်ထားသည်၊ သူမ၏နှာပေါက်မှ အဖြူရောင်မီးခိုးများပင်ထွက်လာသည်၊

ဟိန်းသံ!

သံမဏိကြွံသည် ပြင်းထန်စွာနှင့် အတင်းပြေးသွားတော့သည်၊

အရှိန်ကိုဆက်ပြီးမြှင့်ထားသည်မှာ တောနက်ကြီးကိုဖြတ်သန်းသွားလာနေသော တင့်ကားကြီးများကဲ့သို့ပင်ဖြစ်သည်၊ သစ်ကိုင်းသစ်ခက်များက လမ်းကြောင်းမှာတင် အပိုင်းအစများအဖြစ်ကျိုးကြေသွားပြီး, မြေပြင်ပေါ်ရှိမြက်ပင်များကလည်း သစ်ပင် ဆွေးများကဲ့သို့ပင်တက်နင်းသွားခြင်းကိုခံလိုက်ရသည်၊

## စာစဉ် ၄

ပစ်မှတ်ဖြစ်သည့် သစ်ကိုင်းကအနည်းငယ်တုန်လှုပ်သွားပြီးနောက် မိမိကိုယ်ကိုပြန်၍ ထိန်းချုပ်လိုက်သည်၊

ဒီကောင်ငါ့ကိုမမြင်နိုင်ဘူး, ငါ့ကိုမမြင်နိုင်ဘူ;...

ထို့နောက်

ဘန်း!

သစ်ကိုင်းက သစ်ပင်ပင်စည်မှ
ချက်ချင်းပင်လွင့်ထွက်သွားတော့သည်၊ လွတ်ထွက်နေသော
ကြိုးအပိုင်းအစတစ်ခုကဲ့သို့
၎င်းသည်ကြွံ၏ဦးချိုပတ်လည်နစ်မြုပ်နေပြီးနောက်
ထိုနည်းလမ်းအတိုင်းပင်
သစ်ပင်၏ပင်စည်အနည်းငယ်ကိုထပ်၍ချိုးချေခံလိုက်ရသည်, ဘန်း,ဘန်း, ဘန်း–

ကျိုးကြေသံ!

ချွန်ထက်သောကြွံ၏ဦးချိုသည်
ထုပ်ပိုးထားသည့်သစ်ကိုင်း၏အတွင်းသို့သွင်းကာ နစ်မြုပ်နေပြီးနောက်
လမ်းကြောင်းအတိုင်းထူထဲစွာနှင့်ပင်စည်ထဲသို့ထိုးဖောက်ပြီး

## စာစဉ် ၄

အရွယ်ရောက်သောသူနှစ်ဦးသူတို့လက်မောင်းတွေဖြင့်ပွေ့ဖက်သလိုမျိုး
ဖက်လိုက်သည်၊

ကြာစေ့လေးက နောက်ထပ်ခြေနှစ်လှမ်းထပ်ဆုတ်လိုက်သည်၊
ရစ်ပတ်နေသော သစ်ကိုင်းသည် အသိအမှတ်ပြုခြင်းမခံရသကဲ့သို့
တွန့်လိမ်ရှုံ့တွကာ မြေပြင်ပေါ်သို့ ပြုတ်ကျသွားတော့သည်၊

ငင်းကရုံဖန်ရုံခါ ဆန့်ငင်ဆန့်ငင်လှုပ်နေသည်၊
ငင်း၏အလယ်တွင်ကြီးမားသော အပေါက်တစ်ပေါက်ရှိနေပြီး
ထပ်ခါထပ်ခါသွေးစိမ်းများယိုစိမ့်ထွက်နေသည်၊

“အဲ့တာကမသေသေးဘူး, ဒါပေမယ့်မကြာတော့ဘူး
သူ့ရဲ့နောက်ဆုံးအသက်ရှူဖို့နီး လာပြီ”
ကောင်းဖန်ကမြေပြင်ပေါ်မှအစိမ်းရောင်သစ်ပင်မြွေကိုကြည့်ကာပြောလို
က် သည်၊
ငင်း၏အချက်အလက်ပြဇယားမှဖော်ပြချက်:သေစေနိုင်သောဒဏ်ရာများ၊

ငင်းကသနားစရာကောင်းပေမယ့်,
အစိမ်းရောင်သစ်ပင်မြွေ၏အသားသည် စားလို့တော့မရနိုင်ပေ၊
ကောင်းဖန် အနည်းငယ်စိတ်ပျက်သွားသည်၊ ဒီလိုပုံစံမြွေတွေရဲ့

## စာစဉ် ၄

အသားက အဆိပ်တစ်စွန်းတစ်စပမာဏလောက်ကျန်ရှိနေသေးသည်၊ သားရဲတွေက သူတို့ကိုစားလို့ရပေမယ့်,လူတွေကတော့မရပေ၊

ငင်းကတာ့ဇီအတွက်အစာအဖြစ်ကောင်းကောင်းစားသုံးနိုင်သည်၊

တာ့ဇီကို အစိမ်းရောင်သစ်ပင်မြွေကိုအဆုံးသတ်ခိုင်းနေတုန်း ကောင်းဖန်ရုတ်တရက်တစ်ခုကို စဉ်းစားမိသွားသည်၊ သူက တာ့ဇီနဲ့သွေးစာချုပ်ကိုထူထောင်ထားသည်, ထို့ကြောင့်သဘောတရားအရဆိုလျှင် သူ့အားဖြစ်လာမည့် မည်သည့်အန္တရာယ်ကိုမဆို တာ့ဇီဆီသို့လွှဲပြောင်းနိုင်သည်၊ ဒါဆို ဆိုလိုတာကအကယ်၍သူကအဆိပ်အချို့ကိုစားမိလိုက်ရင် အဲ့အဆိပ်ကိုတာ့ဇီဆီကောင်းကောင်းလွှဲပြောင်းနိုင်တယ်ပေါ့?

ဒီလုပ်နိုင်စွမ်းကနည်းနည်းတော့ ပြင်းထန်နိုင်သည်၊ ကောင်းဖန် ငင်းကဘယ်လိုအလုပ်,လုပ်တယ်ဆိုတာကို နားမလည်သေးပါ၊ ဒါပေမယ့် ကားမောင်းဖို့အတွက ဂ်ားတွေက ဘယ်လိုလုပ်ထားလဲဆိုတာကိုသိဖို့မလိုအပ်ဘူး၊

ကောင်းဖန်အစိမ်းရောင်သစ်ပင်မြွေအသေကောင်ကိုကြည့်လိုက်ပြီး သူ့မျက်လုံးတွေက စတင်တောက်ပလာတော့သည်၊

## စာစဉ် ၄

ဒီအစိမ်းရောင်မြွေကိုသတ်ပစ်လိုက်ခြင်းက ဒီတောအတွင်းမှာ သေးငယ်တဲ့ကဏ္ဍတစ်ခုသာဖြစ်သည်၊ လူနှစ်ယောက်နှင့်သားရဲနှစ်ကောင်ကသူတို့စူးစမ်းမှုကိုဆက်လက်လုပ်ဆောင်ခဲ့ကြသည်၊

သူတို့မှာကြီးမားတဲ့နှောက်ယှက်မှုဖြစ်ခဲ့ပုံပေါ်ပြီး တခြားသားရဲများကိုသူတို့ လမ်းကြောင်းတွင်မတွေ့ခဲ့ရချေ။ သူတို့ရှေ့တည့်တည့်တွင် ကြည်လင်နေသော အရောင်က ဖြန့်ခင်းထားပြီးနေရောင်ခြည်နှင့်အတူ မျက်နှာပြင်ကိုရောင်ပြန်ဟပ်နေသည်၊

“ကြည့်ရတာ ရေကန်နဲ့တူတယ်၊”

သူတို့နီးကပ်လာသည်နှင့်အမျှ အရာအားလုံးကို ပိုမိုရှင်းလင်းစွာမြင်လာရသည်၊ ထိုအရာကကြီးမားသောရေကန်တစ်ခုဖြစ်ပြီး ရေကန်မျက်နှာပြင်ဧရိယာသည် စတုရန်းမီတာတစ်သောင်းလောက်ရှိနိုင်သည်၊ ရေကန်ကရေများဖြင့်သာပြည့်နေပြီး ထိုရေကန်မှ မည်သည့်အနံ့ဆိုးမျှထွက်မလာချေ။

## စာစဉ် ၄

ရေကန်၏အလယ်တွင် ကြီးမားသောကြာရွက်များစွာရှိသည့်အကွက်ကြီးရှိသည်၊

ဖူး! ကျယ်လောင်ပြီးရှင်းလင်းလှသောအသံက ကောင်းဖန်ခြေထောက်ဘေးနားမှကြားလိုက်ရသည်၊ ဖရဲသီးအရွယ်အစားရှိသည့်ခေါင်းတစ်လုံးက ကန်၏အစွန်မှထွက်ပေါ်လာပြီးပါးစပ်အပြည့်တံထွေးများကို ကောင်းဖန်အားထွေးလိုက်သည်၊

ဒါကတံတွေးတွေဖြစ်သလို, ဒါကချွဲသလိပ်လို့ခံစားရသည်၊ ၎င်းကအော်ဂလီဆန်စရာ ဆိုးရွားသောအနံ့ရှိပြီး ကောင်းဖန်၏ခြေထောက်ဘောင်းဘီရှည်ပေါ်တွင် ၎င်းတို့က ရွှဲစိုနေသည်၊

ကောင်းဖန်ထိုအရာကိုရှာကြည့်တော့ တကယ်တန်းသားရဲတစ်ကောင်ဖြစ်နေသည်၊ သားရဲ၏ဘဝပုံစံအမျိုးမျိုးသည်အရေးမပါပေ၊ တချို့တိရစ္ဆာန်တွေက သားရဲဖြစ်ရန် အနည်းဆုံးလိုအပ်ချက်များကိုဖြည့်ရန်အားနည်းလွန်းလှသည်၊

[မကောင်းဆိုးဝါးအမည်]–အစိမ်းရောင်အရေခွံဖား

# စာစဉ် ၄

[မကောင်းဆိုးဝါးအဆင့်]–အဆင့်၂

[သားရဲအဆင့်အတန်း]–သာမန်

[သားရဲ၏အကြိုက်များ]–
တခြားတိရိစ္ဆာန်တွေကိုချွဲသလိပ်များထွေးထုတ်ခြင်း

[သားရဲအားနည်းချက်]–၁၊ လျှပ်စီး–အမျိုးအစား, ၂၊မြေ–အမျိုးအစား ၃၊
တခြားတိရိစ္ဆာန် မှတံတွေးထွေးသောအခါတွင်မုန်းခြင်း

ကောင်းဖန်အံ့၏သြသွားတော့သည်၊ ဒီဖရဲခွံဖားက
ရှုးနေတာဘဲဖြစ်ရမယ်၊
သူကတခြားတိရစ္ဆာန်တွေကိုတံတွေးထွေးရတာကြိုက်ပြီး
တခြားတိရိစ္ဆာန်တွေက တံတွေးထွေးသောအခါကျမုန်းတယ်၊
အရေးကြီးဆုံးမှာ အခြားမည်သည့်တိရိစ္ဆာန်ကမှ လက်တုံ့ပြန်ခြင်းအတွက်
ပြန်တံတွေးထွေးခြင်းကဲ့သို့သော
အကျိုးမရှိသည့်အရာတစ်ခုခုကိုလုပ်မည်နည်း?!

***

# စာစဉ် ၄

## စာစဉ် ၄

# *အပိုင်း ၆၂ မိုက်မဲလိုက်လေခြင်း*

ကောင်းဖန်ကို တံတွေးနှင့်ထွေးပြီးနောက် အစိမ်းရောင်အရေခွံဖားပုံစံက ပျော်ရွှင်သွားပုံပေါ်သည်။ ၎င်း၏မျက်လုံးများကတောင်မှ ပြုံးနေကာ လခြမ်းကွေးလို ကော့တက်လို့နေသည်။

အစိမ်းရောင်အရေခွံဖား ရေပြင်ပေါ်သို့တက်လာမှသာ ကောင်းဖန်လဲ ၎င်း၏အသွင်အပြင်အားလုံးကို သေသေချာချာမြင်နိုင်တော့သည်။ ၎င်းသည် ရေမျက်နှာပြင်ပေါ်တွင် ပေါလောပေါ်နေသည့် ဘောလုံးတစ်လုံးနှင့်တူလှသည်။ တစ်ကိုယ်လုံးက အစိမ်းရောင်ဖြစ်ကာ ခေါင်းမှနေပြီး အနောက်ဘက်သို့ အစိမ်းရင့်ရောင် အစင်းကြောင်းများပါရှိသေးသည်။ ပုံမှန်အားဖြင့်ဆိုလျှင် ၎င်းသည် လမ်းလျှောက်နေသည့် ဖရဲသီးတစ်လုံးနှင့်ပင်တူသေးသည်။

ကောင်းဖန်ကတော့ ထိုဖားသည် အစိမ်းရောင်အရေခွံဖားဆိုတာထက် ‘ဖရဲခွံဖား’ဆိုသည့်နာမည်ကမှ ပိုလို့လိုက်ဖက်သည်ဟု တွေးမိသည်။

# စာစဉ် ၄

ကောင်းဖန်ဘက်က ဘာမှတုံ့ပြန်မလာသည်ကို အစိမ်းရောင်အရေခွံဖား မြင်သွားတော့ ၎င်း၏မျက်စံများကိုလှည့်ရင်း နောက်ထပ် တံတွေးတစ်လုပ်အပြည့်ကို ကောင်းဖန် ဘယ်ဘက်ခြေထောက်ပေါ်သို့ ထပ်ထွေးလိုက်ပြန်သည်။ ထို့အပြင် ရေမျက်နှာပြင်ကိုလဲ စိတ်လှုပ်ရှားစွာ ရိုက်ကာ ကောင်းဖန်ကို ရေများစင်အောင် လုပ်နေသေးသည်။

ကောင်းဖန်ကတော့ ထိုဖား၏မျက်နှာတည့်တည့်ကိုသာ စိုက်ကြည့်နေခဲ့သည်။

အစိမ်းရောင်အရေခွံဖား၏မျက်လုံးများကလဲ ကောင်းဖန်ကို စူးစိုက်ကြည့်လို့နေသည်။ သူ့အကြည့်များက ထိုကွဲပြားနေသည့်လူသားကို စူးစမ်းလိုဟန်အပြည့်နှင့်ပင်။

ဟ–ဟ

ကောင်းဖန် ရုတ်တရက်ရယ်လိုက်သည်။

ထို့နောက်

ဖူး~~ (တံတွေးထွေးသံ)

## စာစဉ် ၄

ဒါပေါ့၊ ငါက အဓိပ္ပါယ်မဲ့တာမျိုး လိုက်လုပ်တတ်တဲ့လူစားမျိုးပဲ။

ကောင်းဖန်ဘက်မှ ပြန်တုံ့ပြန်လာပေပြီ။ သူက အစိမ်းရောင်အရေခွံဖား၏မျက်နှာပေါ်မှ သူ့တံတွေးများကို ကျေနပ်နေသည့်အမူအရာဖြင့် ပြန်ကြည့်နေခဲ့သည်။

ဂူး! (ဖားအော်သံ) အစိမ်းရောင်အရေခွံဖားမှာ ဆိုးဆိုးရွားရွားကိစ္စတစ်ခုဖြစ်သွားသလိုမျိုး စိတ်ပျက်လက်ပျက်ဖြင့် အော်နေတော့သည်။

မျက်စိတစ်မှိတ်အတွင်းမှာပဲ ဖားအော်သံများက ရေကန်တစ်ဝိုက်ပေါက်ကွဲထွက်လာတော့သည်။ ဖားအော်သံက ရေမျက်နှာပြင်နှင့်ပေါင်းစပ်ကာ အသံလှိုင်းမြင့်များဖြစ်ပေါ်လာပြီး မိုးကြိုးပစ်နေသလား ထင်မှတ်ရလောက်အောင် ကျယ်လောင်လာတော့သည်။

ဂူး! ဂူး! ဂူး! (ဖားအော်သံ)

မရေမတွက်နိုင်သည့် ဖားအော်သံများက လေထဲတွင်ပျံ့လွင့်နေတော့သည်။

## စာစဉ် ၄

ထို့နောက် ရေမျက်နှာပြင်မှနေပြီး ဖားခေါင်းများ တစ်ခေါင်းပြီးတစ်ခေါင်းထွက်ပေါ်လာကာ အကြီးအသေး မျိုးစုံနေတာပင်။ အသေးဆုံးခေါင်းဆိုလျှင် လိမ္မော်သီးတစ်လုံးအရွယ်ခန့်ရှိပြီး အကြီးဆုံးဆိုလျှင် သုံးပေလောက်တောင်ကြီးသည်။ သို့ပေမည့် အားလုံး၏အကြည့်လားရာကတော့ ကောင်းဖန်တစ်ဦးတည်းသို့သာ။ တစ်ချက်ကြည့်လိုက်ရုံဖြင့် အကောင်ရေ တစ်ထောင်ကျော်လောက်မှန်း သိသာလှသည်။ ရေကန်တစ်ခုလုံးကပင် အစိမ်းရောင်အရေခွံဖားများဖြင့် နယ်မြေဖြစ်နေလေသည်။

"ပြေးတော့!" ကောင်းဖန်ပြောလိုက်ပြီးသည်နှင့် ချက်ချင်းပင် တာ့ဇီနှင့်အတူ နောက်လှည့်ပြေးတော့သည်။

မုထျယ်ယင်းသည်လဲ ကြာစေ့လေးနှင့်အတူ အနောက်မှထပ်ကြပ်မကွာလိုက်လာခဲ့သည်။ အစပိုင်းမှာတော့ ထိုရေထဲမှဖားများက သူတို့ကိုဘာများထိခိုက်အောင် လုပ်နိုင်ပါ့မလဲဟု နည်းနည်းသံသယဝင်ခဲ့သေးသည်။

ခဏအကြာတွင်တော့ မုထျယ်ယင်းနားလည်သွားတော့သည်။

# စာစဉ် ၄

သူတို့အနောက်ဘက်မှ အသက်ရှူသံများကိုကြားနေရကာ အစိမ်းရောင်အရေခွံဖားများက ကန်ထဲမှရေများကို သူတို့ဗိုက်အပြည့်စုပ်ယူနေကြသည်။

ထို့နောက်တွင်တော့….

ဘန်း~ဘန်း~ဘန်း~ဘန်း~~~

ပြင်းထန်လှသည့် ရေမြှားများက လေထဲသို့ဝဲပျံတက်လာတော့သည်။

ရေမြှားတို့သည် အနားရှိသစ်ပင်များကို ထိမှန်ကာ အတော်အတန်ပျက်စီးသွားစေခဲ့သည်။ အားအနည်းဆုံးမြှားက သစ်ခေါက်များကိုသာ ခွာချနိုင်သော်လည်း အားအပြင်းဆုံးကတော့ သစ်ကိုင်းများကိုပင် ဖျက်ဆီးပစ်နိုင်တာကြောင့် လေအမြောက်ဖြင့် ပစ်နေသလိုတောင် ထင်ရစေသည်။

ကျိုးပဲ့နေသည့် သစ်ကိုင်းသစ်ရွက်များမှာ လေထဲတွင် ဝဲလွင့်လို့နေတော့သည်။

## စာစဉ် ၄

ကြာစေ့လေးကတော့ သူမ၏သန်မာသည့်ခုခံနိုင်စွမ်းကြောင့် အဆင်ပြေလို့နေသည်။ ထိုရေမြွေးတို့က သူမခန္ဓာကိုယ်နှင့်ထိကာ အသံမြည်စေတာကလွဲ၍ ထိခိုက်မှုမဖြစ်စေပေ။

မုထျယ်ယင်းကတော့ ကြာစေ့လေးအရှေ့မှနေပြီး ရေမြွေးတို့၏ဒဏ်ကို ရှောင်ရှားနေသည်။

သူမအနားမှ သစ်ပင်များ၏ပျက်စီးပုံကို ကြည့်ပြီး မုထျယ်ယင်း သူမခေါင်းကို ပိုင့်လိုက်တော့သည်။ ထိုရေမြွေးတွေသာ သူမကိုထိလိုက်သည်နှင့် အတွင်းအင်္ဂါတွေတောင် ပျက်စီးသွားနိုင်ပေသည်။

ဒါကပဲ ရေကန်အနားတွင် အပင်များတိရိစ္ဆာန်များနည်းပါးနေလဲဆိုသည်ကို တစ်ခါတည်းရှင်းပြသွားတော့သည်။ အားလုံးက အစိမ်းရောင်အရေခွံဖားတွေကြောင့်ပဲ။

ထိုအချိန်တွင် ကောင်းဖန် မသိသည့်နေရာအချို့မှ သစ်ပင်ကြီးတစ်ပင်ထိပ်တွင် တပ်ဆင်ထားသည့် ကင်မရာတစ်လုံးက

# စာစဉ် ၄

ဖြည်းဖြည်းချင်း လှုပ်ရှားနေကာ လက်ရှိအဖြစ်အပျက်တစ်ခုလုံးကို မှတ်တမ်းတင်နေခဲ့သည်။

အခန်းကျယ်ကြီးတစ်ခုထဲတွင်တော့ ကြီးမားသည့် ဖန်သားပြင်များစွာရှိနေကာ စခရင်ငယ်လေးပေါင်းများစွာခွဲထားသည့် ဖန်သားပြင်အကြီးတစ်ခုစီရှေ့တွင် စစ်သားအနည်းငယ်ဆီထိုင်နေကြသည်။ စခရင်ငယ်လေးတစ်ခုစီသည် စောင့်ကြည့်ကင်မရာတစ်လုံးစီကို ကိုယ်စားပြုပေသည်။

စခရင်များ၏ရှေ့တွင်တော့ စစ်ယူနီဖောင်းဝတ်ထားသည့် စစ်သားတစ်ယောက်က၊ "တစ်ယောက်က အစိမ်းရောင်အရေခွံဖားရဲ့နယ်မြေထဲရောက်သွားတယ်။ တိုက်ဆိုင်သွားတာလားတော့မသိပေမယ့် သူက အစိမ်းရောင်အရေခွံဖားတစ်အုပ်ကြီးကို ဒေါသသွားစွနေတယ်။"

"ဘာကောင်လဲကွ? ဒီကောင် ဘယ်လိုလုပ်များ ဖားတစ်အုပ်ကြီးကို ဒေါသထွက်အောင်လုပ်လိုက်တာလဲ?" နောက်ထပ်စစ်သားတစ်ယောက်က သူ့ခေါင်းကို ခါလိုက်ရင်း စိတ်ချမ်းလေးလေးယူလေသံဖြင့် ပြောလိုက်သည်။

# စာစဥ် ၄

"ဒီအစိမ်းရောင်အရေခွံဖားတွေက တံတွေးနဲ့အထွေးခံရတာကို အမုန်းဆုံးလေ။" ပထမစစ်သားက စိတ်ရှုပ်နေသည့်အမူအရာဖြင့် ပြန်ပြောလိုက်သည်။

ထိုအရာကိုကြားသည်နှင့်, အခန်းထဲကလူအကုန်လုံး၏မျက်နှာ၌တူညီသော အမူအရာ များဖြစ်ပေါ်လာသည်။

တောရိုင်းထဲကဖားပေါ်ကိုတံတွေးထွေးတယ်, ဘယ်လိုတောင်မိုက်မဲတာလဲ?

...

ယခုသူတို့လုံခြုံသောအိမ်သို့ဦးဆောင်ကာပြန်သွားပြီဖြစ်သည်၊ နေ့တစ်နေ့ရဲ့ရှာဖွေခြင်း ပြီးနောက်, သူတို့နှစ်ယောက် လုံခြုံသောအိမ်၏ပတ်ပတ်လည်ဧရိယာ၌ရှာဖွေခြင်းကို အဆုံးသတ်လိုက်ပြီဖြစ်သည်၊ မြောက်ဘက်ပိုင်းသည် တော၏သေးငယ်သောအပိုင်း ဖြစ်သည်၊ ၎င်းမှတစ်ဆင့်သွားခြင်းက သူတို့ကိုအစိမ်းရောင်အရေခွံဖား၏ပိုင်နက်သို့ ခေါ်ဆောင်သွားလိမ့်မည်၊ ၎င်းတို့က ထိုရေကန်တွင်အနည်းဆုံးထောင်ဂဏန်းလောက် ရှိနိုင်သည်၊

## စာစဉ် ၄

ထိုသတ္တဝါများသည်
ငှင်းတို့ထဲမှတစ်ကောင်ဒါမှမဟုတ်နှစ်ကောင်သာရှိပါက
ကြောက်စရာမလိုပေမယ့်
များပြားသောအရေအတွက်သာအတူတကွစုဝေးပြီးရှိနေပါ
ကသူတို့သည်ရှိန်လောက်သောခွန်အားကိုပြုလုပ်နိုင်သည်၊

ရေမြွေးများက
အင်အားကြီးသောတိုက်ခိုက်မှုကိုသယ်ဆောင်ပေးသည်၊ အကယ်၍
အနည်းဆုံးထောင်ဂဏန်းရှိသောအစိမ်းရောင်အရေခွံဖားများသည်
ပစ်မှတ်တစ်ခုထဲသို့ ထိုမြွားအကုန်လုံးကိုကိုပစ်ထုတ်လျှင်
ထိုသန်မာသောတိုက်ခိုက်မှုသည် ဘယ်ပစ်မှတ်မ ဆိုတိုက်ခိုက်မှုမှ
တားဆီးနိုင်သည်၊

အနောက်ဘက်မှလမ်းကြောင်းသည် သူတို့လာရာလမ်းဖြစ်သည်၊
သစ်ပင်များ၏သိပ်သည်းဆသည်နည်းပါးပြီး ထိုနေ့တွင်
သူတို့မည်သည့်ခြိမ်းခြောက်မှုရှိသည့်သားရဲကိုမှ မတွေ့ခဲ့ရပေ၊

တောင်ဘက်ပိုင်းသည် အုံ့ဆိုင်းသောတောအုပ်ဖြစ်ပြီး
သာမန်ထက်ပိုထူကာသန်မာသော သစ်ပင်အများကြီးရှိသည်၊

# စာစဉ် ၄

ထိုလိုမျိုးပတ်ဝန်းကျင်က ကြာစေ့လေး၏လှုပ်ရှားမှုဝင်နိုင်ရန်ပင်ခက်ခဲသောကြောင့် တော၏အပြင်ဘက်နယ်နမိတ်ကိုသာ ရှာဖွေရတော့သည်၊ ထိုနေရာအတွင်းတွင် ကြီးမားသောအသားစားတိရိစ္ဆာန်အများစုရှိပြီး, ကောင်းဖန်သူတို့၏ခြေရာအစက်များကိုပင်တွေ့ရသည်၊

အရှေ့ဘက်တွင်တော့ သေးငယ်သောကုန်းစောင်းတစ်ခုရှိသည်၊ ကုန်းစောင်းသို့တက်ရန် မြက်ခင်းပြင်ကျယ်များသို့ဦးတည်သွားရသည်၊ ထိုမျက်ခင်းပြင်ကျယ်သည် စားကျက်မြေပုံစံပြနေပြီး ထိုနေရာတွင်အပင်စားတိရိစ္ဆာန်များရှိကြောင်းပြနေသည်၊

ဒါကသူတို့တစ်နေ့တာအတွင်းစုဆောင်းနိုင်သမျှဖြစ်သည်၊

ထိုမျှမကကောင်းဖန်သည် လမ်းတစ်လျှောက်ရှိ အပင်အနည်းငယ်ကိုပင် ကောက်ယူနိုင်ခဲ့သေးသည်၊

မုထျယ်ရင်းသူတို့ထဲကတစ်ချို့ဖြစ်တဲ့ ပူစီနံလေးညှင်း, ရွှေရောင်စံဇာတိပ္ပိုလ်သီးနှင့် နက်ပြာရောင်မြက်တို့ကို သတိထားမိသည်၊ ထိုအရာအားလုံးကိုဟင်းခတ် အမွှေးအကြိုင်များအဖြစ် အသုံးပြုနိုင်သောစားသုံးနိုင်သည့် အပင်များဖြစ်သည်၊

# စာစဉ် ၄

သူမတချို့သတိမထားမိသောအပင်များလည်းရှိသည်၊

“နင် ဟင်းခေတ်အမွေးအကြိုင်တွေ ပြင်ဆင်ဖို့လုပ်နေတာလား?” မုထျယ်ရင်းက တုံ့ဆိုင်းစွာနှင့်မေးလိုက်သည်၊

“ဟုတ်တယ်” ကောင်းဖန်ခေါင်းညိတ်လိုက်သည်၊

“ဒါပေမယ့်ငါတို့မှာ စားစရာမရှိဘူးလေ” မုထျယ်ရင်းကအနည်းငယ်မသေချာစွာ ဖြစ်နေသည်။

“ငါတို့လုပ်လို့ရတယ်လေ” ကောင်းဖန်သူ့ညာလက်ကိုမြှင့်လိုက်သည်၊ သူက အစိမ်းရောင်သစ်ပင်မြွေကိုကိုင်ထားသည်။

“ဒီမြွေက… ကြည့်ရတာအဆိပ်ရှိပုံဘဲနော်” မုထျယ်ရင်းကသံသယဖြစ်စွာနှင့်ပြော လိုက်သည်၊

“ကြိုးစားကြည့်ကြတာပေါ့” ကောင်းဖန မ်ည်သည်ကိုမှထပ်မံအသေးစိတ်ရှင်းပြ ရန်မလိုတော့ပါ၊ သူတို့နှစ်ယောက်သည်ကိုယ်ပိုင်သားရဲနှစ်ကောင်နှင့်အတူ လုံခြုံသော အိမ်သို့ပြန်ရောက်ရန်စီမံခဲ့ပေမယ့် အတွင်းထဲမှာသေ့ခတ်ထားတာကို သူတို့တွေ့ လိုက်ရသည်၊ ကောင်းဖန်မျက်မှောင်ကြုံ့လိုက်သည်၊

## စာစဉ် ၄

သူကတံခါးကိုခေါက်လိုက်ပြီး , “ဟေး ,ကျေးဇူးပြုပြီးတံခါးကိုဖွင့်ပေးလို့ရမလား”

“ဘယ်သူမှဒီမှာမရှိဘူး, ဘယ်သူမှဒီထဲမှာမရှိဘူး”, အသံကအခန်းထဲမှထွက်လာပြီး နောက်ရပ်သွားသည်, သူတို့၏ဘယ်လောက်တောင်တုံးအလိုက်တဲ့တုံ့ပြန်မှုကို သဘောပေါက်တော့သည်၊ ရှက်ရွံ့မှုမှ ဒေါသအဖြစ်သို့ပြောင်းသွားပြီးနောက် လူတစ်ယောက်ကပြောလိုက်သည် “ဒီမှာပြည့်နေပြီ, ငါတို့လူတွေဒီမှာကြပ်ထုပ်နေပြီ, ဒီမှာ ထပ်ပြီးမဖြည့်နိုင်တော့ဘူး၊ မင်းတို့တစ်ခြားလုံခြုံတဲ့အိမ်ကိုရှာသင့်တယ်”

ကောင်းဖန်မျက်ခုံးများကပိုလို့ပင်ကြုံ့သွားတော့သည်၊ သူနဲ့မုထျယ်ရင်းက ဒီလုံခြုံတဲ့ အိမ်ကိုအရင်ရှာတွေ့ခဲ့တာဖြစ်သည်။

သေချာတာပေါ့, ဘယ်သူမှဒီထူးဆန်းတဲ့လုံခြုံသည့်အိမ်ကို အရင်ရောက်တာကိုဂရု မစိုက်ကြဘူး၊ သူတို့ရဲ့ဆိုးရွားတဲ့ကံနဲ့ ဒီလိုလူတွေကိုအပြစ်ဖို့နိုင်တော့သည်၊

## စာစဉ် ၄

ကောင်းဖန်သူမကိုလှည့်ကြည့်တာကိုမြင်တော့, မုထျယ်ရင်းသူ့ပုခုံးကိုလှုပ်ရှားလိုက်သည်၊ "ဒါကသိပ်မဆိုးပါဘူး, ငါထွက်လာကတည်းက ငါ့အိတ်ကိုငါ ယူခဲ့တယ်။"

"ဒီမှာငါတို့နှစ်ယောက်တည်းရှိတာ, ပြီးတော့အပြင်မှာမှောင်လည်းမှောင်နေပြီ၊ ငါတို့ တစ်ညတည်းအတွက် ပူးပေါင်းပေးလို့ရမလား? ငါတို့ကြမ်းပြင်ပေါ်မှာအိပ်ရလည်း ကိစ္စမရှိပါဘူး," ကောင်းဖန်ပြောလိုက်သည်၊

"မရဘူး၊ မင်းတို့တခြားနေရာတစ်ခုကိုရှာသင့်တယ်" အခန်းထဲမှ လူများကစိတ်မရှည်ဖြစ်လာကြသည်၊ သူတို့ကနောက်တော့ တစ်တွတ်တွတ်ပြောလာ ကြသည်၊ "မင်းကဘာလို့သူတို့ကိုထပ်ပြီးရှင်းပြနေတာတုန်း, သူတို့ကိုထွက်သွားလို့သာ ပြောလိုက်စမ်းပါ၊ လုံခြုံတဲ့အိမ်ကသေးတယ်, ဘယ်သူကကြပ်ညပ်ပြီးနေချင်မှာလဲ"

ကောင်းဖန်ဆီမှ သူတို့နှစ်ယောက်ဘဲအပြင်မှာကျန်တဲ့အသံကိုကြားပြီးတဲ့နောက်

# စာစဉ် ၄

တစ်ယောက်ကအနည်းငယ်သတ္တိရှိလာတယ်လို့ခံစားလိုက်ရပြီး သာမန်အသံထက် သူ့အသံကိုပိုကျယ်လိုက်သည်၊

ကောင်းဖန်သည် လုံခြုံသည့်အိမ်ထဲမှလူတွေကိုစိုက်ကြည့်လိုက်ပြီးနောက် သူက လမ်းလျှောက်ထွက်လာကာ...

ပြီးနောက်အပြင်ဘက်မှချက်ထိုးလိုက်သည်၊

“သွားရအောင်” ကောင်းဖန်ကပြောလိုက်ကာ လှည့်ထွက်သွားသည်။

***

# စာစဉ် ၄

## *အပိုင်း ၆၃ အနက်ရောင်အရိပ်တောင်ခြသေ့်*

တံခါးချက်ထိုးလိုက်သည်ကို ကြည့်ပြီး မုထျယ်ယင်း တစ်ခုခုပြောဖို့ ပါးစပ်ဟလိုက်ပေမည့် နောက်တော့ ဘာမှမပြောဘဲ မတတ်နိုင်သလိုသာ ကြည့်လိုက်သည်။ လုံခြုံသည့်အိမ်ထဲတွင် အစာနှင့်ရေအလုံအလောက်ရှိတာကြောင့် သူတို့ဗိုက်ဆာပြီးသေမှာတော့မဟုတ်ပေ။ အလွန်ဆုံး ဗိုက်ဆာရင်လဲ အခက်အခဲကို ခံနိုင်ရည်ရှိအောင် ကြိုးစားလိုက်ကြပေါ့။

အခုဆို ကောင်းကင်ကြီးသည် ပိုမှောင်လာပြီဖြစ်သည်။ ကောင်းဖန် လက်မြှောက်ကာ သူ့လက်မှလက်ပတ်နာရီကိုကြည့်လိုက်တော့ ၇နာရီပင်ထိုးခါနီးနေပြီ။

"ကြည့်ရတာ၊ ငါတို့ဒီညအပြင်ဘက်မှာပဲနေရတော့မယ့်ပုံပဲ။" ကောင်းဖန် သစ်တောဘက်ကို တစ်ချက်ကြည့်လိုက်သည်။ လမ်းတစ်လျှောက် သူတို့တခြားလုံခြုံသည့်အိမ်များကို ဖြတ်လာခဲ့ရပေမည့် အခုချက်ချင်း ပြန်သွားဖို့က မဖြစ်နိုင်တော့ပေ။

# စာစဉ် ၄

ဒီလုံခြုံသည့်အိမ်ကိုတောင် လူတွေရောက်လာပြီဆိုမှတော့ တခြားလမ်းတစ်လျှောက်က အိမ်တွေလဲ လူတွေနဲ့ပြည့်နေလောက်ပေပြီ။ ကောင်းဖန် တခြားလူတွေရဲ့စာနာမှုကို မျှော်ကိုးရင်း လုံခြုံသည့်အိမ်ထဲဝင်လိုစိတ်မရှိပေ။ တခြားသောလုံခြုံသည့်အိမ်တွေက လူတွေကပါ သူတို့ကို အထဲဝင်ခွင့်မပြုလျှင် အလကားနေရင်း သွားရသည့်အချိန်သာကုန်ပေလိမ့်မည်။

"နောက်ထပ်တစ်နေရာသွားဖို့ကလဲ မလုံခြုံတော့ဘူး။ ဒီလမ်းတစ်လျှောက်မှာလဲ ဂူတွေမတွေ့ခဲ့ဘူး။ ငါတို့ သစ်ပင်တစ်ပင်အောက်မှာပဲ အမိုးတစ်ခုလောက်ဆောက်လိုက်ကြတာပေါ့။" ကောင်းဖန် အကြံပေးလိုက်သည်။

"အဲ့လိုလဲ ကောင်းတာပါပဲ။" မုထျယ်ယင်းလဲ သဘောတူကာ ခေါင်းညိတ်လိုက်သည်။

ထို့နောက် နှစ်ယောက်သား အနောက်ဖက် ထူထပ်သည့်သစ်တောနှင့် မနီးမဝေးတွင် သစ်ပင်ကြီးနှစ်ပင်ရှာတွေ့သွားသည်။ သစ်ပင်၏ပင်စည်များမှာ

## စာစဉ် ၄

မတ်နေပြီး မြေပြင်မှ သုံးမီတာ–လေးမီတာခန့်တွင် အကိုင်းအခတ်များ ဖြာတက်သွားတာကြောင့် အိပ်ဖို့နေရာဆောက်ရန်အကောင်းဆုံးပင်။

ကောင်းဖန် သစ်ပင်အမြစ်ဆုံနှစ်ခုကြားတွင် အိပ်ဖို့နေရာခင်းရန်အတွက် သစ်ကိုင်းအချို့စုဆောင်းလိုက်သည်။ ထို့နောက် သေးငယ်ပိန်ပါးသည့်သစ်ကိုင်းများကို တစ်ထပ်ခင်းလိုက်ပြီး နောက်တော့ သစ်ရွက်ထူထူနှင့်တစ်ထပ်ခင်းလိုက်ကာ နောက်ဆုံးအနေနှင့် အပေါ်မှ သစ်ရွက်လွှာကြီးများကို ဖြန့်ခင်းလိုက်ခြင်းအားဖြင့် အိပ်ရန်နေရာတစ်ခုရသွားတော့သည်။

မုထျယ်ယင်း၏အတုယူနိုင်သည့်စွမ်းရည်ကလဲ မဆိုးလှဘဲ ကောင်းဖန်အတိုင်းလိုက်လုပ်ကာ သူမအတွက်လဲ အိပ်ဖို့နေရာတစ်ခုရသွားတော့သည်။

ဒီလိုနဲ့ပဲ အပျော်တမ်းတည်ဆောက်သူနှစ်ယောက် သူတို့ကိုယ်ပိုင်အိပ်ဖို့နေရာများကို တည်ဆောက်ကာ ညအိပ်ဖို့အတွက် ပြင်ဆင်ကြတော့သည်။

ကြာစေ့လေးက မုထျယ်ယင်းအိပ်နေသည့် သစ်ပင်ကိုမှီကာ မတ်တပ်ရပ်လျှက်နှင့်ပင် အိပ်ချင်လွန်း၍ မျက်လုံးများမှေးစင်းလာသည်။

# စာစဉ် ၄

တဲ့ဇီသည်တော့ သစ်ပင်ပင်စည်၏ နှစ်မီတာအမြင့်လောက်တွင် သူ၏ထောင်ချီသည့်ခြေထောက်များဖြင့် ရစ်ပတ်ထားသည်။ ချွန်ထက်သည့် ခြေသည်းတစ်ချောင်းချင်းစီက သစ်ပင်ပင်စည်ကို ချိတ်ကောက်များလို အသေအချာနစ်နေအောင် ကုတ်ဆွဲထားသည်။

ကောင်းကင်က ပိုလို့ ပိုလို့ မှောင်မိုက်လာကာ မကြာခင်တွင်ပဲ တောကြီးတစ်ခုလုံး အမှောင်ထုကြီးဖုံးလွှမ်းသွားတော့သည်။ တောင်ကြားထဲတွင်တော့ တခြားသောနေရာများထက် ပိုလို့အမှောင်စောပေသည်။

တောတွင်းမှာလဲ တဖြည်းအလင်းရောင်များ မှေးမှိန်လာခဲ့သည်။

တောထဲတွင် ညဘက်ဆို ပူပြီးစိုစွတ်လှသည်။ ကောင်းဖန်အတွက်တော့ ကံကောင်းသွားကာ သူ့ကိုယ်ပေါ်တွင် ခြင်ဆေးမှင်ရည်များသုတ်လိမ်းထားတာကြောင့် သူ့အနားတွင် ခြင်အနည်းငယ်သာရှိသည်။

တောတွင်းအမြင့်တစ်နေရာမှနေပြီး လျှင်မြန်ကာပေါ့ပါးသည့် ပုံရိပ်တစ်ခုက သစ်ပင်ထိပ်ပိုင်းများကိုဖြတ်ကာ တဖြည်းဖြည်း နီးလာခဲ့သည်။

# စာစဉ် ၄

ၚင်းသည် ညအမှောင်ထုထဲတွင် အပြည့်အဝရောယှက်နေနိုင်သည့် နက်မှောင်သည့် ကိုယ်ခန္ဓာရှိသည်။ ၚင်း၏ပြာဖျော့ဖျော့မျက်လုံးတစ်စုံကြောင့်သာမဟုတ်လျှင် သူရှိလို့ရှိမှန်းပင် သိရလိမ့်မည်မဟုတ်ပေ။ ၚင်း၏ခန္ဓာကိုယ်သည် အမှောင်ထဲတွင် အပြည့်အဝကိုဖုံးကွယ်လို့နေသည်။

ထိုသားရဲတွင် သွယ်လျသည့်ခန္ဓာကိုယ်ရှိကာ သစ်ကိုင်းများအပေါ် လှမ်းလိုက်သည့် ခြေလှမ်းတိုင်းက ဘာအသံမှမထွက်ဘဲ အလွန်လျင်မြန်လှသည်။ ၚင်းက ထူထပ်သည့်တောအုပ်ထဲတွင် အရိပ်နက်တစ်ခုဖြတ်သွားသလိုသာ ထင်ရစေပြီး တစ်ချက်လောက် ခုန်လိုက်ရုံဖြင့် နောက်သစ်ပင်တစ်ပင်ကို ရောက်သွားအောင် လုပ်နိုင်သည်။

ၚင်း သစ်ကိုင်းတစ်ကိုင်းပေါ် ခုန်တက်လိုက်တိုင်း သူ၏အလေးချိန်ကြောင့် သစ်ကိုင်းက ကွေးညွတ်သွားကာ ထူထဲသည့်သစ်ရွက်များကသာ ညင်ညင်သာသာ ကြွေဆင်းသွားခဲ့သည်။

သားရဲကောင်၏သတ်ဖြတ်လိုစိတ်အပြည့်ဖြင့် ချဉ်းကပ်လာမှုက အမှောင်ထဲတွင်ပင် ခံစားမိနိုင်သည်။

# စာစဉ် ၄

ကြာစေ့လေးသည် အစကတည်းက နိုးနေခဲ့ကာ သူမ၏ခြေထောက်များကို မြေပြင်နှင့်ဆောင့်ရင်း အသံဆူဆူများထွက်အောင်လုပ်နေသည်။

ဒုန်း-ဒုန်း-ဒုန်း---

အော်သံ!

ကြာစေ့လေးသည် ဒေါသတကြီးပေါက်ကွဲနေကာ သူမ၏အော်သံက မုထျယ်ယင်းနှင့် ကောင်းဖန်တို့ကို နိုးသွားစေသည်။

ကြောက်စရာကောင်းလှသည့် အော်သံက တိတ်ဆိတ်နေသည့်သစ်တောတစ်လျှောက် ပျံ့နှံ့သွားသည်။ ဆူညံသံကြောင့် နောက်ထပ်ဘယ်သူတွေပါ နိုးသွားလဲဆိုသည်ကိုတော့ မသိနိုင်ပေ။

ကောင်းဖန်နှင့်မုထျယ်ယင်းတို့လဲ နိုးလာသည်နှင့် ချက်ချင်းခေါင်းထောင်ကြည့်လိုက်ကာ သစ်ပင်ကိုင်းများမှနေပြီး အနက်ရောင်အရိပ်တစ်ခုက တွားသွားလာသည်ကို တွေ့လိုက်ရသည်။ ထိုအရိပ်က ရုတ်တရက်ဆိုသလို သူ့သားကောင်နိုးသွားသည်ကို

## စာစဉ် ၄

တွေ့သွားသည်။ သူ့ခြေထောက်များမှာတော့ ပြန်ရုတ်သိမ်းချိန်မရလိုက်ဘဲ လေထဲတွင် တွဲလောင်းကျလို့နေသည်။

သားရဲနှင့်သားကောင်တို့၏မျက်လုံးအကြည့်များဆုံသွားကြတော့သည်။

ဒါက တော်တော်နေရခက်သည့်အခြေအနေမျိုးပဲ။

မုထျယ်ရင်းက ကောင်းဖန်သတိပေးထားတာကိုသတိရသွားသည်၊ အကယ်၍သူတို့ အန္တရာယ်ရှိတာတစ်စုံတစ်ခုတွေ့ခဲ့လို့ရှိရင် သူမချက်ချင်းကိုကြာစေ့လေးရဲ့ဘေးကို လွတ်အောင်ပြေးပါဖို့ပဲ။ တုန်လှုပ်မှုမရှိဘဲနဲ့ သူမကလှည့်ထွက်လိုက်ပြီး ခုန်လိုက်ကာ ကြာစေ့လေးပေါ်တွင်နေရာကျသွားတော့သည်၊

တူညီစွာနဲ့ကောင်းဖန်လည်း သစ်ပင်ပင်စည်ရဲ့အောက်ကိုတစ်ချိန်တည်းမှာဘဲ လျောဆင်းသွားလိုက်သည်၊ တဲ့ဇီကကိုယ်တိုင်ပင်စည်မှ ခွာလိုက်ပြီး ဖတ်ဆိုသော အသံနှင့်အတူမြေပြင်ပေါ်သို့ခြေချလိုက်သည်၊ ၎င်းကချက်ချင်းကောင်းဖန်၏ရှေ့တွင် စက်ဝိုင်းခြမ်းပုံစံကိုလုပ်လိုက်ပြီး ကာကွယ်လိုက်သည်၊ တဲ့ဇီ၏မျက်လုံးထဲတွင် အမျိုးမျိုးသော

စာစဉ် ၄

အကြည့်များရှိနေပြီး ၎င်း၏မေးရိုးမှအစွယ်များကလည်းဟပ်ရန်အတွက် ခြိမ်းခြောက်သောအသံတစ်မျိုးကိုတစ်ချိန်တည်းတွင်ထုတ်လွှတ်လိုက်သ ည်၊ ပြင်းထန်စွာဟောက်သံ!

သူတို့အထက်တွင် သစ်ပင်ကမိုးထားသည်များကထူထပ်နေပြီး, လရောင်ကိုပိတ်ဆို့ထားသည်၊ သူတို့သစ်ပင်တွေထဲကနေ ဘာမှန်းမသိသောသားရဲကောင်ကြီးကို သေချာစွာမမြင်ရပေ၊ သူတို့က ဝါးတားနေသောအနက်ရောင်အရိပ်တွေနဲ့ ကြည့်ရတာ မျက်လုံးနှစ်လုံးက တောက်ပနေသည်မှာ မီးလုံးနှစ်လုံးကဲ့သို့ဖြစ်နေသည်ကိုသာမြင်နေ ရသည်၊ ၎င်းတို့ကအမှောင်ထဲတွင်သူမတူစွာတောက်ပနေသည်၊

“ဒါက အရိပ်ပုံစံ ဒါမှမဟုတ် အနက်ရောင်ပုံစံသားရဲဖြစ်နိုင်တယ်၊ ညကျရင် ဒီလိုသားရဲတွေရဲ့ တိုက်ခိုက်စွမ်းရည်ကအမြင့်ဆုံးဘဲ၊ ငါတို့ပြေးမလား,တိုက်မလား?” မုထျယ်ရင်း ကသတိကြီးစွာပြောလိုက်သည်၊ သူမကသားရဲကို အကြီးအကျယ်လှုံ့ဆော်မိမှာစိုးသောကြောင့် အသံကျယ်ကျယ်မပြောရဲပေ။

## စာစဉ် ၄

ကောင်းဖန်က သားရဲ၏ဒေတာအချက်အလက်တွေကို ရှင်းရှင်းလင်းလင်းကြည့်သည့် အခွင့်အရေးကိုရပြီးဖြစ်သည်၊ ထိုအရာကသာမန်အဆင့်, အဆင့်၁၅ အနက်ရောင်အရိပ်တောင်ခြသေ့ဖြစ်သည်၊ ဒါပေမယ့်သူ့ရဲ့ကိုယ်ပိုင်အကြောင်းပြချက်များကြောင့် သားရဲ၏ထင်ရှားသောလက္ခဏာများကို မဖော်ထုတ်နိုင်ပေ၊ နည်းပါးသောထိုအလင်းအခြေအနေအောက်တွင် သူကဘယ်လိုလုပ်ပြီးသားရဲကို ဖော်ထုတ်နိုင်တာကိုဘယ်လိုရှင်းပြလိုက်ရမှာလဲ?

သားရဲအကြောင်းကို သိပြီဖြစ်သော်လည်း ကောင်းဖန်သတိလက်လွတ်မနေရဲပေ။

တောင်ခြသေ့၏ပေါက်ကွဲနိုင်သောခွန်အားသည် သာမန်ဖြစ်နေကတည်းကပင် သန်မာပြီးဖြစ်သည်၊ ဒီအနက်ရောင်အရိပ်တောင်ခြသေ့သည် အမှောင်ထဲတွင်ရောနှောနေနိုင်ကာ, ၎င်း၏ပေါက်ကွဲစေနိုင်သော စွမ်းအားများပေါက်ထွက်သွားခြင်းနှင့်ပေါင်းစပ်သွားလျှင် ပြီးပြည့်စုံသော လူသတ်သမားဖြစ်နိုင်သည်၊

# စာစဉ် ၄

ည၏ထူထပ်အုံ့ဆိုင်းသောတောအုပ်အလယ်တွင် ထင်ထင်ရှားရှားမြင်နိုင်ဖို့နည်းသည်၊ သူတို့နှစ်ယောက် နောက်ကျောကိုပြပြီးရက်စက်သော သားရဲကြီးထံမှရိုးရိုးတန်းတန်း ပြေးမသွားရဲပေ၊ ထိုသို့ပြုလုပ်ခြင်းက အလွန်အန္တရာယ်များပြီး သားရဲ၏ပင်ကိုစရိုက်ကို လှုံ့ဆော်ပေးရာရောက်သည်၊

သူတို့က လက်ရှိအခြေအနေနှစ်ခုထဲတွင်ညှပ်နေပြီး ရွေးချယ်စရာလမ်းမရှိပေ၊ ဒါက ဝံပုလွေကိုတုတ်နဲ့တိုက်ခိုက်ပြီး နှစ်ဖက်လုံးကကြောက်ရွံ့မှုနှင့်တုံ့ဆိုင်းမှုဖြစ်နေခြင်းနှင့်တူသည်၊

အူး– ဝုတ်!ဝုတ်!

ထိုရပ်နေချိန်ကို ရုတ်တရက်ဟက်စကီးခွေးကဖျက်စီးလိုက်သည်၊

ရေညှိဟက်စကီးခွေးရူးသည် ၎င်း၏လမ်းကြောင်းဖြစ်သည့် သူတို့နှစ်ယောက်ကြားတွင် ပျော်ရွှင်စွာနှင့်ခုန်ပေါက်မြူးတူးနေပြီးနောက် ကောင်းဖန်ဆီသို့ပြေးလာတော့သည်၊ ကောင်းဖန်ဟက်စကီးကောင်၏ကြီးမားခြင်းနှင့် စွမ်းအင်ပြည့်ဝနေသောခန္ဓာကိုယ်နှင့် ခုန်ပေါက်ကာ အပြေးအလွှားသွားနေခြင်းမှ လေများကိုခံစားနေရသည်၊

## စာစဉ် ၄

သူကအခွင့်အရေးကိုမယူဘဲ အလျင်အမြန်သစ်ပင်နောက်တွင်ပုန်းလိုက်သည်၊ ထိုဟာက်စကီးကောင်ကသင့်တင့်လျော်ကန်တဲ့ဉာဏ်မရှိဘဲ မျိုးသန့်သည့်ပုံပေါက်သည်၊ ဒါကအန္တရာယ်ရှိတယ်၊

ဒီအချိန်မှာဒီဟာက်စကီးကောင်ကဘာလုပ်ဖို့လာတာတုန်း? ကောင်းဖန် သူ့ဘာသာအံ့သြနေတော့သည်။

ကောင်းဖန်ဆီသို့အတိအကျပြေးသွားပြီးသည့်နောက်, ၎င်းကကျယ်လောင်စွာဟောင်လိုက်သည်၊ ၎င်းကသင့်တော်ပြီးစစ်မှန်သည့် ဝုတ်ကို သုံးလိုက်သည်။ ၎င်းကကောင်းဖန်ကိုပျော်ရွှင်စွာဟောင်နေတော့သည်၊

တကယ်တန်းရိုးရိုးသားသားပြောရရင်, ကောင်းဖန် အခုချိန်ဒီဟာက်စကီးကိုလုံးဝမကြိုက်ပေ၊ ထိုဟာက်စကီးခွေးရူးကတကယ်မိုက်မဲလှသည်၊

မင်းဒီမှာအကုန်လုံးက အလေးအနက်ဖြစ်နေတာကိုမမြင်ဘူးလား? မင်းကလေထုကို ဖျက်စီးနေပြီးတော့အကုန်လုံးကိုကြောက်အောင်လုပ်နေတယ်၊

# စာစဉ် ၄

ကောင်းဖန်တည်ငြိမ်စွာနဲ့ ဟက်စကီးခွေးရူးကိုပြောလိုက်သည်,

“ထွက်သွား”

ဟက်စကီးခွေးရူးသည် နောက်ဆုံးကောင်းဖန်တုံ့ပြန်တာကိုတွေ့သွားပြီး သူကချီးကျူး တယ်လို့ထင်တော့သည်၊ ၎င်းကရူးနှမ်းစွာနှင့်တောတွင်းအလယ်တွင် စိတ်လှုပ်ရှား၍ စက်ဝိုင်းပုံစံစပြေးတော့သည်၊

ခြုံပုတ်ထဲတွင် အနက်ရောင်အရိပ်တောင်ခြသေ့်က ရေညှိဟက်စကီးခွေးရူးကိုနက်ရှိုင်းစွာ လေးနက်သည့်အမူအရာဖြင့်ကြည့်နေသည်၊

မတော်တဆဆိုသလို ဟက်စကီးခွေးရူးသည် အနက်ရောင်အရိပ်တောင်ခြသေ့်ရပ်နေတဲ့သစ်ပင်ကို ဂမူးရှူးတူးနှင့်တိုက်လိုက်သည်၊

ချွန်ထက်သောလက်သည်းများသည် အနက်ရောင်အရိပ်တောင်ခြသေ့်၏လက်ဖဝါးမှ ထွက်လာပြီး သစ်ပင်ကိုင်းကိုချိတ်လိုက်ကာ ၎င်းကဟန်ချက်ညီအောင်ထိန်းလိုက်သည်

## စာစဉ် ၄

ငင်းကထက်သန်စွာနှင့် သစ်ပင်အောက်ရှိရေညှိဟက်စကီးခွေးရူးကို စိုက်ကြည့်နေကာ ငင်းက နှေးကွေးစွာနှင့်နောက်သို့ပြန်ဆုတ်လိုက်ပြီး ငင်းအနောက်ဘက်ရှိအမှောင်ထဲသို့ ရောနှောဝင်ရောက်သွားတော့သည်...

ဟက်စကီးခွေးရူးက သူ့ခေါင်းပေါ်တွင် အနက်ရောင်အရိပ်တောင်ခြသေ့ထိုင်နေတာကို သတိမပြုမိပေ, ပြီးနောက်ပျော်ရွှင်စွာနှင့် စက်ဝိုင်းပုံစံပတ်ပြေးနေပြန်သည်၊

ပြန်ဆုတ်ခွာလိုက်သော အနက်ရောင်အရိပ်ခြသေ့သည် ရုတ်တရက်အလျင်အမြန်ခုန်လိုက်ပြီး အနက်ရောင်အရိပ်တစ်ခုပေါ်လာသည်၊ ငင်းကအလွန်လျင်မြန်ကာ ကောင်းဖန်၏အမြင်က အမှီမလိုက်နိုင်ပေ၊ သူအကုန်မြင်ရတာက ဝါးနေသော အနက်ရောင်တစ်ခုက လျင်မြန်စွာဖြတ်သွားပြီးနောက်အဝေးသို့ခုန်ထွက်သွားသည်၊ အနက်ရောင်အရိပ်တောင်ခြသေ့သည် မြင်နေရတုန်းတွင်ပင်ရိုးရှင်းစွာနှင့်ပျောက် ကွယ်သွားတော့သည်။

သစ်ပင်အောက်တွင် တအီအီလုပ်နေသော ဟက်စကီးခွေးရူးသာကျန်နေခဲ့တော့သည်၊ ဟက်စကီးရဲ့ခန္ဓာကိုယ်က

## စာစဉ် ၄

နက်ရှိုင်းသောဟက်တက်ကွဲနေသည့်ဒဏ်ရာ ဖြတ်ဖောက်ခံလိုက်ရပြီး တစ်ပေခွဲလောက်ရှည်သည်၊ သွေးတွေကဒဏ်ရာမှစီးကျလာတော့သည်၊

***

# စာစဉ် ၄

## *အပိုင်း ၆၄ တောတွင်းမှ အန္တရာယ်များ*

အနက်ရောင်အရိပ်က ပြန်ဆုတ်သွားတာလား?

မုထျယ်ယင်း စိတ်သက်သာရာရသွားဟန်ဖြင့် သက်ပြင်းတစ်ချက်ချလိုက်သည်။

ကြာ့စေ့လေးနှင့်တာ့ဇီတို့သည်လဲ အနည်းငယ်စိတ်ပြန်လျှော့သွားကြသည်။

ကောင်းဖန်သည်လဲ သတိလက်လွတ်ခပ်တင်းတင်းဆုပ်ထားမိသည့် ညာလက်သီးကို ပြန်ဖြေလျှော့လိုက်ကာ အသက်ရှူနှုန်းပင် ပုံမှန်ပြန်ဖြစ်လာခဲ့သည်။

အနက်ရောင်အရိပ်တောင်ခြသေ့တစ်ကောင်ကို နိုးနိုးချင်းမှာပဲ မီတာ၅၀ပင် မဝေးသည့်အကွာအဝေးတွင် တွေ့လိုက်ရသည်က သူ့အတွက် တော်တော်လေးစိတ်လှုပ်ရှားသွားစေသည်။

ရုတ်တရက်ဆိုသလိုပဲ သူတို့သတိမပြုမိကြသည့် ကြီးမားသည့်တည်ရှိမှုကြီးတစ်ခုသည့် တောနက်ထဲမှတစ်ဆင့်

## စာစဉ် ၄

သူတို့အနားသို့ ပိုပြီး နီးကပ်လာခဲ့သည်။ သစ်ပင်များကို ဖြတ်သန်းရွေ့လျားလာရာမှ တရုံရုံမြည်သံများကလဲ ထွက်ပေါ်နေသည်။

တောတွင်းရှိခြင်များတောင်မှ မသိလိုက်ပါဘဲ တဝီဝီလုပ်နေခြင်းများ ရပ်တန့်လို့သွားကြသည်။ အနက်ရောင်အရိပ်တောင်ခြသေ့ရောက်လာတုန်းကတောင်မှ ဤမျှလောက် တိတ်ဆိတ်မနေပေ။

၎င်းကတော့ တစ်ကြိမ်ရွေ့လိုက်လျှင် မီတာပေါင်းများစွာအထိတာသွားသည့် ရောမကြီးမားလှသည့် မြွေကြီးတစ်ကောင်ပင်ဖြစ်သည်။ ထိုကြောက်လန့်ဖွယ်ကောင်းသည့် ပုံရိပ်ကြီးက သူတို့ရှိရာဆီသို့ ဦးတည်လို့လာနေခဲ့သည်။

၎င်းသည် ကြာစေ့လေး၏အော်သံကြောင့် လန့်ဖျက်သွားကာ သွေးအနံ့ကိုရလိုက်တာကြောင့်လဲ ထွက်ပေါ်လာခြင်းဖြစ်သည်။

၎င်း၏ကားတစ်စီးစာလောက်ကြီးမားသည့် ခေါင်းကြီးက သစ်ပင်ကိုင်းမြင့်ပေါ်မှနေပြီး မြေပြင်သို့ စိုက်ကြည့်နေခဲ့သည်။ ၎င်း၏မျက်လုံးများမှာ မီးပုံးတစ်လုံးလောက်စီကြီးပြီး အကြည့်များက အေးစက်လှသည်။ ထိုမျက်လုံးများသည့် အနက်ရောင်အရိပ်

## စာစဉ် ၄

တောင်ခြသေ့်နှင့်ဆန့်ကျင့်ဘက်ဖြစ်စွာ အလင်းရောင်ကိုစုပ်ယူထားသကဲ့သို့ နက်မှောင် မှုန်မှိုင်းလို့နေသည်။

သစ်ပင်ပေါ်မှ ခေါင်းစိုက်ဆင်းလာပြီး သူ့ပါးစပ်ကိုလဲ ၁၈၀ဒီဂရီလောက်ပင် ကျယ်အောင် ဟထားသည်။ ၎င်းသည် သေမင်းတမန်တစ်ပါးလို့ သူ့ရှေ့ရှိအရာရာတိုင်းကို ရိပ်သိမ်းလို့နေသည်။

တစ်ချက်လောက်ကိုက်လိုက်ရုံဖြင့် ဟက်စကီးခွေးရူးကို မြို့ချသွားသည်။

၎င်း၏ပါးစပ်တစ်ဝိုက်မှကြွက်သားများမှ မညီမညွတ်လှုပ်ရှားနေပြီး အရိုးများကို ကြေမွသွားသည့်အသံကိုပင် ကြားနေရသည်။

ထိုသားရဲသည် ကြောက်စရာကောင်းဖို့အတွက် ခြေသည်းတွေ၊ အစွယ်တွေ တစ်ခုမှမလိုအပ်ဘဲ ၎င်း၏အရွယ်အစားကို မြင်လိုက်ရရုံနှင့်ပင် လူတစ်ယောက်ကို နှလုံးသားထဲကပင် ထိတ်လန့်သွားစေဖို့ လုံလောက်ပေသည်။

မုထျယ်ယင်း သူမ၏ခြေလက်များ အေးစက်လာသည်ကို ခံစားလိုက်ရသည်။ သူမ၏ခြေထောက်များကလဲ မြေပေါ်တွင် အမြစ်တွယ်နေသလို တုပ်တုပ်မှမလှုပ်နိုင်ပေ။ ဒါကြောင့် အပေါ်မှ

## စာစဉ် ၄

ကြီးမားသည့် မြွေခေါင်းကြီး လျှောဆင်းလာသည်ကို မရှောင်နိုင်ဘဲ ကြည့်ရှုံသာကြည့်လို့နေနိုင်သည်။

အစောတုန်းက သွက်လက်စွာနှင့် ခုန်ပေါက်နေသည့် ဟက်စကီးခွေးရူးမှာ တစ်ကိုက်စာနှင့်တင် မြို့ချခံလိုက်ရကာ နောက်ထပ်အသံထွက်ဖို့ရန် အခွင့်အလမ်းမရှိတော့ပေ။

ဟက်စကီးခွေးရူးကို တစ်ကိုက်တည်းနှင့်စားသောက်ပြီးနောက် သွေးနီရောင်မြွေခေါင်းကြီးက လျှာကိုတစ်ချက်သက်လိုက်ကာ သူစားလိုက်ရသည့်အရသာကို ကျေနပ်နေဟန်ပြသည်။

[မကောင်းဆိုးဝါးအမည်] : ရောမတောတွင်းအန်နာကွန်ဒါမြွေ (ရောမသန္ဓေပြောင်းကောင်)

[မကောင်းဆိုးဝါး အဆင့်] : ၂၀

[မကောင်းဆိုးဝါး အဆင့်အတန်း] : ပြီးပြည့်စုံအဆင့်

[မကောင်းဆိုးဝါး စွမ်းရည်] : သစ်သားခါတ်

[မကောင်းဆိုးဝါး အားနည်းချက်] : မီးအမျိုးအစား

# စာစဉ် ၄

နောက်ဆုံးမှာတော့ ကောင်းဖန် မြေ၏အသွင်အပြင်အလုံးစုံကို မြင်လိုက်ရသည်။ ၎င်းတွင် ဆီဒင်ကားအသေးစားအရွယ်ခေါင်းမျိုးရှိကာ အစိမ်းရောင်အစင်းကြောင်းများ အပြည့်ပင်။ အစင်းကြောင်းများတင်မကသေး ၎င်း၏အရေပြားအရောင်ထက်ပိုမိုမှိန်ဖျော့သည့် ငါးဖမ်းပိုက်လိုအကွက်များလဲရှိသေးသည်။ ထိုအကွက်များကပင် အန်နာကွန်ဒါမြွေကို သစ်ကိုင်းများပေါ်တွင် အလွယ်တကူ ချောသွားစေနိုင်ပုံပေါက်လှသည်။

၎င်း၏ကြီးမားသည် ခန္ဓာကိုယ်ကြီးသည် ခေါင်းနေရာမှနေပြီး သစ်ပင်အပေါ်ဘက် အကိုင်းအခက်များတွင် ရစ်ပတ်ကာရှိလို့နေသည်။ ၎င်း၏အမြီးအဆုံးပိုင်းသည်တော့ အမှောင်ထဲသို့ပင် ဆန့်ထွက်လို့နေသည်။

ကောင်းဖန်အတွက်ကတော့ ထိုမျှကြီးမားလှသည့် ခန္ဓာကိုယ်ကြီးတစ်ခုက သစ်ပင်ပေါ်တွင် ဘယ်လိုများ တွယ်ကပ်နေနိုင်လဲဆိုသည်ကို နားလည်ရန်ခက်လို့နေသည်။ ယုတ္တိရှိရှိပြောရလျှင် ဒီလောက်ကြီးတဲ့ခန္ဓာကိုယ်ကြီး၏ အလေးချိန်နဲ့ဆိုရင် ဒီလိုနေနိုင်ဖို့ နေနေသာသာ သစ်ကိုင်းတွေအားလုံး

## စာစဉ် ၄

ကျိုးကြေကုန်ရောပေါ့၊ မဟုတ်ရင် သူ့ခန္ဓာကိုယ်ကြီးက မြင်ရသလောက် အလေးချိန်မစီးလို့များလား။ ဘာပဲဖြစ်ဖြစ် ဒီအန်နာကွန်ဒါမြွေသည် ကောင်းဖန် လောလောဆယ် အနိုင်ယူနိုင်သည့် သားရဲမျိုးမဟုတ်ပေ။

အဆင့်၂၀၊ ပြီးပြည့်စုံအဆင့်တင်မကဘဲ ရောမသန္ဓေပြောင်းကောင်လဲဖြစ်နေသေးသည်။

ဒီရောမတောတွင်းအန်နာကွန်ဒါမြွေကို စိန်ခေါ်နိုင်မယ့် တစ်ဦးတည်းသောသူကတော့ ဒမ်ဘီသာရှိပေလိမ့်မည်။

ရောမတောတွင်းအန်နာကွန်ဒါမြွေကြီး သူ့အစာကို မြိုချနေစဉ်မှာပဲ ကောင်းဖန်က အလျင်စလိုဖြင့် မုထျယ်ယင်းကို ပြောလိုက်သည်။ "ရှင်းပြနေဖို့ အချိန်မရှိသေးဘူး။ မြန်မြန် ကြာစေ့လေးပေါ်တက်လိုက်။"

မုထျယ်ယင်း စိတ်ရှုပ်ထွေးလို့နေသည်။

ကောင်းဖန် အမြန်ပဲ ကြာစေ့လေး၏ကျောပေါ်တက်လိုက်ကာ မုထျယ်ယင်းကိုလဲ တက်လာရန် သတိပေးလိုက်သည်။ သူတို့ခြေထောက်နှင့်သူတို့ဆိုလျှင် ဒီရောမတောတွင်းအန်နာကွန်ဒါမြွေကြီး

## စာစဉ် ၄

ပါးစပ်မှလွတ်လိမ့်မည်မဟုတ်ပေ။ နောက်ဆုံးတော့ မုထျယ်ယင်းလဲ ကောင်းဖန် ဘာကိုပြောချင်မှန်း နားလည်သွားခဲ့သည်။

သူမမျက်နှာက နီရဲနေကာ ကောင်းဖန် တက်စီး၍ စိတ်မသက်မသာဖြစ်နေသည့် ကြာစေ့လေးကို စိတ်လျှော့စေရန် နှစ်သိမ့်ပေးလိုက်သည်။

တဲ့ဇီသည်တော့ ကောင်းဖန်၏အမိန့်အရထွက်ပြေးနှင့်ပေပြီ။ ၎င်း၏ခြေချောင်းတစ်ထောင်ကို အရှိန်မြှင့်လိုက်သည်နှင့် တခြားလူအားလုံးထက် ပိုလို့ လျင်မြန်နေတော့သည်။

များမကြာမီတွင် ကြာစေ့လေးသည် ထိပ်ထိပ်ပျာပျာနှင့်ရှောင်တိမ်းတော့သည်။ ကျေးဇူးတင်စရာဘဲ, တောရဲ့ဒီနေရာကသိပ်ပြီးမထူထပ်တာကြောင့် ကြာစေ့လေးအတွက် အပင်များကြားတွင် လုံလောက်သောနေရာလပ်ရှိပြီး သူမ၏စွမ်းရည်အစဉ်အတိုင်း တိုက်ခိုက်မှုကိုအပြည့်အဝအသုံးချနိုင်သည်၊

ရောမတောတွင်းအန်နာကွန်ဒါမြွေသည် ကောင်းဖန်ကိုကြည့်နေပြီး ကျန်သောလူများ လွတ်သွားသော်လည်း သူတို့နောက်မှလိုက်မသွားပါ။ ထိုအစား, ၎င်းကကြီးမားသော သစ်ပင်ဆီကိုလှည့်လိုက်ပြီး

## စာစဉ် ၄

ငှင်းကိုကိုက်လိုက်ကာ, တစ်ကိုက်တည်းနှင့်သစ်ပင်အလယ်ကနေချိုးလိုက်သည်၊ ကိုက်ရင်းကိုက်ရင်းနှင့်အန်နာကွန်ဒါမြွေကသစ်ပင်ကို မြိုချလိုက်သည်၊

သစ်ပင်ပင်စည်က ၎င်း၏ပါးစပ်ထဲတွင်ကြွပ်ရွနေသောဘီစကွက်ကဲ့သို့ဖြစ်နေပြီး, ထိုအချိန်မှာပင်ပါးစပ်အပြည့်မျိုချလိုက်သည်၊ အန်နာကွန်ဒါမြွေရဲ့သန်မာသည့်ကြွက်သားများကအလုပ်လုပ်တော့သည်၊  ထိုအရာတွင်ထူးဆန်းသောအားတစ်ခု ရှိနေပြီး ၎င်း၏အစာကိုဖျစ်ညစ်ကာချေညက်ပစ်လိုက်သည်၊ ၎င်းတွင်သွားမရှိသော်လည်းထိုထူးဆန်းသောခွန်အားက ၎င်း၏အစာအများစုကိုချေဖျက်ပြစ်နိုင်သည်၊

ထိုအရွယ်ကြီးမားသောခန္ဓာကိုယ်သည်သာမန်အားဖြင့်အသားမှအကျိုးပြုရန် သာမှီခိုအားထားခြင်းမဟုတ်ဘဲ, ထိုနေရာတောင်ကြားက ထိုသို့သောကြီးမားသောစားသောက်သူကိုထောက်ပံ့ပေးလိမ့်မည်၊ ဒီလို ဧရာမတောတွင်းအန်နာကွန်ဒါမြွေသည်အစားမျိုးစုံစားသောသားရဲအဖြစ်သင့်လျော်အောင်နေခြင်းဖြစ်သည်၊

## စာစဥ် ၄

ငင်း၏ အရွယ်အစားအောက်တွင် သေးငယ်သောအင်းစက်ပိုးလေးများက ငင်းဆီမှလွတ်မြောက်ရန်ကြိုးပမ်းနေကြသည်၊ ရောမတောတွင်း အန်နာကွန်ဒါမြွေသည် သူတို့ကို စိတ်ထဲ မထားပါ၊ ငင်းကသွေးရနံ့ကိုသာခံစားချင်ပြီး ငင်း၏အရသာကို အနည်းငယ်ပြောင်းလဲချင်တာသာဖြစ်သည်။

ထို့အပြင် ငင်း၌ပျင်းရိသောပင်ကိုစရိုက်ရှိပြီး သူ၏သားကောင်ကိုလိုက်ရန်လည်း ဆန္ဒမရှိခဲ့ပေ။ ဒေါသထွက်မနေဘဲ ဒဏ်ရာရနေပြီးရွေ့လျားမှုနည်းသူ, ဒါမှမဟုတ် နေမကောင်းဖြစ်နေပြီး အိုနေသောသားရဲများကိုသာ သားကောင်အဖြစ်ရွေးချယ်ခြင်းကို ပိုကြိုက်သည်၊ တခြားအချိန်များတွင် ငင်းကသူ့အချိန်တွေကိုတစ်ကောင်တည်း အေးအေးဆေးဆေးနှင့်အရိပ်ရှိသော အပေါက်ထဲတွင် ဘဝ၏အဓိပ္ပါယ်ကိုချင့်ချိန်နေရ ခြင်းကို ပိုပြီးနှစ်သက်သည်၊

ထိုရောမတောတွင်း အန်နာကွန်ဒါမြွေကလိုက်လံဖမ်းဆီးမှုမရှိတဲ့နောက် သူတို့အဖွဲ့က နောက်ဆုံးတော့ရပ်လိုက်ကြပြီး လေးလံကာ

## စာစဉ် ၄

အမောတကောဖြစ်နေတော့သည်၊ ကောင်းဖန်ကဘေးပတ်လည်ကိုလှည့်ကြည့်လိုက်ပြီး ကြာစေ့လေးနောက်ကိုလျှောချလိုက်သည်၊ ကြာစေ့လေးကကောင်းဖန်ကို မပျော်ရွှင်စွာနှင့်စိမ်းစိမ်းဝါးဝါးကြည့်လိုက်ပြီးနောက် ဘေးဘက်သို့ မြက်တချို့စားရန် ဖြေးဖြေးချင်းလျှောက်သွားလိုက်သည်၊

ရိုးရိုးသားသားပြောရရင်ကောင်းဖန်၏ခြေထောက်များသည် ယခုအထိဂျယ်လီကဲ့သို့ပင် ခံစားနေရသေးသည်။

သူကသူနဲ့ရှုယ်တူတွေထက် ပိုပြီးရဲရင့်ပေမယ့် အခုအထိ ထိုမြင်ကွင်းကိုစဉ်းစားကြည့်လျှင် သူ့ကျောရိုးအတွင်းထဲကပင် တုန်ခါနေသေးသည်၊

သေခြင်းတရားက သူတို့ကိုဖြတ်သန်းသွားခြင်းနှင့်တောင်တူသည်။

ရောမတောတွင်း အန်နာကွန်ဒါမြွေသည် ရတ်တရက်သူ၏အရသာကိုပြောင်းရန် ဒဏ်ရာရနေသည့်ရေညှိဟက်စကီးခွေးရူးအစာကိုမစားဘဲ အဲ့ဒီအစားချောမောတဲ့လူကိုစားဖို့ ရွေးလိုက်ရင်ရော?

# စာစဉ် ၄

ကောင်းဖန်သူ့မျက်နှာကိုထိလိုက်သည်၊ သူသာအဲ့လိုမျိုချခံလိုက်ရရင် အသက်ရှင်နေမယ်လို့မထင်ဘူး၊

သူက သူ့ကိုထိခိုက်စေမှုကို တာ့ဇီဆီသို့လွှဲပြောင်းနိုင်ပေမယ့် ထိုအန်ဒါကွန်မြွေသာ အကယ်၍မြို့ချလိုက်ရန် မလွတ်မြောက်နိုင်ပေ၊ တဖြည်းဖြည်းချည်ဖျက်နေသည့် အစာချေအရည်များသည် သူ့ကိုအန္တရာယ်ဖြစ်စေသည်၊

နောက်ဆုံးပျက်စီးမှုသည် အကန့်အသတ်တစ်ခုအထိရောက်ပြီး သူကငင်းတို့ကို တာ့ဇီဆီသို့မပို့နိုင်တော့လျှင် ထို့နောက်သူ၏အကုန်ကျန်ရှိသောအရာများသည် အရိုးများသာဖြစ်လိမ့်မည်၊ အကယ်၍အချိန်အလုံအလောက်ဖြတ်သွားနိုင်ပါက သူ၏ အရိုးများပင်လျှင် တမြည့်မြည့်ပျက်စီးသွားနိုင်သည်။

“ရောမတောတွင်း အန်နာကွန်ဒါမြွေက အခုနိုးကြားထကြွလာပြီ” စစ်သား ကပြင်းထန်သောလေသံနှင့်ပြောလိုက်သည်၊ “ဆာ, ကျွန်တော်တို့ အဲ့ဒီသန္ဓေပြောင်း အန်ဒါကွန်ဒါမြွေကို ဖယ်ရှားလိုက်ရမလား?”

# စာစဉ် ၄

“မလိုဘူး” မိုလ်မှူးက စိမ်းစိမ်းဝါးဝါးနှင့်မှန်ပြင်ကိုစိုက်ကြည့်နေသည်၊ ရောမတောတွင်း အန်နာကွန်ဒါမြွေက ပေါ့ပေါ့ပါးပါးပင်သစ်ပင်တစ်ချို့ကို စားပစ်လိုက်သည်၊ “ရောမတောတွင်း အန်နာကွန်ဒါမြွေက သဘာဝတရားအရ ညင်သာတဲ့အကောင်ဖြစ်ပြီးတော့ တိုက်ခိုက်မှုကိုအစပြုတဲ့အချိန်မှာ သူရဲ့တိုက်ခိုက်မှုစွမ်းအားကမပြင်းထန်ဘူး၊ ကျောင်းသားတွေအတွက် ကြီးမားတဲ့ခြိမ်းခြောက်မှုတော့မဟုတ်ဘူး၊ ဒီကောင်က သူတို့အတွက် နောက်ထပ်စမ်းသပ်မှုတစ်ခုဘဲ၊ အထက်တန်းကျောင်းစာမေးပွဲအတွက် ထူးခြားပြီးမျှော်လင့်ချက်ရှိတဲ့ကျောင်းသားတွေသာ ဒီတောအန်ဒါကွန်ဒါမြွေသားရဲကြီးကို သတ်နိုင်မှာဘဲ၊”

စစ်သားကစကားပြောတာကိုရပ်လိုက်သည်၊ သူကတိတ်ဆိတ်စွာနှင့်ကျောင်းသားတွေအတွက် စိတ်ပျက်သွားတော့သည်။

ခဏ္တနားပြီးနောက်မိုလ်မှူးကပြောလိုက်သည်, “ရွှေရောင်လင်းတ ကယ်ဆယ်ရေးအဖွဲ့ ကိုအသင့်ပြင်ထားလိုက်၊

## စာစဉ် ၄

အကယ်၍တစ်ယောက်ယောက်က အရေးပေါ်ကယ်ဆယ်ရေး ခလုတ်ကိုနှိပ်လိုက်ရင် ချက်ချင်းပြန်သွားကြ”

…

ထိုအချိန်ကောင်းဖန်နှင့်မုထျယ်ရင်းသည် ဘယ်ပလက်ဖောင်းတစ်ခုမျှမဆောက်ခဲ့ကြပေ၊ သူတို့ကရိုးရိုးတန်းတန်း မြေပြင်ပေါ်တွင်မြက်နုအချို့ကိုသာတင်ထားပြီး တဲ့ဇီနှင့်ကြာစေ့လေးဘေးတွင်သာအိပ်ခဲ့ကြသည်၊

တောအန်ဒါကွန်မြွေသားရဲနှင့်တွေ့ပြီးသည့်နောက် ကောင်းဖန်၏ကံဆိုးမှုအားလုံးကို အသုံးချလိုက်သောကြောင့် သူတို့ညတွင်နောက်ထပ်အခြားဘယ်သားရဲနှင့်မျှမတွေ့ပေ။

နံနက်မိုးလင်းသောအခါမှသာ ကောင်းဖန်နှင့်အခြားသူများက တိုက်ခိုက်မှုဖြစ်ပွားသော နေရာသို့ စွန့်စွန့်စားစားသွားရဲကြတော့သည်၊

သစ်ပင်များစွာကျိုးပဲ့နေကြပြီး မြေပေါ်သို့လဲကျနေကြသည်၊ ကျိုးပဲ့နေသောပင်စည် များ၏ပွတ်တိုက်ထားသောလက္ခဏာများကိုလည်းတွေ့ရသည်၊

# စာစဉ် ၄

“ဟမ်?” ကောင်းဖန်ကကျိုးပဲ့ကာ
လဲကျနေသောသစ်ပင်ကိုကြည့်လိုက်သည်၊ အဖြူရောင်
ရောင်ပြန်ဟပ်မှုရစ်သိုင်းနေသောတစ်ခုက သူ့အာရုံကိုဆွဲဆောင်နေသည်၊

***

စာစဉ် ၄ ပြီး၏။